
www.burmeseclassic.com



www.burmeseclassic.com

၉၉၅-၀၃
ပညာဒီပ
သူသတ်ကုန်း/ပညာဒီပ။ - ရန်ကုန်၊
အောင်မြင်စာပေ၊ ၂၀၁၂။
၁၆၀ - စာ၊ ၁၃-၅ × ၂၁ စင်တီ။
(၁) ပညာဒီပ



စာမူခွင့်ပြုချက်အမှတ် ၅၀၀၅၅၉၀၅၁၁၊ မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၀၇၆၈၀၉၁၁၊
ထုတ်ဝေသူ ။ ။ ဦးအောင်မြင့်၊ အမှတ်(၇)၊ သီတာလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်မြို့။
အတွင်းနှင့်မျက်နှာဖုံးပုံနှိပ် ။ ။ ဦးအောင်မြင့်၊ အောင်မြင်ပုံနှိပ်တိုက်၊ သုဝဏ္ဏ၊ ရန်ကုန်မြို့။
ဖြန့်ချိရေး ။ ။ အောင်မြင်စာပေ၊ အမှတ်(၁)၊ အောင်ဘာလေလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်မြို့
၅၄၁၇၄၅၊ ၅၅၂၀၃၊ ၀၉ ၅၀ ၂၀၃၅၄ ။
ပထမအကြိမ် - ၂၀၁၂ ခုနှစ်၊ (ဖေဖော်ဝါရီလ)၊
အုပ်ရေ(၅၀၀)၊ တန်ဖိုး(၂၀၀)ကျပ်

# ( ဒဿနလက်ဆောင် )

စိတ်ခံစားမှုတွေထဲမှာ...
ချစ်ခြင်းမေတ္တာ...မျှော်လင့်ချက်နဲ့
အမျက်ဒေါသ အာဃာတတရားဟာ
ကြောက်စရာအကောင်းဆုံးနဲ့ အပြင်းထန်ဆုံး ဖြစ်ပါတယ်။
ထိန်းသိမ်းမှု မရှိရင်
တစ်ခုနှင့်တစ်ခု ရောထွေးသွားတတ်ပါတယ်။

မိမိစိတ်ထဲမှာ...
အတတ်ပညာတွေ အများကြီး ရှိနေတာ ကောင်းပါတယ်။
ဒါပေမယ့် အဲသည်အထဲက...
အတတ်ပညာတစ်ခုကို ထုတ်သုံးနိုင်ခြင်းက ပိုကောင်းပါတယ်။

BURMESE CLASSIC .com

မျှော်လင့်ချက်ဆိုတာ
ရှေ့ကို ခြေတစ်လှမ်း တိုးလျှောက်ရုံနှင့်တော့
တွေ့ရမှာ မဟုတ်ပါဘူး
ခြေလှမ်းပေါင်းများစွာ လျှောက်နေမှသာ
တစ်နေ့ကျလျှင် မလွဲမသွေ...
မျှော်လင့်ချက်ရောင်ခြည်ကို တွေ့ရနိုင်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

# ( ဒဿနလက်ဆောင် )

❀ ချစ်သူအတွက်
စကားလုံးအများကြီး ရွေးစရာမလိုပါဘူး။
"ချစ်တယ်" ဆိုရုံနဲ့ လုံလောက်ပါတယ်။
ဒါပေမယ့် အဲဒီစကားနှစ်လုံးကို
တာဝန်ယူရတာတွေကတော့
အတော်ကလေး များပါတယ်...

❀ လောကမှာ အားကိုးရမယ့်သူကို လိုက်ရှာရင်း
နောက်ဆုံးမှာတော့...
သွားချင်တဲ့နေရာ လိုက်ပို့ပေးနေရတဲ့
မိမိခြေထောက်နှစ်ချောင်းကိုသာ တွေ့ရပါလိမ့်မည်။

❀ အမြင့်မားဆုံး ချစ်ခြင်းမေတ္တာဆိုတာ
အမြတ်တနိုး သိမ်းဆည်းထားရာမှ
ကျေနပ်သည်ဖြစ်စေ...
မကျေနပ်သည်ဖြစ်စေ...
ပေးကမ်းစွန့်လွှတ်လိုက်ရသော ပီတိဖြစ်သည်။

# ( ဒဿနလက်ဆောင် )

❀ လောကမှာ ရူးသွပ်မှု အမျိုးမျိုး ရှိပါတယ်။
ဒီရူးသွပ်မှုတွေကို ဝေဖန်ပိုင်းခြားဖို့
ကိုယ်ပိုင်အတွေးအခေါ် ရှိရပါမယ်။
မဟုတ်ရင် သူများရူးသလို ရူးရလိမ့်မယ်။

❀ စိတ်ဖိစီးမှုဒဏ်ကို
အနာဂတ်ရည်မှန်းချက် ပျက်ခဲ့သူတွေ ခံရပါတယ်။
ရည်မှန်းချက်အတွက်
အောင်မြင်မှုတစ်ခု ရရှိသွားတော့လည်း
စိတ်ဖိစီးမှုတွေဟာ
အလိုလို ပျောက်ကွယ်သွားလေ့ရှိကြပါတယ်။

❀ ကံဆိုးခြင်းတွေ အလုံးအရင်းနဲ့ လာတတ်ပါတယ်။
တံခါးပိတ်ထားလိုက်ပါ။
ကံကောင်းခြင်းကတော့...
တစ်ယောက်တည်း တိတ်တဆိတ် လာလေ့ရှိပါတယ်။
သူလာတာကို သိနိုင်အောင်လို့
တံခါးဖွင့်ပေးထားပါ...

www.burmeseclassic.com

www.burmeseclassic.com

# ( ဒဿနလက်ဆောင် )

❁ မျှော်လင့်ရမယ့်အရာမှန်သမျှ
တစ်နေရာမှာ ရှိနေပြီးသားပါ
ဘယ်နေရာမှာ ရှိတယ်ဆိုတာ သိအောင်တော့
သင့်ဘက်က ကြိုးစားပေးရမှာပေါ့။

❁ အချစ်ဆိုတာ
ကောင်းယူရှုရသည်ဖြစ်စေ
မကောင်းဘဲ ရသည်ဖြစ်စေ ကောင်းပါတယ်။
ဒါပေမယ့် မကောင်းဘဲ ရရင်တော့
သံသယစိတ်က နောင့်ယှက်လေ့ရှိပါတယ်။

❁ နှစ်ဦးသဘောတူ မချစ်သေးခင်
သူ့အလှကို ကြည့်ဖို့ မျက်စိဖွင့်ထားခြင်းထက်
သူ့အကြောင်းသိဖို့ နားစွင့်ကြည့်တာ ပိုကောင်းပါတယ်။
လက်ထပ်ပြီးရင်တော့...
ထိုအရာများထက် နားလည်ခွင့်လွှတ်ပေးဖို့သာ ကြိုးစားပါ།

BURMESE CLASSIC .com


# ဤဝတ္ထုတွင် ပါဝင်သောအခန်းများ


အခန်း(၁) သူသတ်ကုန်းမှလိုက်လာသောသရဲ
အခန်း(၂) နတ်စင်ကုန်းမှာသေဆုံးခဲ့ရသူ
အခန်း(၃) တောနက်ထဲမှမိစ္ဆာကျောက်ဂူ
အခန်း(၄) ထူးဆန်းစွာသေဆုံးကြသည့်အပျိုများ
အခန်း(၅) လောကဝက်ပါထဲမှလှည့်စားမှုများ
အခန်း(၆) မိစ္ဆာသားကောင်ဘဝရောက်ခဲ့ရသူ
အခန်း(၇) ဝိညာဉ်ခေါ်သောလိပ်ပြာနက်
အခန်း(၈) လိပ်ပြာနက်နှင့်ပန်းစားဘီလူး
အခန်း(၉) ဘဝမလှခဲ့သောချစ်သူတို့ဘဝ
အခန်း(၁၀) ဦးဝန်ကောင်းနှင့် အစွမ်းထက်သည့်
ပဉ္စလက်ဓါတ်ပညာ
အခန်း(၁၁) မြွေဖမ်းသွားရင်းမင်္ဂလာဆောင်ပေးခဲ့ရသူ
အခန်း(၁၂) ကျောက်ဂူထဲသို့ဝင်လာသောလိပ်ပြာ
အခန်း(၁၃) တစ်ကျော့ပြန်လာသောမိစ္ဆာကျောက်ဂူ
အခန်း(၁၄) သူသတ်ကုန်းမှသီဂီရအလှ


www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁)

# သူသတ်ကုန်းမှ လိုက်လာသောသရဲ

သူသတ်ကုန်း. . .

နာမည်ကတော့ ကြားရရုံနှင့်ပင် ကြောက်စရာကောင်းလှသည်။ သူသတ်ကုန်းပဲခေါ်ခေါ်၊ လူသတ်ကုန်းပဲခေါ်ခေါ် ဒါမှမဟုတ် ကားစင်တင်သည့် 'ကားစင်ကုန်း' ဟုပင်ခေါ်ခေါ် ထိုအမည်မှာ မနှစ်မြို့စရာကောင်းသော အမည်တစ်ခုပင်ဖြစ်ပေသည်။

ရှေးဘုရင်များလက်ထက်က ရာဇဝတ်သားများကို ကွပ်မျက်သော သူသတ်ကုန်းမှာ သီးသန့်ရှိသည်။ တောင်ထိပ်တစ်ခု သို့မဟုတ် တောင်ကုန်းတစ်ခုပေါ်မှာ ရှိပြီး နေဝင်သည်ကို လှမ်းမြင်နိုင်သောနေရာ



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။

ရှင်ဘုရင်က အပြစ်ရှိသော ရာဇဝတ်သားများကို အပြစ်ပေးရာတွင် 'တောင်စွယ် နေကွယ်လျှင် သုတ်သင်သတ်ဖြတ်စေ' ဟု အမိန့်ပေးလိုက်သည်။

ထိုအခါ ပါးကွက်အာဏာသားများက ရာဇဝတ်သားကို လက်ပြန် ကြိုးတုပ်ပြီး သူသတ်ကုန်းသို့ ခေါ်ဆောင်သွားသည်။

ပါးကွက်အာဏာသားများက ရာဇဝတ်သားအား မည်သည့်အချိန်ရောက်လျှင် သတ်ဖြတ်ရမည်ကို သိကြသည်။ သူတို့မှာ နာရီမရှိသော်လည်း တောင်စွယ်မှာ နေကွယ်သွားလျှင်(နေဝင်သွားချိန်) သတ်ဖြတ်ရမည်ကို သိကြလေသည်။

ရာဇဝတ်သားကို စီရင်ရာ၌ အခြားနည်းများဖြင့် မဟုတ်ဘဲ ဓါးဖြင့် ခုတ်သတ်ရမည်ဖြစ်ရာ နေကွယ်သွားသည်နှင့် ရာဇဝတ်သား၏ လည်ဂုတ်ကို ဓါးဖြင့် တစ်ချက်တည်းနှင့် ပြတ်အောင် ခုတ်ပိုင်းရသည်။ လူသတ်သမားတို့ထုံးစံအရ ရာဇဝတ်သားကို သတ်ရာတွင် ဓါးတစ်ချက်တည်းနှင့် အပြီးသုတ်သင်ရသည်။ တစ်ချက်ခုတ်၍ မပြတ်သဖြင့် နောက်တစ်ချက် ထပ်ခုတ်ရသည်မျိုး မရှိစေရပေ။

ထိုသို့ခုတ်ရလျှင် သူသတ်ကုန်း ခိုက်သည်ဟု အယူရှိကြသည်။

သုသာန်မှ တလားခေါက်သံကြားလျှင် သုသာန်ခိုက်သည်ဟု အယူရှိပြီး လူများ တစ်ယောက်ပြီးတစ်ယောက် သေကာ အဆက်မပြတ် လာရောက်မြှုပ်နှံကြရသည်။

အမှန်တော့ သုသာန်ခိုက်သည်ဆိုသော ဖြစ်ရပ်မျိုးမှာ ခေါင်းတလားကို လူအရိုးဖြင့် 'တဒုံဒုံ' မြည်အောင် ခေါက်ပါက အနီးပတ်ဝန်းကျင်မှာ ရှိကြသော သရဲသဘက် ဖုတ် ပြိတ္တာ ဘီလူး စသော မကောင်းဆိုးဝါးတို့က ၎င်းတို့ကို ခေါ်သည်ဟု အထင်ရှိကာ ထိုအသံကြားရာသို့





လာရောက်ကြသည်။

ထိုနေရာမှတဆင့် ရွာထဲသို့ ဝင်ကာ ကြောက်လန့်နေသောလူများကို ဖမ်းစားကြသဖြင့် လူအတော်များများ သေကြေပျက်စီးကြခြင်းဖြစ်ပေသည်။

သူသတ်ကုန်း ခိုက်သည်ဆိုသော အယူအဆမှာလည်း ထိုကဲ့သို့သော အယူအဆမျိုးပင်ဖြစ်သည်။

သတ်ရမည့်သူကို ဓါးဖြင့် တစ်ချက်တည်း ခုတ်၍မပြတ်ပါက နှစ်ချက်ခုတ်ရလျှင် နောက်ထပ်နှစ်ယောက် ရောက်လာတတ်သည်။

အကယ်၍ သုံးချက်ခုတ်ရပါက နောက်ထပ် ရာဇဝတ်သားသုံးယောက် ထပ်ရောက်လာကြသည်ဟု အယူအစွဲမျိုး ရှိကြလေသည်။

တကယ်တော့ ပါးကွက်အာဏာသား တာဝန်မှာ မည်သူမှ မလုပ်ချင်သော မလုပ်ချင်ကြသည့် တာဝန်မျိုးပင်ဖြစ်၏။ ဘုရင့်အမိန့်တော်ဖြင့် တာဝန်ပေး စေခိုင်းထားသောကြောင့်သာ မလွှဲမရှောင်သာဖြင့် လုပ်ကိုင်နေကြရခြင်းဖြစ်ပေသည်။

အဘယ်ကြောင့်ဆိုသော် . . .

သူတို့ သတ်ရမည့်သူများမှာ အကြောင်းကြောင်းကြောင့် ရာဇဝတ်သားဘဝ ရောက်နေကြသော်လည်း သူတို့နှင့် ရန်သူများ မဟုတ်ပေ။

ရန်ငြိုးရန်စ ရှိသဖြင့် မုန်းတီးနေကြသူများလည်း မဟုတ်ကြပေ။

ထို့ပြင် ကြိုးတုပ်ခံထားရပြီး လည်စင်းပေးရသူများကို ဓါးဖြင့် ခုတ်သတ်ရသောအလုပ်မျိုးကို မည်သူကမှ ဝမ်းသာအားရ လုပ်ချင်ကြမည် မဟုတ်ပေ။

သို့သော်လည်း ဘုရင်က စေခိုင်းထားသောကြောင့်သာ မလွှဲ

www.burmeseclassic.com



သာသဖြင့် လုပ်ကိုင်နေကြရခြင်းဖြစ်သည်။ မျက်နှာဖြူများ အုပ်ချုပ်နေသော ကာလနှင့် နောက်ပိုင်းတွင် ကြိုးမိန့်အပြစ်ဒဏ်များ ချမှတ်လေရာ ကြိုးစင်ကို ဒေါက်ဖြုတ်ရသူတို့လည်း ထိုအတိုင်းပင် ရှိကြကြောင်း ကြိုးသမားတစ်ယောက်၏မှတ်တမ်းစာတွင် ဖတ်ခဲ့ဖူးပေသည်။

ပါးကွက်အာဏာသားများမှာ တာဝန်အရ လူသတ်ကြရသော်လည်း သူသတ်ကုန်း မခိုက်အောင်တော့ များစွာဂရုစိုက်ကြရသည်။

ရာဇဝတ်သား၏လည်ဂုတ်ကို ဓားဖြင့် ခုတ်သည့်အခါ တစ်ချက်တည်းနှင့် ပြတ်အောင်ခုတ်ဖြတ်ရသည်။

အရိုးရောအသားပါ တိကနဲ ပြတ်ကျသွားအောင် ကြိုးစားခုတ်ကြရသည်။

ထိုသို့ခုတ်နိုင်ရန်အတွက် အသုံးပြုသောဓားကောင်းဖို့ လိုသည်၊ ပြတ်ဖို့ လိုသည်။

ရာဇဝတ်သားတစ်ယောက်ကို သတ်ဖြတ်ရကာနီးတွင် သူသတ်ကုန်းမှာ အဆင်သင့် ထားသော ကျောက်ဖြင့် ဓားကို ထက်နေအောင် သွေးရသည်။

ထိုဓားသွားမှာ သင်စုန်းဓားသွားတမျှ အသွားထက်လှသောကြောင့် လူအသား မဆိုထားနှင့်၊ ဆံပင်ရိတ်လျှင်ပင် တိကနဲ ပြတ်ကျသွားနိုင်သည်။

ထိုဓားသွေးသံကို ကြားနေရသော ရာဇဝတ်သား၏ခံစားမှုမျိုးကိုတော့ ဖော်ပြရန် မသင့်တော့ပြီ။ မျက်နှာကို အဝတ်ဖြင့် စည်းထားသော်လည်း 'တရှဲရှဲ' ဖြင့် ဓားသွေးနေသံ ကြားနေရကတည်းက သူ့ကို ဘာလုပ်တော့မည်ကို သိနေသူတစ်ယောက်၏ရင်ထဲမှ ကြောက်ရွံ့မှုမျိုးကိုတော့ ရေးပြရန်ပင် မလိုတော့ပါချေ။

ပါးကွက်အာဏာသားများက ရာဇဝတ်သားကို သတ်သင်





သတ်ဖြတ်ပြီးပါက သွေးကို လက်ဖြင့် တို့ယူပြီး စတိသဘောမျိုး သောက်ရသည်။

ထိုမှသာ သေသူ၏ဝိညာဉ်က သူတို့ကို မနှောင့်ယှက်နိုင်မည်ဟု ယူဆထားသောကြောင့်ဖြစ်သည်။ ထိုအချက်များက သူသတ်ကုန်းနှင့် ပတ်သက်သည့်အကြောင်းအရာအချို့ပင်ဖြစ်သည်။

ယခုရေးသားမည့် သူသတ်ကုန်းဆိုသောနေရာမှာ အခြား နေရာတော့ မဟုတ်ပေ။

ဧရာဝတီတိုင်း(ယခု ဧရာဝတီတိုင်းဒေသကြီး)အတွင်းမှာ ရှိသော အနောက်ရိုးမဟု ခေါ်သော ရခိုင်ရိုးမ တောင်တန်း၏တစ်နေရာ၌ ရှိပေသည်။

ရခိုင်ရိုးမ တောင်စွယ်တောင်တန်းတို့မှာ ချင်းပြည်နယ်ရှိ တောင်စွယ်တောင်တန်းများနှင့် တဆက်တစပ်တည်းရှိကြပြီး မြန်မာနိုင်ငံ အနောက်ဘက် နယ်နိမိတ်တလျှောက်တွင် တံတိုင်းကြီးများ သဖွယ် ကာရံထားသောကြောင့် အနောက်ရိုးမ တောင်တန်းဟုလည်း ခေါ်ဝေါ်ကြလေသည်။

ချင်းပြည်နယ်မှ အစပြုကာ သွယ်တန်းလာခဲ့သော အနောက်ရိုးမတောင်တန်းကြီးမှာ တောင်ဘက်ပိုင်း ပင်လယ်ကမ်းခြေ၌ ရှိသော မော်တင်စွန်းစေတီတော် တည်ရှိသည့် နဂါးရာဇ်(နေဂရေ့အငူ)အငူ ရောက်သောအခါ တောင်နှာမောင်း ဆင်းသွားပြီး အဆုံးသတ်သွားလေတော့သည်။

ယခုရေးသားမည့် သူသတ်ကုန်း ရှိသောနေရာမှာ အနောက်ရိုးမတောင်တန်းကြီး၏အနောက်ဘက်မှာ ရှိသော တောင်ညိုရွာနှင့် မနီးမဝေး ရှိသည်။ တောင်ညိုရွာသည် အနောက်ဘက်တွင် ပင်လယ်ကမ်းခြေရှိပြီး အရှေ့ဘက်တွင် ရခိုင်ရိုးမတောင်တန်းနှင့် သစ်တောကြီး



www.burmeseclassic.com

www.burmeseclassic.com



များက ကာဆီးထားလေသည်။

တောင်ညိုရွာသည် ပင်လယ်နှင့်လည်းနီး၊ ရခိုင်ရိုးမနှင့်လည်း နီးသည့်အပြင် လယ်မြေစိုက်ပျိုးရန် မြေကွက်များစွာတို့ ရှိသောကြောင့် မှီခိုနေထိုင်သူတို့အတွက် လုပ်ကိုင်စားသောက်ရန် လုပ်ငန်းပေါသောကြောင့် အဆင်ပြေသောနေရာတစ်ခုလည်း ဖြစ်ပေသည်။

လယ်ယာစိုက်ပျိုးသူ၊ ယာခင်းလုပ်သူများ၊ အုန်းခြံစိုက်ပျိုးသူများ၊ အခြား သရက်၊ ပိန္နဲ ဒညင်းစိုက်သူများ၊ ပင်လယ်ထွက်၍ ငါးရှာသူများ၊ တောတက်ပြီး သစ်ခုတ်သူများ၊ အမဲလိုက်သူတို့ စုဝေးနေထိုင်ကြသော ရှေးဟောင်းရွာကြီးတစ်ရွာလည်း ဖြစ်ပေသည်။

လွတ်လပ်ရေး မရခင်အချိန်ကာလများက ယခုအခါကဲ့သို့ လမ်းပန်းဆက်သွယ်ရေး မကောင်းသေးသောကြောင့် ရိုးမတောင်၏ အနောက်ဘက်ခြမ်းတွင် သီးခြားတည်ရှိနေသော ရွာတစ်ရွာလည်းဖြစ်သည်။

ထိုရွာမှ အနီးဆုံး အရောက်သွားနိုင်သောမြို့မှာ ရိုးမအရှေ့ဘက်မှာ ရှိသော ပုသိမ်မြို့ဖြစ်ပြီး ခရီးဝေးသောကြောင့် တော်ရုံနှင့် မသွားကြပေ။

ထိုရွာမှာ သူကြီးအုပ်ချုပ်မှုလက်အောက်မှာ ရှိပြီး အများအားဖြင့်တော့ လက်နက်ကိုင် တောတွင်းသောင်းကျန်းသူများ၏ မင်းမူခြင်းကို ခံနေရသည့် ရွာတစ်ရွာလည်းဖြစ်သည်။

မြန်မာနိုင်ငံတွင် လွတ်လပ်ရေး ရပြီးစ (၁၉၄၈)ခုနှစ်နောက်ပိုင်း ရောင်စုံသောင်းကျန်းသူ သုံးလေးမျိုးလောက် ပေါ်ပေါက်လာခဲ့သည်။

ထိုသောင်းကျန်းသူတို့ နှိပ်စက်သမျှကို မြို့နှင့် အလှမ်းဝေးသော ကျေးရွာများမှာ နေထိုင်ကြသူများမှာ ခေါင်းငုံ့ခံကြရလေသည်။





ထိုအထဲမှာ တောင်ညိုရွာလည်း အပါအဝင်ဖြစ်သည်။

သောင်းကျန်းသူများက ၎င်းတို့အလိုဆန္ဒ မပြည့်ပါက အပြစ်မရှိသောလူများကိုပင် ရက်ရက်စက်စက် သတ်ပစ်ကြသည်။

ထိုသို့သတ်ရာမှာ သေနတ်ဖြင့် ပစ်သတ်ခြင်းမဟုတ်ဘဲ တုတ်ဖြင့် ရိုက်သတ်ခြင်း၊ ဓားဖြင့် ခုတ်ခြင်း၊ ဝါးချွန်ဖြင့် ထိုးသတ်ခြင်းများ အသုံးပြုကြသည်။

တောင်ညိုရွာမှ လူများကို သတ်တော့မည်ဆိုပါက ရွာထဲမှာ မသတ်ဘဲ ရွာနှင့် မနီးမဝေးမှာ ရှိသော တောင်ကုန်းတစ်ခုသို့ ကြိုးတုပ်ခေါ်သွားပြီး ထိုနေရာရောက်တော့မှ အထက်ပါ နည်းများဖြင့် သတ်ပစ်ကြခြင်းဖြစ်၏။

နောက်ပိုင်းမှာတော့ သောင်းကျန်းသူများက ၎င်းတို့ အလိုရှိသော စားနပ်ရိက္ခာနှင့် ဆက်ကြေးငွေများ မရပါက စာဖြင့် ရေးပြီး ကြိမ်းမောင်းစာပို့ကြသည်။

"ငါတို့ လိုချင်တာတွေ မရရင် တစ်ရွာလုံး 'သူသတ်ကုန်း' ပို့ပစ်မယ်"

ထိုနောက်ပိုင်းမှာတော့ တောင်ညိုရွာနှင့် သူသတ်ကုန်း ဆိုသောအမည်မှာ ထိုနယ်တစ်ဝိုက်မှ လူများအတွက် ဆက်စပ်မှုရှိသော နာမည်များဖြစ်လာကြသည်၊

သူသတ်ကုန်းနေရာ၏နာမည်ကြီးရခြင်း အကြောင်းရင်းများထဲတွင် သရဲခြောက်ခြင်းလည်း တစ်မျိုးအပါအဝင် ဖြစ်ပေသည်။

နေဝင်ရီတရောအချိန်ရောက်သည်နှင့် သူသတ်ကုန်း ရှိရာဘက်သို့ မည်သူမှ မသွားလာဝံ့တော့ပေ။

အချို့ မလွဲမရှောင်သာဖြင့် ရောက်သွားကြသူများမှာလည်း ထိုနေရာမှာ ရှိနေသော တစ္ဆေသရဲများ၏နည်းအမျိုးမျိုးဖြင့် ခြောက်လှန့်



www.burmeseclassic.com

www.burmeseclassic.com

ခြင်း ခံရလေသည်။

ညအချိန်ရောက်လာသောအခါ ထိုတောင်ကုန်းရှိရာဘက်မှ စူးစူးဝါးဝါးအော်ဟစ်သံများ ကြားကြရသည်။

"ကြောက်ပါပြီဗျာ. . . မသတ်ပါနဲ့၊ ကျွန်တော့်အသက်ကို မသတ်ပါနဲ့"

"အမယ်လေး. . . သေပါပြီဗျာ. . . ကယ်ကြပါဦး"

ဟူသော အော်ဟစ်သံများအပြင် စူးစူးဝါးဝါးအော်သံများ ကြားကြရသည်။

အချို့လည်း အချိန်မတော်မှ ထိုနေရာမှ ဖြတ်ပြန်လာကြသူများ၊ ကျွဲပျောက်နွားပျောက် ရှာသူများမှာ အမှောင်ရိပ်သမ်းနေသော တောင်ကုန်းပေါ်တွင် သွားလာလှုပ်ရှားနေသော မည်းမည်းသဏ္ဌာန်များကို တွေ့ကြရသည်။

ထိုမျှသာ မကသေးဘဲ ကြောက်မက်ဖွယ်ရာကောင်းသော ပုံပန်းသဏ္ဌာန်အမျိုးမျိုးဖြင့် ဆင်းလိုက်သဖြင့် ထွက်ပြေးကြရသူများလည်း ရှိသည်။

တစ်ခါက ဝါးဖြူတောင်ဘက်မှ ဆင်းလာသောလူတစ်ယောက်မှာ နေဝင်ရီတရောအချိန်ရောက်မှ ထိုနေရာသို့ ရောက်လာသည်။

ထိုလူမှာ တောင်ညိုရွာမှ သူသတ်ကုန်းအကြောင်းကို သတင်းသဲ့သဲ့သာ ကြားဖူးသော်လည်း မည်သည့်နေရာမှာ ရှိမှန်း မသိပေ။ သူ၏ဦးတည်ချက်က တောင်ညိုရွာမှာ ရှိသော မိတ်ဆွေတစ်ဦးထံသို့ လာခဲ့ခြင်းဖြစ်ပြီး နေဝင်ကာနီးအချိန်ရောက်မှ ထိုနေရာသို့ ရောက်လာခဲ့ခြင်းဖြစ်၏။ သူ၏အမည်မှာ ဘဇံဖြစ်ပြီး သတ္တိမခေသူတစ်ယောက်ဖြစ်သည်။

ကရင်အမျိုးသားတစ်ဦးဖြစ်ပြီး တောတွင်း လက်နက်ကိုင်များ





နှင့် အဆက်အသွယ်ရှိသူလည်းဖြစ်သည်။ တောတောင်ထဲမှာ တစ်ယောက်တည်း သွားလာခဲ့သူတစ်ယောက် ဖြစ်သောကြောင့်လည်း ကြောက်ရွံ့မှုတော့ သိပ်မရှိလှပေ။

ဘဇံမှာ လက်နက်အဖြစ် ငှက်ကြီးတောင်ဓားတစ်လက် ပါလာသည်။ ထိုဓားကို ဓားအိမ်မှာ ထည့်ကာ လွယ်လာလေသည်၊ သူသတ်ကုန်းနေရာ ရောက်လာတော့ မှောင်စပျိုးနေသောအချိန် ရောက်နေလေပြီ။

"တောင်ညိုရွာနဲ့တော့ နီးလာပြီ၊ ဒီရွာနားမှာ သူသတ်ကုန်းရှိတယ်လို့တော့ ကြားဖူးတယ်၊ ဘယ်နေရာမှာလဲတော့ မသိဘူး၊ သရဲခြောက်တယ်လို့တော့ နာမည်အတော်ကြီးတယ်"

ဟု လမ်းလျှောက်ရင်း တွေးလာလေသည်။ တစ်နေရာ ရောက်သောအခါ တောင်ကုန်းတစ်ခုပေါ်မှ အော်ဟစ်အကူအညီတောင်းသံများ ကြားလာရသည်၊

"ကယ်ကြပါရှင်. . . ကယ်တော်မူကြပါ၊ ကျွန်မကို သတ်နေကြပါတယ်"

ဘဇံက အသံကြားရာ တောင်ကုန်းဘက်သို့ လှမ်းကြည့်သော်လည်း အမှောင်ရိပ်များကြောင့် ဘာမှတော့ မမြင်ရပေ။ နောက်တစ်ကြိမ် အော်သံများက စူးစူးဝါးဝါး ပေါ်ထွက်လာပြန်လေသည်။

"ကယ်ကြပါဦးရှင်. . . ကျွန်မကို သတ်နေကြပါတယ်၊ လည်ပင်းပြတ်ပြီး သေရပါတော့မယ်"

"အား. . . သေပါပြီ"

ဟူသောအသံများကို အတိုင်းသား ကြားရလေသည်။ ထိုအသံများ ကြားသောအခါ ကျောထဲမှာ စိမ့်တက်လာသလို ဖြစ်လာသောကြောင့် ထွေထွေထူးထူး စဉ်းစားမနေတော့ဘဲ ခြေလှမ်းခပ်သွက်သွက်



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် ထိုနေရာမှ ထွက်ခဲ့လေသည်။ ထိုသို့ သွားနေစဉ် လမ်းကွေ့တစ်နေ
ရာ ရောက်တော့ သူ့ရှေ့မှ သွားနေသော ခေါင်းပေါ်မှာ တဘက်တ
ထည် ခြုံထားသော အမျိုးသမီးတစ်ယောက်ကို လှမ်းမြင်ရသဖြင့် အာ
ရှိသွားလေသည်။

"တော်ပါသေးရဲ့. . . ဟိုမှာ ခရီးသွားဖော်တစ်ယောက် တွေ့
လို့၊ သူလည်း တောင်ညိုရွာဘက် သွားမှာထင်တယ်"

ဟု တွေးကာ ခြေလှမ်းခပ်သွက်သွက်ဖြင့် လျှောက်သွား
မနီးမဝေး ရောက်သွားသည်။

"ဒီမှာ. . . ဒီမှာ. . . ခင်ဗျား ဘယ်သွားမှာလဲဗျ"

"တောင်ညိုရွာကပါရှင်. . . တောင်ညိုရွာကိုပဲ သွားမှာပါ"

"အတော်ပဲဗျာ. . ကျုပ်လည်း တောင်ညိုရွာကို သွားမလို့ပါ
လိုက်ခဲ့ပါရစေ"

"လိုက်ခဲ့ပေါ့ရှင်"

ဘဇံက အနည်းငယ် အားရှိသွားပြီး ခြေလှမ်းသွက်သွက်ဖြ
လျှောက်သွားရာ ဘေးချင်းယှဉ်လျက် အနေအထားသို့ ရောက်သွ
လေသည်။

သို့သော် ပုဝါခြုံထားသောကြောင့် မျက်နှာကိုတော့ မမြင
သေးပေ။

"ဒါထက် ဒီအချိန်မျိုးမှာ ခင်ဗျားတစ်ယောက်တည်း ခရီးသွ
တာ မကြောက်ဘူးလား၊ ဒီရွာနားမှာ သရဲခြောက်တာ ကြမ်းတဲ့ သူသ
ကုန်းဆိုလား လူသတ်ကုန်းဆိုလား ရှိတယ်ဆို"

"ဟုတ်ပါတယ်"

"ဒါနဲ့များဗျာ. . . ဒီအချိန်မျိုးရောက်မှ တစ်ယောက်တည
သွားလာရတယ်လို့၊ ခင်ဗျားမကြောက်ဘူးလား"





"မကြောက်ပါဘူးရှင်. . . ဒီနေရာတွေက ကျွန်မတို့ ငယ်ငယ်
ကတည်းက သွားလာနေကြတဲ့နေရာတွေပဲ၊ အိမ်က နွားပျောက်လို့
လိုက်ရှာပြီး ပြန်လာတာပါ"

ဟု ပြောရင်း ဆက်လျှောက်သည်။

စကားတပြောပြောနှင့် လျှောက်လာရာ တောစပ်နားသို့
ရောက်လာသည်။

ရွာဘက်သွားသောလမ်းမှာ တောစပ်မှ ဖြတ်ဖောက်ထားသော
လမ်းဖြစ်သည်။

ထိုနေရာရောက်တော့ အမျိုးသမီးက မေးသည်။

"ရှင်ကရော ဘယ်ရွာက လာတာလဲ၊ ဒီနေရာ ဒီလောက်ကြမ်း
မှန်း သိပါရက်နဲ့ တစ်ယောက်တည်း လာတာ မကြောက်ဘူးလား"

"ကျုပ်က ဝါးဖြူတောင်ဘက်က ဆင်းလာတာပါ၊ တစ်ယောက်
တည်း လာတယ်ဆိုပေမယ့် တချွေသရဲတော့ သိပ်မကြောက်လှပါဘူး"

"မကြောက်ဘူးဆိုတာ ကြောက်စရာကောင်းတာမျိုးနဲ့ တကယ်
မတွေ့သေးလို့ ဖြစ်မှာပေါ့ရှင်"

ထိုစကားကြောင့် နည်းနည်းတော့ အံ့ဩသွားသည်။

"ခင်ဗျားရော ကြောက်စရာကောင်းတာမျိုးနဲ့ တွေ့ခဲ့ဖူးလို့လား"

"တွေ့ဖူးတာပေါ့ရှင်. . . စောစောကတင် သူသတ်ကုန်းပေါ်
မှာ မကောင်းဆိုးဝါးနဲ့ တွေ့ခဲ့လို့ လည်ပင်းပြတ်ခဲ့ရပြီ"

"ဟင်. . ."

"ရှင်က ကျွန်မ ပြောတာ မယုံလို့လား. . . ဒီမှာကြည့်လေ"

ဟု ပြောပြီး ခေါင်းပေါ်မှာ ခြုံထားသောပုဝါကို ဖယ်ပြလေ
သည်။

"ဟာ. . ."



www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီး၏လည်ပင်းမှာ သွေးများ ရဲနေပြီး လည်ပင်း အလယ်နေရာမှ ဖြတ်ထားသောကြောင့် ပြတ်လုပြတ်ခင် အနေအထား ဖြစ်နေသည်။

အထဲမှ လည်ချောင်းရိုးကိုပင် အတိုင်းသား မြင်နေရသည်။ ပထမတော့ ထိုဦးခေါင်းပြတ်ကို ပုဝါဖြင့် ထိန်းစည်းထားသောကြောင့် မသိသာသော်လည်း ပုဝါကို ဖယ်လိုက်သောအခါ ခေါင်းက တလှုပ်လှုပ် ဖြစ်နေသည်။

"ဟင်. . . ခင်. . . ခင်ဗျား. . . သ. . သရဲပဲ"

ဟု အော်ကာ ထိုနေရာမှ ထွက်ပြေးလေသည်။

သို့သော်လည်း မလွတ်တော့ပေ။ သူပြေးမည့်လမ်းပေါ်မှာ ထို အမျိုးသမီးက ရောက်နှင့်နေသည်။

ယခုတစ်ခါ တွေ့သောအခါ စောစောကကဲ့သို့ မဟုတ်တော့ ဘဲ ကြောက်စရာကောင်းသော ပုံပန်းသဏ္ဌာန်မျိုး ဖြစ်နေချေပြီ။ ကိုယ် လုံးက ပုံပန်းသဏ္ဌာန် ပျက်နေပြီး ဦးခေါင်းက ကိုယ်နှင့် မမျှအောင် ကြီးနေသည်။

လည်ပင်းက ပြတ်လုပြတ်ခင် ဖြစ်နေသောကြောင့် ကြီးမား သော ဦးခေါင်းကြီးက တလှုပ်လှုပ်နှင့် ပြုတ်ကျတော့မည်ကဲ့သို့ ဖြစ်နေ သည်။

စောစောက တွေ့ရသကဲ့သို့ မဟုတ်တော့။ မျက်လုံးပြူးပြူး ပါးစပ်ပြဲပြဲနှင့် သူ့ကို ရယ်ပြနေသည်။

ဘဇံက နောက်သို့ ပြန်လှည့်ပြေးသည်။ သူပြေးမည့်ဘက်မှာ မကောင်းဆိုးဝါးက ရောက်နေသည်။

တစ်နေရာရောက်သော ရှေ့မှာ ရှိနေသော မကောင်းဆိုးဝါးက သူ့ပါးစပ်ထဲမှာ လျှာကြီးကို ဖျာလိပ်ဖြေချလိုက်သကဲ့သို့ ဖြေချလိုက်





သည်။

ထိုလျှာကြီးက တဖြည်းဖြည်းနှင့် ရှည်ထွက်လာပြီး သူရပ်နေ သောနေရာသို့ တလိပ်လိပ်နှင့် လာနေသည်။

ဘဇံလည်း ရှောင်ပြေး၍မရတော့သဖြင့် ငှက်ကြီးတောင်ဓား ကို ထုတ်ပြီး အနားရောက်လာသည့် လျှာကြီးကို အပိုင်းပိုင်း ပြတ် အောင် ခုတ်လေတော့သည်။

"ကဲကွာ. . . ကဲကွာ"

နောက်ဆုံးမှာတော့ အမှောင်ရိပ်သမ်းနေပြီဖြစ်သော သူသတ် ကုန်းနေရာတစ်ဝိုက်ဆီမှ စူးစူးဝါးဝါး အော်ဟစ်သံများ ပေါ်ထွက်လာ လေတော့သည်။

နောက်တစ်နေ့ မနက်လင်းသောအခါ ထိုနေရာသို့ တော တက်သွားမည့်သူများ ရောက်လာကြလေသည်။ သူတို့ ရောက်လာ တော့ အသက်သေဆုံးနေပြီဖြစ်သော ဘဇံအလောင်းကိုသာ တွေ့ကြရ သည်။ ထိုအလောင်းနှင့် မနီးမဝေးမှာ ငှက်ကြီးတောင်ဓားတစ်လက် အပိုင်းပိုင်းပြတ်နေသော ဖျာစုတ်တစ်ချပ်နှင့် စုတ်ပြတ်နေသော ခွဲ တောင်းတစ်လုံးကို တွေ့ကြရသည်။ ထိုအခြေအနေကို မြင်သောအခါ ဘဇံ တစ်ယောက် ဘာကြောင့် သေရသည်ကို တောင်ညိုရွာသားများက သဘောပေါက်ကြလေသည်။ သူတို့အတွက် ထိုအတွေ့အကြုံမျိုးက မကြာခဏဆိုသလို တွေ့ကြုံနေရသောကြောင့် မထူးဆန်းလှတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၂)

# နတ်စင်ကုန်းမှာ သေဆုံးခဲ့ရသူ

တောင်ညိုရွာနှင့် မနီးမဝေးမှာ ရှိသော သူသတ်ကုန်းနှင့် ပတ်သက်ပြီး ထူးခြားဆန်းကြယ်သော အဖြစ်အပျက်အချို့လည်း ရှိခဲ့ဖူးပေသည်။

ရှေးနှစ်ပေါင်းများစွာက ထိုသူသတ်ကုန်းဟု အမည်တွင်နေသော တောင်ကုန်းပေါ်မှာ နတ်စင်နှင့် နတ်ရုပ်ကြီးတစ်ရုပ် ရှိခဲ့ဖူးသည်။

နတ်ရုပ်ကြီးနှင့်နတ်စင်မှာ မည်သည့်အချိန်ကာလက မည်သူပြုလုပ်ထားခဲ့သည် မသိကြသော်လည်း ရွာသူရွာသားများကတော့ ယုံကြည်ကိုးကွယ်မှုပြုကြလေသည်။ နတ်ရုပ်ကြီးမှာ ကြောက်စရာကောင်းသော ပုံပန်းသဏ္ဌာန်မျိုးရှိပြီး သရဲသဘက်တစ်ကောင်နှင့် တူလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရှေးမီနောက်မီလူကြီးများကတော့ ထိုနတ်ရုပ်ကြီးမှာ ကွင်းပိုင်နယ်ပိုင်ရုပ်ဖြစ်သည်ဟု ယူဆကြသည်။

"မင်းတို့တတွေ တောင်ပေါ်က နတ်ရုပ်ကြီးကို မထေမဲ့မြင် မပြုကြနဲ့၊ ငါအထင်ပြောရရင်တော့ ကွင်းပိုင်ကြီးနတ်ရုပ် ဖြစ်မယ်ထင်တယ်"

"ကွင်းပိုင်ဆိုတာ ဘယ်လိုမျိုးလဲ အဘ"

"ကွင်းပိုင်ဆိုတာ ဒီနယ်တစ်ဝိုက်ကို ပိုင်စားရတဲ့ သရဲသဘက်ကြီးပေါ့ကွာ၊ သူက တခြားနတ်တွေနဲ့ မတူဘူး၊ မဟုတ်တာ လုပ်ရင်တော့ သည်းမခံဘူး၊ တပည့်လက်သားတွေနဲ့ တိုက်သတ်လို့ အသေဆိုးနဲ့ သေမှာပဲ"

"သူ့ရဲ့တပည့်လက်သားတွေက ဘယ်သူတွေလဲဟင်"

လူငယ်တွေကလည်း နှိုက်နှိုက်ချွတ်ချွတ် မေးကြသည်။

"သရဲသဘက်ကြီးရဲ့တပည့်ဆိုမှတော့ သရဲသဘက်၊ ဖုတ်၊ ပြိတ္တာ၊ ကျတ်တွေပေါ့ကွာ၊ အဆိပ်ရှိတဲ့မြွေဆိုးတွေလည်း ပါတာပေါ့"

အမေးခံရသူက သူသိသမျှ ပြောပြသော်လည်း လူငယ်လူရွယ်နှင့် ရွာသူရွာသား အတော်များများကတော့ ကြောက်ရွံ့ ယုံကြည်ကြလေသည်။

လယ်သမားများ၊ တောင်ယာစိုက်ပျိုးသူများ၊ ခြံလုပ်ငန်း လုပ်သူများ၊ တောတက်၍ သစ်ခုတ်သွားသူများ၊ အမဲလိုက် သွားမည့်သူများ၊ ပင်လယ်ထွက်မည့်သူများက အလုပ်သွားကာနီးလျှင် နတ်ရုပ်ကြီးရှိရာ နတ်စင်သို့ သွားပြီး အရက်၊ ထမင်း၊ ဟင်း စသည်တို့ သွားရောက်ပူဇော်ပသကြရလေသည်။

နောက်ပိုင်းမှာတော့ ထိုသို့ ပူဇော်ပသ တင်မြှောက်ကြရသည်မှာ အစဉ်အလာတစ်ခုကဲ့သို့ ဖြစ်လာသည်။ လယ်သမားများက ဝါဝင်





ကာနီးတစ်ခါ၊ ဝါကျွတ်ချိန်တစ်ခါ ရေငန်ပိုင် ဦးရှင်ကြီးနတ် တင်မြှောက်ပသကြရာတွင် ကွင်းပိုင်ကြီးပွဲတစ်ပွဲပါ ထည့်သွင်းပူဇော်ကြလေသည်။

တောတက်မည့်သူများက တောတက်ကာနီးတွင် လည်းကောင်း၊ ပင်လယ်ထွက်မည့်သူများက ပင်လယ်ထွက်ကာနီးအချိန်တွင် ကွင်းပိုင်ကြီးကို အရက် စားသောက်ဖွယ်ရာများဖြင့် တင်မြှောက်ပြီးမှ သွားကြရသည်။

ပွဲပြင်ရာမှာ အရက်၊ ဆေးလိပ်၊ ကွမ်းယာ၊ ထမင်းဦးပေါင်း၊ ကြက်သားဟင်း၊ ဘဲဥပြုတ် စသည်တို့ဖြင့် စားပွဲပြင်ကာ တင်မြှောက်ကြရလေသည်။

နောက်ပိုင်းမှာတော့ အောက်ပိုင်းအရပ်ဒေသများတွင် ရေငန်ပိုင် ဦးရှင်ကြီးနတ် တင်မြှောက်ရာမှာသော်လည်းကောင်း၊ အလုပ်သွားကာနီးအချိန်၌သော်လည်းကောင်း ကွင်းပိုင်နယ်ပိုင် ပုဂ္ဂိုလ်များကိုပါ တင်မြှောက်ပသမှု အစဉ်အလာ ပေါ်ပေါက်လာကြသည်။

တစ်နေ့မှာတော့ တောင်ညိုရွာမှ မိန်းကလေးတစ်ဦးနှင့် ဝါးဖြူတောင်ဘက်မှ လူရွယ်တစ်ယောက်တို့ လူငယ်တို့သဘာဝ ချစ်ကြိုးသွယ်မိကြလေသည်။ လူရွယ်၏အမည်မှာ ထွန်းခဖြစ်ပြီး မိန်းကလေးအမည်မှာ နှင်းလှဖြစ်သည်။

ငင်းတို့နှစ်ယောက် ချစ်ကြိုးသွယ်နေကြသည်ကို လူကြီးများ မသိကြပေ။

ထွန်းခက တစ်ပတ်တစ်ခါ ဝါးဖြူတောင်မှ ဆင်းလာပြီး နှင်းလှက တစ်ပတ်တစ်ခါ တောပေါ် တက်ပြီး ဟင်းသီးဟင်းရွက် ရှာရန် ထွက်သည်။

မိန်းကလေးအဖော်များ ပါသော်လည်း သူတို့နှစ်ယောက် အကြောင်းကို ရိပ်မိနေကြသဖြင့် အလိုက်သိစွာဖြင့် ရှောင်ပေးကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက်ကတော့ နတ်စင်နှင့် မနီးမဝေးနေရာတွင် အမြဲတစေ တွေ့ဆုံပြီး ချစ်သူတို့ဘဝအတိုင်း ပျော်ရွှင်စွာ နေကြလေသည်။

"ဒါပဲနော် ကိုထွန်းခ၊ ကျွန်မကတော့ ရှင့်မေတ္တာကို ယုံလို့ ပုံအပ်ထားလိုက်ပြီးပြီ၊ တစ်နေ့ကျမှတော့ မေ့သွားဖို့ စိတ်မကူးလေနဲ့"

"ဘယ်တော့မှ နှင်းလှအပေါ်မှာ သစ္စာမပျက်သလို မေတ္တာလည်း မပျက်ပါဘူး၊ နှင်းလှကသာ သဘောတူပြီး လိုက်မယ်ဆိုရင် ကိုယ်တို့ရွာကို တစ်ခါတည်း ခေါ်သွားချင်ပါတယ်"

"ဒီလိုတော့ မဖြစ်သေးပါဘူး ကိုထွန်းခရယ်၊ ရှင့်မေတ္တာကို ယုံကြည်တယ်ဆိုပေမယ့် ကျွန်မမိဘတွေ မျက်နှာပျက် အရှက်ရမယ့် အလုပ်မျိုးတော့ မလုပ်ပါရစေနဲ့"

"တကယ်လို့ ကိုယ်တို့နှစ်ယောက်အကြောင်းကို မင်းမိဘတွေ သိသွားပြီး သဘောမတူခဲ့ရင် ဘယ်လိုလုပ်မလဲ"

"အဲဒီကျတော့လည်း တစ်မျိုးစီစဉ်ရမှာပေါ့ ကိုထွန်းခရယ်"

"ကိုယ်ကတော့ ဘယ်နည်းနဲ့ပဲဖြစ်ဖြစ် မင်းကို ရအောင်ယူရမှာပဲ၊ မင်းကလွဲပြီး ဘယ်သူ့မှလည်း စိတ်မဝင်စားဘူး"

"တကယ်ရော ယုံရမှာလား"

"သစ္စာပြုဆိုရင် သစ္စာပြုပါမယ်. . . ဘယ်လိုသစ္စာပြုရမလဲ ပြော"

"ကျွန်မ ယုံကြည်အောင် တကယ်သစ္စာဆိုပြမလား"

"ပြပါမယ်"

"ကျွန်မတို့ရွာထိပ်မှာရှိတဲ့ တောင်ကုန်းထိပ်မှာ နတ်စင်တစ်စင် ရှိတယ်၊ အဲဒီနတ်စင်က နတ်ရုပ်ကြီးက အတော်တန်ခိုးကြီးတယ်လို့ လူကြီးတွေက ပြောကြတယ်"





"အင်း. . . ဘယ်လိုတန်ခိုးကြီးတာလဲ"

"သူ့ရှေ့မှာ မဟုတ်မမှန်တဲ့စကား မပြောရဘူး၊ ပြောရင် ချက်ချင်းဒုက္ခတွေ့တယ်လို့ ပြောကြတယ်"

ထွန်းခက ချစ်သူကို ကြည့်ပြီး သဘောကျစွာ ရယ်လိုက်လေသည်။

"ဘာလဲ. . . ကိုထွန်းခက နှင်းလှပြောတာကို မယုံလို့ ရယ်တာလား"

"မဟုတ်ပါဘူး နှင်းလှရယ်. . . ယုံပါတယ်၊ ဒါထက် နတ်ရုပ်ကြီးက တန်ခိုးကြီးတယ်ဆိုတော့ ကိုယ်တို့နှစ်ယောက်က ဘယ်လိုလုပ်ကြမှာလဲ"

"ကိုထွန်းခနဲ့ကျွန်မတို့နှစ်ယောက် နတ်ရုပ်ကြီးရှေ့မှာ သစ္စာပြုထားကြမယ်လေ. . . မကောင်းဘူးလား"

ထိုစကားကြောင့် ထွန်းခမှာ အနည်းငယ် တွန့်သွားသည်။ သို့သော် နှင်းလှ ရိပ်မိမှာစိုးသောကြောင့် ချက်ချင်းမျက်နှာပြင်ကာ ပြန်မေးလိုက်သည်။

"နှင်းလှ သဘောပဲလေ. . . သစ္စာပြု ဆိုတော့လည်း ပြုကြတာပေါ့"

"ဒါဖြင့် နတ်စင်ရှိတဲ့ဆီ သွားကြရအောင်"

ဟု ပြောပြီး နှစ်ယောက်သား နတ်စင်ရှိရာဘက်သို့ လာခဲ့ကြလေသည်။

နတ်စင်မှာ သစ်သားတိုင်များ စိုက်ပြီး ပျဉ်ချပ်များဖြင့် ကာထားသည်။

အမိုးကိုတော့ ဓနိပျစ်များဖြင့် မိုးထားပြီး ဝါးကပ်များ အပေါ်မှ ချုပ်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



နတ်စင်ဆောက်ထားပုံမှာ အတော်ကြီးပြီး အတွင်းမှာ ကြောက်စရာ ပုံပန်းသဏ္ဍာန်ရှိသော နတ်ရုပ်ကြီးရှိသည်။ သစ်သားဖြင့် ထုလုပ်ထားပြီး ဆေးအနက်ရောင်များ သုတ်ထားသည်။

ကြောက်စရာကောင်းသောမျက်နှာဖြင့် ဒူးတစ်ဖက်ထောင် တစ်ဖက်လှဲ ထိုင်နေပြီး လက်တစ်ဖက်မှာ ဓားတစ်လက်နှင့် ကျန်တစ် ဖက်မှာ အရက်ခွက် ကိုင်ထားသည်၊ ရုပ်ထုခြေရင်းမှာတော့ ကျားရုပ် မိကျောင်းရုပ်နှင့် မြွေရုပ်များ ထုလုပ်ထားသည်။ ကျားရုပ်က တော တက်သူများအတွက်ဖြစ်ပြီး မိကျောင်းရုပ်ကတော့ ငါးရှာသူများအတွက် ဖြစ်သည်။

မြွေရုပ်ကတော့ လယ်သမား၊ ခြံသမားများအတွက် ရည်စူးကာ ပြုလုပ်ထားကြခြင်းဖြစ်သည်။

နတ်စင်ပေါ်မှာတော့ ထိုအရုပ်များမှလွဲပြီး အခြားဘာမှတော့ မရှိပေ။

လာရောက်တင်မြှောက်ကြသည်ဆိုရာမှာလည်း အလုပ်ချိန် နီးတော့မှသာ လာရောက်တင်မြှောက်ကြခြင်းဖြစ်သဖြင့် ယခုအချိန် တော့ ဘာမှမရှိသေးပေ။

ထွန်းခနှင့်နှင်းလှတို့မှာ ရည်စူးထားခြင်း မရှိပါဘဲ နတ်ရုပ်ရှေ့ ရောက်လာသောကြောင့် တင်မြှောက်စရာတော့ ဘာမှမပါတော့ပေ။

ထိုအခါ နှင်းလှက ပြောသည်။

"ကျွန်မတို့ သစ္စာပြုကြရအောင်"

"ဘယ်. . ဘယ်လိုပြုမှာလဲ"

"ကိုထွန်းခ လက်မောင်းသွေးနဲ့ ကျွန်မလက်မောင်းသွေးကို ဖောက်ပြီးတော့ နတ်ရုပ်ကြီးကို သုတ်ပြီး ပူဇော်မယ်၊ ပြီးမှ သစ္စာပြုကြ မယ်"





"ဟင်. . ."

မမျှော်လင့်သောစကား ကြားရသဖြင့် ထွန်းခမှာ မျက်လုံးပြူး သွားလေသည်။

အချစ်ရေးနှင့် ပတ်သက်လာလျှင် မိန်းမများက ယောကျ်ား များထက် ပိုပြီးသတ္တိကောင်းကြသည်ဆိုသော စကားကိုတော့ ကြားဖူး သည်။

ယခုကဲ့သို့ လက်တွေ့မကြုံဖူးသေးသောကြောင့် စိတ်ထဲမှာ အံ့ဩတုန်လှုပ်သွားခြင်းဖြစ်သည်။

"ဘာလဲ ကိုထွန်းခ၊ ကျွန်မပြောတာကို မလုပ်ဝံ့လို့လား"

ထွန်းခက မျက်လုံးအပြူးသားဖြင့် နှင်းလှကို ကြည့်နေသည်။

"ကျွန်မကို တကယ် မချစ်ဘူး မဟုတ်လား. . . ပြော"

"ချစ်. . ချစ်ပါတယ်"

"ချစ်ရင် သစ္စာဆိုထားကြမယ်"

ဟု ပြောဆိုကာ နတ်ရုပ်ရှေ့သို့ သွားပြီး အသင့်ပါလာသော ဓားဖြင့် သူမလက်မောင်းကို လှီးလိုက်သည်။

သွေးများ ထွက်လာသောအခါ ထိုသွေးများဖြင့် နတ်ရုပ်ကို သုတ်ပြီး သစ္စာပြုလေသည်။

"ကျွန်မသည် ကိုထွန်းခအပေါ်မှာ တကယ်မေတ္တာစစ်ဖြင့် ချစ် ပါသည်၊ ရာသက်ပန် ရိုးမြေကျ လက်တွဲသွားရန်လည်း ရည်စူးထားပါ သည်၊

မည်သည့်အခါမှလည်း သစ္စာဖောက်ဖျက်မည် မဟုတ်ပါ၊ ထို သစ္စာပျက်ပါက ဘေးအန္တရာယ်ဆိုးများနှင့် တွေ့ကြုံရပါစေသား"

ထိုသို့သစ္စာပြုပြီးနောက် သူ့လက်ထဲမှ ဓားကို ထွန်းခအား လှမ်းပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

သို့ကြောင့် ထွန်းခလည်း မငြင်းသာတော့ဘဲ ဓားကို ယူ၍ လက်မောင်းကို အနည်းငယ် လှီးလိုက်သည်။

ထွက်လာသောသွေးများကို ယူ၍ နတ်ရုပ်ကို သုတ်လိုက်ပြီး နှင်းလှ သစ္စာပြုသည့်အတိုင်း သစ္စာပြုလိုက်လေသည်။

ပြီးသောအခါ ထိုနေရာမှ ထွက်လာကြစဉ် ထွန်းခက ပြောသည်။

"ကိုယ်တို့နှစ်ယောက် သစ္စာပြုနေကြတုန်းက နတ်ရုပ်ကြီး မျက်နှာက ပြုံးနေသလိုပဲ"

"ကိုထွန်းခ စိတ်ထင်လို့ပါ"

တစ်နေရာရောက်တော့ ထိုင်နားကြစဉ် ထွန်းခက မေးသည်။

"အခုလို လုပ်လိုက်ရတော့ နှင်းလှ ကျေနပ်သွားပြီ မဟုတ်လား"

"ကျေနပ်သွားပြီ"

နှင်းလှက အပြုံးဖြင့် ပြောသည်။

"ကိုယ့်အပေါ်မှာရော ယုံကြည်စိတ်ချသွားပြီ မဟုတ်လား"

ခေါင်းညိတ်ပြသည်။

"တကယ်တော့ ကိုယ်တို့နှစ်ယောက်က နတ်ရုပ်ကြီးရှေ့မှာ သွေးနဲ့ သစ္စာပြုပြီးကတည်းက လင်မယားဖြစ်သွားကြပြီလေ"

နှင်းလှက ပါးစပ်အဟောင်းသားဖြင့် ကြည့်သည်။

"ဟုတ်တယ်လေ. . . တစ်ယောက်နဲ့တစ်ယောက် လင်မယားအဖြစ် နေဖို့ လူကြီးတွေဆီမှာ ခွင့်တောင်းရသလို နတ်ရုပ်ကြီးရှေ့မှာ ခွင့်တောင်းပြီးပြီ. . . သစ္စာပြုပြီးသွားပြီ၊ အခုအချိန်ကစပြီး နှင်းလှက ကိုယ့်ရဲ့ဇနီးမယားဖြစ်သွားပြီ"

ဟု ပြောကာ ထွန်းခက သူမကိုယ်ကလေးကို ဖက်လိုက်သည်။





"အို. . ."

ပထမတော့ နှင်းလှမှာ အထိတ်တလန့် ဖြစ်သွားသေးသည်။ နောက်တော့လည်း အထိအတွေ့များကို မလွန်ဆန်နိုင်တော့သဖြင့် ထွန်းခ ပြုသမျှ နုရရှာတော့သည်။ ထိုနေ့မှာပင် သူမ၏သန့်စင်သော ဘဝကို ထွန်းခရင်ခွင်သို့ အပ်လိုက်ရလေတော့သည်။

နောက်ပိုင်းမှာလည်း အခါအခွင့်သင့်ပါက နှစ်ယောက်သား ချိန်းတွေ့ပြီး ပျော်ပျော်ရွှင်ရွှင်နှင့်ပင် နေကြလေသည်။ ရက်အတန်ကြာသောအခါ နှင်းလှမိဘများက ထိုအကြောင်းကို ရိပ်မိသွားသောကြောင့် နှင်းလှကို ရွာထဲမှ သင့်တော်သော လူတစ်ယောက်နှင့် ပေးစားရန် ပြင်ဆင်ကြသည်။

နှင်းလှက အမျိုးမျိုး ငြင်းဆန်သော်လည်း မရတော့ပေ။ နောက်မှာတော့ သူချစ်သူ ထွန်းခ ရှိရာသို့ လူလွှတ်၍ မှာသော်လည်း ထွန်းခနှင့် မတွေ့ရပေ။

ထွန်းခလည်း ရောက်မလာနိုင်တော့ပေ။

တစ်နေ့မှာတော့ အိမ်မှ လူကြီးများအလစ်တွင် နှင်းလှ တစ်ယောက်တည်း တောင်ကုန်းပေါ်သို့ တက်သွားလေသည်။ သူမသည် ချစ်သူနှင့် ကွေကွင်းရပြီး မချစ်မနှစ်သက်သူနှင့် ယူရတော့မည်ဖြစ်သဖြင့် စိတ်အညစ်ကြီးညစ်ကာ စိတ်မမှန်သလိုလည်း ဖြစ်နေသည်။

ထိုနေ့က ညနေပိုင်းအချိန်တွင် ပုဝါတစ်ထည်ကို ခေါင်းပေါ်မှာတင်ပြီး တစ်ယောက်တည်း တက်သွားခြင်းဖြစ်လေသည်။

အမှတ်တမဲ့မို့ အိမ်က လူများလည်း မသိလိုက်ကြပေ။ နတ်စင်ရှိရာသို့ ရောက်သောအခါ ရပ်ပြီး နတ်ရုပ်ကို ကြည့်ပြီး ပြောသည်။

"နင်က တန်ခိုးရှိတယ်ဆိုပြီး လူတွေကို လိမ်ညာစားနေတာပဲ၊ တကယ်တော့ အရုပ်ဟာ အရုပ်ပဲ၊ ဘာမှ အစွမ်းအစ မရှိဘူးဆိုတာ


www.burmeseclassic.com

www.burmeseclassic.com



ငါသိရပြီ၊ ငါ့သွေးနဲ့ ပူဇော်ပြီး သစ္စာပြုထားတာတောင် ငါ့ချစ်သူနဲ့ ပေါင်းရအောင် နင်လုပ်မပေးနိုင်ဘူး၊ ဒီတော့ နင်ကို ဒီနေရာမှာ ဆက်ထားရင် ရွာက လူတွေကို ဆက်ပြီးလိမ်ညာစားနေဦးမယ်၊ ဒီတော့ နင့်ကို ဒီနေရာမှာ မထားတော့ဘူး"

ဟု ပြောဆိုကာ အရူးတစ်ပိုင်းဖြစ်နေသော နှင်းလှက အသင့်ယူလာသော မီးခြစ်ဖြင့် နတ်စင်ကို မီးရှို့လေရာ နတ်စင်ရော နတ်ရုပ်ပါ မီးလောင်သွားလေတော့သည်။

နောက်တစ်နေ့ရောက်မှ နှင်းလှတစ်ယောက် ပျောက်နေသောကြောင့် လိုက်လံရှာဖွေကြရာ မီးလောင်ထားသဖြင့် တိုင်ငုတ်သာကျန်သော နတ်စင်နေရာနှင့် မနီးမဝေးမှာ လဲကျသေဆုံးနေသော နှင်းလှအလောင်းကိုသာ တွေ့ကြရသည်။

သူမလည်ပင်းမှာ အညှိအမည်းစွဲနေသော လက်ငါးချောင်းရာကြီးများကို တွေ့ကြရသော်လည်း မည်သူ့လက်ချက်ဖြစ်မှန်းတော့ မသိကြရပေ။





## အခန်း(၃)

# တောနက်ထဲမှ မိစ္ဆာကျော့ကွင်း

နှင်းလှတစ်ယောက် သေဆုံးသွားပြီးနောက်မှာ အဖြစ်အပျက်များက ထိုမျှနှင့်တော့ ပြီးမသွားခဲ့ပေ။ ရွာသူရွာသားများက မီးလောင်သွားသော နတ်စင်နေရာမှာ နတ်စင်အသစ်တစ်ခု ပြန်ဆောက်ရန် စိတ်ကူးရှိကြသည်။ သို့သော် မည်သူကမှ ဦးဆောင်မှု မပြုကြပေ။ အဘယ်ကြောင့်ဆိုသော်. . .

ထိုနတ်စင်ကို ပြန်ဆောက်ရန် ကြိုးစားသူတိုင်း အန္တရာယ်ဆိုးတစ်ခုခုနှင့် တွေ့ကာ သေဆုံးသွားကြရသောကြောင့်ပင်ဖြစ်သည်။

နောက်ပိုင်းမှာတော့ နတ်စင်ဆောက်မည့်သူများ တစ်ယောက်ပြီးတစ်ယောက် သေဆုံးရသော လူသတ်တရားခံကို ရွာသူရွာသားများ



www.burmeseclassic.com

www.burmeseclassic.com



က ရိပ်မိလာကြသည်။

အခြားသူမဟုတ်ပေ. . .။

သေဆုံးသွားသော နှင်းလှ၏ဝိညာဉ်က လာရောက်သတ်ဖြတ် နေခြင်းပင်ဖြစ်သည်။

"ဟဲ့. . . မင်းတို့ နတ်စင်ပြန်ဆောက်ဖို့များ စိတ်ကူးထဲ မထည့် ကြနဲ့နော်၊ တော်ကြာ ငယ်ငယ်ရွယ်ရွယ်နဲ့ နှင်းလှဝိညာဉ် လာသတ်လို့ သေနေကြလိမ့်မယ်"

"နှင်းလှက သေသွားပြီး ဘာဖြစ်နေလို့လဲ အဘရဲ့၊ သရဲဖြစ်နေ တာလား၊ ဒါမှမဟုတ် နတ်ဖြစ်နေတာလား"

"ဟ. . . ငါလည်း သေသေချာချာတော့ ဘယ်သိပါ့မလဲ၊ ဒါပေ မယ့် ဒီမိန်းကလေးက အစိမ်းသေ သေရတာဆိုတော့ ဘယ်ကျွတ်နိုင်ပါ့ မလဲ"

"ဟုတ်မှာပါပဲ. . . သူက အရင်နေသွားတဲ့နတ်ထက် ပိုပြီး တန်ခိုးကြီးတဲ့နေရာ ရောက်နေလို့ နတ်စင်ဆောက်မယ့်သူတွေကို လိုက်သတ်နိုင်တာ ဖြစ်မှာပေါ့နော်"

"ဒါပေါ့ကွ. . . ခုဆိုရင် နတ်စင်ကုန်းနေရာက ဘယ်လောက် ကြမ်းနေပြီလဲ၊ နေဝင်ရီတရောအချိန်ဆိုရင် ဖြတ်တောင် မလျှောက်ဝံ့ ကြတော့ဘူး၊ နေဝင်ရီတရောအချိန် ရောက်တာနဲ့ တောင်ကုန်းတစ် ဝိုက်မှာ ဆံပင်ဖားလျားချပြီး သွားလာနေတဲ့ သရဲမကို လူတိုင်း မြင်နေ တာပဲ၊ ဒီသရဲမကလည်း တခြားဘယ်သူဖြစ်မလဲ၊ နှင်းလှပဲ ဖြစ်မှာပေါ့"

ဟု ပြောဆိုနေရာမှ ထိုစကားများမှာ တဖြည်းဖြည်း ပျံ့နှံ့လာ လေတော့သည်။

အချို့လည်း ထိုကဲ့သို့ ပျံ့နှံ့လာသောစကားများကို ယုံကြည်လာ လေသည်။





နတ်စင်ဆောက်ဖို့ ကြိုးစားသူများကို နှင်းလှ၏ဝိညာဉ်က အိပ်မက်ပေးပြီး လာရောက်တားဆီးတတ်သည်။

"နင်တို့ တောင်ကုန်းပေါ်မှာ နတ်စင်ပြန်ဆောက်ဖို့ စိတ်မကူးနဲ့၊ ဒီနတ်စင်က လူတွေကို တမင်သက်သက် ဒုက္ခပေးနေတဲ့နတ်စင်ပဲ၊ နင်တို့ ဒီနတ်စင်ကိုပြန်မဆောက်ရဘူး၊ နတ်စင်ဆောက်မယ့် သူဆိုရင် ငါသတ်ပစ်မယ်" ဟု အိပ်မက်ပေးတတ်လေသည်။

ထိုအိပ်မက်ကို မယုံကြည်သဖြင့် ရှေ့တိုးပြီး လုပ်မည်ဆိုပါက ဘေးအန္တရာယ်ဆိုး တစ်ခုခုနှင့် တွေ့ပြီး အသက်သေဆုံးကြရသည်။

တိုက်ဆိုင်မှုပေလား. . .

ဒါမှမဟုတ် နှင်းလှဝိညာဉ်ကပဲ လာရောက်သတ်ပစ်နေသလား သေသေချာချာ မသိရသော်လည်း နောက်ပိုင်းမှာတော့ ထိုကိစ္စကို ကြောက်ရွံ့ယုံကြည်သွားကြသည်။

ထုံးစံရှိသည့်အတိုင်း အလုပ်ဝင်ကာနီးအချိန်တွင် စားပွဲ သောက်ပွဲများ တင်မြှောက်ရာမှာတော့ ယခင်အတိုင်း ကွင်းပိုင် ပွဲတစ်ပွဲ ကို ထည့်သွင်း တင်မြှောက်ကြသော်လည်း နတ်စင်ဆောက်ဝံ့သူတော့ မရှိတော့ပေ။

ထို့ကြောင့် တောင်ကုန်းပေါ်မှာ နတ်စင်မရှိတော့ဘဲ ပြောင်နေ တော့သည်။

(နောက်ပိုင်းမှာတော့ သောင်းကျန်းသူများက ထိုကုန်းပေါ်သို့ လူများ ခေါ်လာပြီး သတ်ဖြတ်ကြသောကြောင့် နတ်စင်ကုန်းအမည် အစား "သူသတ်ကုန်း" ဟု အမည်တွင်လာခဲ့ခြင်းဖြစ်သည်။)

ထိုကုန်းပေါ်မှာ နတ်စင်မရှိတော့သော်လည်း နှင်းလှ၏ဝိညာဉ် ကတော့ ရှိနေသည်။

နေဝင်ရီတရောအချိန် ရောက်လာလျှင် ဆံပင်ဖားလျားချကာ



www.burmeseclassic.com

www.burmeseclassic.com



တောင်ကုန်းပေါ်မှာ ခေါက်တုံ့ခေါက်ပြန် သွားလာနေသော နှင်းလှ၏ ပုံရိပ်သဏ္ဌာန်ကို တွေ့မြင်ကြရသည်။

နှင်းလှနှင့်ထွန်းခတို့နှစ်ယောက်၏ချစ်ဇာတ်လမ်းကို သိသူများ ကတော့. . .

"အဲဒါ တခြားမဟုတ်ဘူး၊ နှင်းလှက သူ့ချစ်သူကို တောင်ကုန်း ပေါ်ကနေ မျှော်နေတာ၊ သူတို့နှစ်ယောက်က အဲ့ဒီနေရာမှာ ချိန်းပြီး တွေ့နေကျလေ"

ဟု ပြောကြသည်။

သည်နေရာတွင် နှင်းလှချစ်သူ ထွန်းခအကြောင်းကိုလည်း ရေးသားရပေမည်။

ထွန်းခမှာ နှင်းလှနှင့် လက်ထပ်ရန် စိတ်ကူးထားပြီး ဖြစ်သော ကြောင့် ကြိုးစားပြီး ငွေရှာနေရလေသည်။

နှင်းလှက သူ့ထံသို့ လူလွှတ်ပြီး အကြောင်းကြားသောအချိန် မှာ သူက ရွာမှာ မရှိပေ။

ဝါးခုတ်သွားသောအဖွဲ့နှင့် တောင်ပေါ်သို့ ရောက်နေသော အချိန်နှင့် တိုက်ဆိုင်နေလေသည်။

သူ တောထဲမှာ ရှိနေစဉ် အိပ်မက်ထဲမှာ နှင်းလှကို တစ်ကြိမ် နှစ်ကြိမ် တွေ့ရသည်။

"ကိုထွန်းခ. . . ကျွန်မ နတ်စင်ကုန်းပေါ်မှာ ရှိတယ်၊ အဲဒီ နေရာက ရှင့်ကို စောင့်နေတယ်၊ ရှင်အမြန်ပြန်လာခဲ့ပါ"

ထိုကဲ့သို့ အိပ်မက်သောအခါ ထွန်းခက စိတ်ကောင်းဖြစ်နေ သည်။

ထိုအခါ အဖော်များက ဖြောင်းဖျပြောဆိုကြသည်။

"အိပ်မက်,မက်တယ်ဆိုတာ စိတ်စွဲလန်းလွန်းလို့ကြောင့်လည်း





ဖြစ်တတ်ပါတယ်၊ မင်းကောင်မလေး ဘာမှမဖြစ်ပါဘူး"

"မဟုတ်ဘူးဗျ. . . အိပ်မက်ထဲမှာ သူ့ကို တွေ့ရတာ သိပ် မကောင်းဘူး၊ ဆံပင်ဖားလျားချထားပြီး တစ်ခုခု ဖြစ်နေသလိုပဲ"

"ရွာပြန်ရောက်မှပဲ သူရှိတဲ့နေရာ လိုက်သွားကြည့်ကြတာပေါ့"

ထိုသို့ပြောသဖြင့် ကြိတ်မှိတ်ပြီး နေရသော်လည်း စိတ်ကတော့ မဖြောင့်ရှာပေ။

ဝါးခုတ်သည့်အလုပ် သိမ်းပြီး၍ ရွာသို့ ပြန်ရောက်သောအခါ နှင်းလှ သတင်းဆိုးကို ကြားရတော့သည်။

ထိုသတင်းကြားသည်နှင့် တောင်ညိုရွာသို့ လိုက်သွားသော် လည်း နှင်းလှကိုတော့ မတွေ့ရတော့ပေ။

ထိုအခါ သူတို့နှစ်ယောက်အကြောင်းကို အတန်အသင့် သိနေ သော မိတ်ဆွေများက ပြောသည်။

"မင်း နှင်းလှနဲ့ တွေ့ချင်ရင် မင်းတို့နှစ်ယောက် တွေ့နေကျ နတ်စင်ကုန်းကိုသာ လိုက်သွားပေတော့၊ သူနဲ့ တွေ့ရလိမ့်မယ်"

"ကျွန်တော်တစ်ယောက်တည်းတော့ မသွားဝံ့ပါဘူး၊ အဖော် တစ်ယောက်တော့ လိုက်ခဲ့ကြပါ"

"အောင်မာ. . . လူ့ဘဝတုန်းကတော့ နှစ်ယောက်ချင်းတွေ့ဖို့ တခြားလူတွေကိုတောင် နှင်ပစ်နေတဲ့သူက အခုမှ ကြောက်နေရ သလား၊ မင်း နှင်းလှကို တကယ်မချစ်လို့ မဟုတ်လား"

"ချစ်တာက ချစ်တာပဲ၊ ကြောက်တာက ကြောက်တာပဲဗျ"

နောက်ဆုံးတော့ ထွန်းခက အတင်းခေါ်သဖြင့် အတော် အသင့် သတ္တိရှိသူတစ်ယောက်က သူနှင့်အတူ အဖော်လိုက်သွားလေ သည်။

နှစ်ယောက်သား နေဝင်ရီတရောအချိန်တွင် တောင်ကုန်းပေါ်



www.burmeseclassic.com

www.burmeseclassic.com

သို့ တက်သွားကြသည်။

ကုန်းပေါ်သို့ ရောက်သောအခါ အတော်အသင့် ကြီးမားသော တောင်သရက်ပင်ကြီးတစ်ပင်အနောက်မှာ ထိုင်စောင့်ကြလေသည်။

တဖြည်းဖြည်းနှင့် အချိန်ကလည်း ညဦးပိုင်းသို့ ရောက်လာလေရာ တောင်ကုန်းပေါ်မှာ အမှောင်ရိပ်များ ဖုံးလွှမ်းလာလေတော့သည်။ ထိုအချိန်မှာပင် တောထဲမှ ခေါ်သံကဲ့သို့ အသံတစ်သံ ကြားရသည်။

"ကိုထွန်းခရေ. . . ကိုထွန်းခရေ"

ထိုခေါ်သံက သူတို့ ရှိနေသောနေရာနှင့် သိပ်မဝေးလှပေ။

"ဟော. . . ခေါ်သံကြားရတယ်၊ ဒါ နှင်းလှရဲ့အသံပဲ"

"ရှူး. . . အသံမထွက်စေနဲ့၊ ဒီလို နေဝင်ရီတရောအချိန်မျိုးမှာ တောထဲက ကျတ်တွေ နာနာဘာဝတွေကလည်း ဟန်ဆောင်ပြီး ခေါ်တတ်ကြတယ်၊ သူတို့ ခေါ်တာကို ထူးမိရင် သေတတ်တယ်"

ဟု သတိပေးသောကြောင့် အသံမထွက်ဝံ့တော့ပေ။

"ကိုထွန်းခရေ. . . ကိုထွန်းခရေ"

ခေါ်သံက တဖြည်းဖြည်းနှင့် နီးလာချေပြီ။

ထိုအခါ ထွန်းခက သစ်ပင်ကွယ်မှ အသံကြားရာသို့ လှမ်းကြည့်လိုက်သည်။

တောစပ်မှာ သွားလာနေသော ပုံသဏ္ဌာန်တစ်ခုကို မသဲမကွဲ လှမ်းမြင်ရသည်။

လေတိုက်နေသဖြင့် ဖားလျားချထားသော ဆံပင်များက လွင့်နေသည်။

အမှောင်ရိပ်များကြောင့် မည်သူမည်ဝါမှန်း သဲသဲကွဲကွဲ မမြင်ရသော်လည်း ထွန်းခ,စိတ်ထဲမှာတော့ နှင်းလှဖြစ်မည်ဟု ထင်နေသည်။





"ဟိုမှာ နှင်းလှ လာနေပြီဗျ၊ ကျွန်တော်သွားရမလား"

"မင်းသွားလို့မဖြစ်ဘူးလေ၊ သူနဲ့မင်းနဲ့က ဘဝခြားနေပြီဆိုတာ သတိထားဦးမှပေါ့၊ မင်း သူ့ကို ကြည့်ချင်ရင် ဒီအတိုင်းသာ ထိုင်ကြည့်၊ ထွက်သွားတာနဲ့ ဒုက္ခရောက်မှာပဲ"

ဟု အတူပါလာသောအဖော်က တားသဖြင့် ကြိတ်မှိတ်နေရလေသည်။

ထိုသို့ကြည့်နေရင်းမှာပင် သစ်တောစပ်မှာ သွားလာလှုပ်ရှားနေသော နှင်းလှ၏သဏ္ဌာန်က တောင်ကုန်းပေါ်သို့ တဖြည်းဖြည်း ရောက်လာသည်။

သူတို့ရှိနေသော သစ်ပင်ကြီးနှင့် မနီးမဝေး ရောက်လာသောအခါ သူမ၏ပုံပန်းသဏ္ဌာန်ကို ပို၍မြင်ရလေသည်။

သူမသည် ထွန်းခအမည်ကို တကြော်ကြော် ခေါ်နေရင်းမှ တစ်ယောက်ယောက်ကို စောင့်မျှော်နေဟန်လည်း ရှိသည်။

"ကိုထွန်းခရေ. . . ကိုထွန်းခ. . . ကျွန်မ ဒီမှာစောင့်နေတယ်လေ. . . အမြန်လာခဲ့ပါတော့"

ဟု တကြော်ကြော် ခေါ်နေရာ ထွန်းခမှာ စိတ်မထိန်းနိုင်အောင် ဖြစ်နေတော့သည်။

ထိုသို့သာ ခေါ်နေသော်လည်း တောင်ကုန်းထိပ်မှာသာရှိနေပြီး သူတို့ ပုန်းကွယ်နေသော တောင်သရက်ပင်ကြီး ရှိရာဘက်သို့တော့ ဆင်းမလာပေ။

"ကိုထွန်းခရေ. . . ကျွန်မ စောင့်နေတာ ကြာပြီ၊ အမြန်လာပါတော့ရှင်"

"ဘာပဲဖြစ်ဖြစ် ကျွန်တော်သွားတော့မယ်ဗျာ"

ထွန်းခက စိတ်မထိန်းနိုင်တော့သဖြင့် နေရာမှ အတင်းထသွား



www.burmeseclassic.com

www.burmeseclassic.com

ရန် မြင်နေလေရာ ပါလာသော အဖော်က ဆွဲထားရလေသည်။

"ခဏတော့ အခြေအနေကြည့်ပါဦးကွာ၊ မင်းထွက်သွားတာနဲ့ ဒုက္ခတွေ့လိမ့်မယ်ကွ"

ထိုသို့ အကြိတ်အနယ် ဖြစ်နေကြစဉ် တဖြည်းဖြည်းနှင့် အ မှောင်ရိပ်ကလည်း များလာလေသည်။

ထိုအခိုက်မှာပင် နောက်ထပ်မြင်ကွင်းတစ်ခု ပေါ်လာလေ တော့သည်။

အမှောင်ရိပ်ထဲမှ မည်းမည်းသဏ္ဌာန်ကြီးတစ်ကောင် ထွက်လာ ပြီး တကြော်ကြော် ခေါ်နေသော နှင်းလှအနောက်သို့ ရောက်လာ သည်။

အမွေးစုတ်ဖွားနှင့် ကြောက်စရာကောင်းသော ပုံပန်းသဏ္ဌာန် မျိုးဖြစ်သည်။

ထိုသဏ္ဌာန်ကြီး တိုးကပ်လာသည်ကို နှင်းလှခမျာ မသိရှာပေ အနားရောက်လာသောအခါ မည်းမည်းသဏ္ဌာန်ကြီးက နှင်းလှ လည် ပင်းကို လက်ဖြင့် ညှစ်ကိုင်ပြီး လည်ဂုတ်ချိုးကာ သတ်ပစ်လိုက်လေ တော့သည်။

"ဟာ. . . နှင်းလှတော့ သေပြီ၊ ဟိုမကောင်းဆိုးဝါးကြီးက နှင်းလှကို ဂုတ်ချိုးသတ်လိုက်ပြီဗျ"

ထွန်းခက အော်နေသဖြင့် ပါလာသော အဖော်က ပါးစပ်ကို အတင်းပိတ်ထားရလေသည်။

မည်းမည်းသဏ္ဌာန်ကြီးက နှင်းလှကို ဂုတ်ချိုးပြီး တောထဲသို့ ခေါ်လေတော့သည်။

နောက်ထပ်အသံလည်း မကြားရ၊ လူကို မမြင်ရတော့ပေ

ထိုအခါမှ နှစ်ယောက်သား ပြန်ဆင်းလာလေသည်။ ထိုမှနှ





ပင် မကျေနပ်သေးဘဲ နောက်တစ်နေ့ ညနေပိုင်းမှာလည်း နတ်စင်ကုန်း ထိပ်သို့ သွားရန် ပြင်ပြန်လေသည်။

မနေ့က အဖော်လိုက်ပေးသူက မလိုက်ဝံ့တော့ နောက်တစ် ယောက်ကို အဖော်ခေါ်သွားရလေသည်။

တောင်ကုန်းထိပ် ရောက်သောအခါ မနေ့ညက စောင့်သော နေရာမှာပင် နှစ်ယောက်သား စောင့်ကြလေသည်။

ညဦးပိုင်းအချိန် ရောက်သောအခါ တောစပ်မှ ထွက်လာသော နှင်းလှသဏ္ဌာန်ကို တွေ့ရပြန်သည်။

"ကိုထွန်းခရေ. . . ကိုထွန်းခ. . . ကျွန်မ စောင့်နေတာ ကြာ လှပြီ. . . လာခဲ့ပါတော့"

ဟု ခေါ်နေလေသည်။

"ဟော. . . ဟိုမှာ သူခေါ်နေပြီ၊ ကျွန်တော်သွားရင် ကောင်း မလား"

"မဖြစ်ဘူး ထင်တယ်၊ နှင်းလှသေသွားတာပဲ အတော်ကြာမှပဲ၊ ဒါ လူမဟုတ်နိုင်ဘူး"

"ဘာပဲဖြစ်ဖြစ် ကျွန်တော်သွားမယ်ဗျာ"

ထိုသို့ပြောနေစဉ် နောက်ထပ် မည်းမည်းသဏ္ဌာန်ကြီး ထွက် လာပြီး နှင်းလှကို လည်ဂုတ်ချိုးပြီး သတ်လိုက်ပြန်လေသည်။

"ဟော. . . သတ်ပစ်လိုက်ပြန်ပြီ"

မကောင်းဆိုးဝါးကြီးက နှင်းလှကို သတ်ပြီး ဆံပင်မှ ဒရွတ် တိုက် ဆွဲခေါ်သွားလေသည်။

ထိုအခြေအနေကို မြင်သောအခါ ထွန်းခမှာ စိတ်မထိန်းနိုင် တော့ဘဲ အသင့်ယူလာသောဓါးကို ဆွဲယူပြီး ထိုမည်းမည်းသဏ္ဌာန်ကြီး နောက်သို့ ပြေးလိုက်သွားလေတော့သည်။


www.burmeseclassic.com

www.burmeseclassic.com



အဖော်ဖြစ်သူက ဖမ်းဆွဲရန် ကြိုးစားသော်လည်း မမီလိုက်တော့ပေ။

"ငါ့ချစ်သူကို ရက်ရက်စက်စက် သတ်တဲ့ မကောင်းဆိုးဝါးကြီး တွေ့ကြရောပေါ့ကွာ" ဟု ပြောဆိုကြိမ်းဝါးရင်း ပြေးလိုက်သွားရာ တောထဲသို့ ရောက်သွားလေတော့သည်။

တောထဲမှာတော့ အမှောင်ရိပ်များ ဖုံးလွှမ်းနေသည်။

အတန်ကြာတော့ ထိုတောထဲမှ ထွန်းခ၏စူးစူးဝါးဝါး အော်သံကြီး ပေါ်လာတေတော့သည်။

အဖော်ဖြစ်သူလည်း ရွာသို့ ပြန်ပြေးသွားပြီး ရွာသူရွာသားများကို အကြောင်းကြားရလေသည်။

ထို့နောက် လူစုပြီး မီးတုတ်များဖြင့် လိုက်လံရှာဖွေကြရာ နတ်စင်ကုန်းနှင့် မနီးမဝေးတောထဲမှာ ဂုတ်ကျိုးလျက် သေနေသော ထွန်းခ အလောင်းကိုသာ တွေ့ကြရလေတော့သည်။

ထိုအဖြစ်အများစုမှာ လွန်ခဲ့သောနှစ်များက ဖြစ်ပျက်ခဲ့သည့် အကြောင်းအရာအချို့ပင် ဖြစ်ပေတော့သည်။





# အခန်း(၄)

# ထူးဆန်းစွာ သေဆုံးကြသည့်အပျိုများ

မြန်မာနိုင်ငံ လွတ်လပ်ရေးတိုက်ပွဲများ ဆင်နွှဲနေချိန်နှင့် လွတ်လပ်ရေး ရပြီးစအချိန်တွင် မြန်မာနိုင်ငံ အောက်ပိုင်းဒေသများတွင် ရောင်စုံသောင်းကျန်းသူများ မင်းမူခဲ့ကြသည်။

သောင်းကျန်းသူများမှာ မြို့နှင့် အလှမ်းဝေးသောကျေးရွာများကို နှိပ်စက်ကြပြီး ၎င်းတို့ကို ဆန့်ကျင်သူများကို ရက်ရက်စက်စက် သတ်ဖြတ်ခဲ့ကြသည်။

တောင်ညိုရွာနှင့် မနီးမဝေးမှာ ရှိသည့် ယခင်က နတ်စင်ကုန်းဟု ခေါ်သောနေရာမှာလည်း သောင်းကျန်းသူများ၏လူသတ်ရာနေရာ တစ်ခုဖြစ်လာခဲ့ပြီးနောက် နတ်စင်ကုန်းဟူသောအမည်မှာ တဖြည်း



www.burmeseclassic.com

www.burmeseclassic.com

ဖြည်း ပျောက်ကွယ်သွားပြီး သူသတ်ကုန်း ဟူသောအမည်မှာ ထင်ရှားလာသည်။

ထိုကုန်းပေါ်မှာ အသတ်ခံရသူများကို မြှုပ်နှံသောနေရာမှာလည်း တဖြည်းဖြည်းနှင့် သင်္ချိုင်းဖြစ်လာတော့သည်။

ထိုသင်္ချိုင်းကိုတော့ တောနှင့် မနီးမဝေး တောင်ကြားတစ်ခုမှာပင် လုပ်ထားကြပြီး 'ငိုသံကြား တောင်ကြား' ဟုပင် အမည်ပေးထားကြသည်။

မည်သူက ထိုအမည်ကို ပေးခဲ့သည် မသိရသော်လည်း ထိုအမည်နှင့်တော့ အတော်ကလေး လိုက်ဖက်လှသည်။

အဘယ်ကြောင့်ဆိုသော် သောင်းကျန်းသူများက အဖွဲ့ပေါင်းစုံမှ ရောက်လာတတ်ပေရာ သူတို့ရွာမှာ လူများသာမက အခြားရွာ အခြားနေရာမှ လူများကိုပါ ဆွဲလာပြီး ထိုနေရာမှာ လာရောက်သတ်ဖြတ်ပြီး ထားခဲ့ကြသည်။

တောင်ညိုရွာမှ လူများမှာ ထိုနေရာမှာ သူတို့ရွာနှင့် နီးသောကြောင့် သိသည်ဖြစ်စေ မသိသည်ဖြစ်စေ၊ အသတ်ခံရသောအလောင်းများကို ငိုသံကြားတောင်ကြားမှာ မြှုပ်နှံပေးကြရသည်။

မကြာခဏ ထိုနေရာမှ ငိုသံကြားနေရလေရာ 'ငိုသံကြားတောင်ကြား' ဟု အမည်ပေးထားခြင်းမှာ များစွာလိုက်ဖက်လှပေသည်။

တစ်နေ့သ၌ နေဝင်ရီတရော အချိန်ရောက်တော့မှ ထိုနေရာမှ အလုပ်သမားသုံးယောက် ဖြတ်ဆင်းလာကြလေသည်။

အခြားမဟုတ်ပေ. . . ။

တောင်ညိုရွာသားများဖြစ်သော နီမောင်၊ စောထီးနှင့် ဝမဲအောင်တို့သုံးယောက်ပင်ဖြစ်၏။

၎င်းတို့သုံးယောက်မှာ ရိုးမတောင်ပေါ် တက်ပြီး ဝါးခုတ်ရာမှ





နေဝင်ချိန်တွင် ရွာသို့ ပြန်လာကြခြင်းဖြစ်၏။

ဝါးခုတ်သော ဓါးတစ်လက် ပါပြီး နောက်မှာ ပလိုင်းတစ်လုံးစီလွယ်ထားကြသည်။

ထိုပလိုင်းထဲမှာ တောင်ပေါ် တက်သွားစဉ်က ထမင်းထုပ်၊ ရေဗူးနှင့် အခြားဆေးဝါးပစ္စည်းအချို့ ပါသွားပြီး အပြန်မှာတော့ တောထဲမှ တွေ့သမျှ အသီးအနှံများ ခူးထည့်လာကြသည်။

တောထဲမှာ အလေ့ကျ ပေါက်နေသည့် ပိုင်ရှင်မရှိသော သီးပင်စားပင်များ ရှိရာ ထိုအပင်များမှ အသီးအနှံများကို ခူးဆွတ်ထည့်လာခြင်းဖြစ်သည်။

သရက်ပင်၊ ပိန္နဲပင်၊ ဒညင်းပင်၊ မရမ်းပင် အစရှိသော အပင်များမှာ တောထဲမှာ အများအပြား ရှိကြလေသည်။ ဘယ်နေရာမှာ ဘယ်အပင်ရှိသည်ကိုတော့ မှတ်သားထားရသည်။

ဒညင်းပင် ဘယ်နေရာမှာ ရှိသည်၊ ပိန္နဲပင် ဘယ်နေရာမှာ၊ သရက်ပင် ဘယ်နေရာမှာ၊ မရမ်းပင် ဘယ်နေရာမှာ ရှိသည်ကို မှတ်မိမှ ရာသီချိန် ရောက်သည်နှင့် ထိုအပင်ရှိရာသို့ အရောက်သွားကာ အသီးအနှံများကို ခူးနိုင်ကြမည်ဖြစ်သည်။

မိမိက မမှတ်မိပါက အခြားတွေ့သည့်လူက ခူးယူသွားသည့်အပြင် အသီးမှည့်ချိန် ရောက်ပါက တောတိရစ္ဆာန်များ လာရောက်စားသောက်ကြလေသည်။

နီမောင်တို့သုံးယောက်မှာ သက်တူရွယ်တူများဖြစ်ပြီး အသက်(၂၅)နှစ်ခန့်အရွယ် ရှိကြလေသည်။

သူတို့သုံးယောက်မှာ ညီအစ်ကိုတော်စပ်သူများ မဟုတ်ကြစေကာမူ ညီအစ်ကိုအရင်းတမျှ ချစ်ခင်ကြသည်။

တစ်ယောက်အကြောင်းရှိလျှင် တစ်ယောက်က အသက်စွန့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



အကူအညီပေးလေ့ရှိသည်။

ထို့ကြောင့်လည်း သွားအတူတူ၊ လာအတူတူ၊ အလုပ်သွားလျှင်လည်း အတူတူပင်ဖြစ်သည်။

ယခုလည်း သုံးယောက်သား တောင်ပေါ် တက်ပြီး ဝါးခုတ်ရာမှ ပြန်ဆင်းလာကြခြင်းဖြစ်၏။

အနောက်ရိုးမ တောအတွင်းမှာ ဝါးတောကြီးများ မြောက်များစွာ ရှိသည်။

ဝါးမျိုးစုံတို့ ရှိသည်။

ဝါးဘိုးဝါးကြီးများမှ ထီးရိုးဝါးအထိ အရွယ်အစား အမျိုးမျိုး၊ အမျိုးအစား အမျိုးမျိုးတို့ ပေါများစွာ ရှိနေကြလေသည်။

သို့သော်လည်း ဝါးတောများ ရှိသည့်နေရာတိုင်းလည်း သွား၍ မဖြစ်ပေ။

ထိုကာလက မြစ်ဝကျွန်းပေါ် ဒေသများမှာ ရောင်စုံသောင်းကျန်းသူတို့က နေရာအနှံ့အပြားမှာ ရှိနေကြသည်။ အများအားဖြင့်တော့ တောထဲမှာ နေကြသည်။

၎င်းတို့ နေသောနေရာသို့ ရောက်ပြီး ဝါးခုတ်သစ်လှဲ ပြုလုပ်မိပါက ဖမ်းဆီးပြီး အသတ်ခံကြရသည်။ သို့ကြောင့်လည်း တောထဲမှာ ပေါက်နေသည့် ဝါးပင်ကို ခုတ်ယူကြရသည် ဆိုစေကာမူ ၎င်းတို့နှင့် လွတ်ကင်းအောင်လည်း ဂရုစိုက်ကြရသည်။

သောင်းကျန်းသူများက လက်နက်ရှိသူအချင်းချင်းကိုသာ ရန်မပြုသော်လည်း လက်နက်မရှိသော ရွာသူရွာသားများကိုတော့ အနိုင်ကျင့်ကြလေသည်။

နီမောင်တို့သုံးယောက်မှာ နံနက်လင်းစကတည်းက တောင်ပေါ်သို့ တက်သွားကြသည်။





ရေဗူး၊ ထမင်းထုပ်နှင့် အရေးအကြောင်းရှိပါက အသုံးပြုရန်အတွက် ဆေးဝါးအချို့ကိုပါ ယူဆောင်သွားကြသည်။

ဝါးတောသို့ ရောက်သောအခါ စိတ်ကြိုက် ဝါးများ ခုတ်ယူခြင်း၊ အရင်းအဖျား ဖြတ်ခြင်း၊ နဖားဖောက်ခြင်း၊ တုတ်တံဖြင့် တွဲခြင်း၊ တွဲပြီးသော ဝါးများကို ချောင်းစပ်ရောက်အောင် ဆွဲချခြင်းများ ပြုလုပ်ကြရသည်။

အချို့ကတော့ ဝါးတွဲများကို လှည်းဖြင့် သယ်ခြင်း၊ ကျွဲများဖြင့် ဆွဲချခြင်းများ ပြုလုပ်ကြသည်။

အချို့ကတော့ လူအားနှင့်ပင် ချောင်းရိုးရှိရာသို့ ဆွဲချပြီး လိုရာရောက်အောင် သယ်ယူကြရသည်။

ဝါးခုတ်သောအရပ်မှာ သစ်ပင်ဖြတ်သောအလုပ်လောက်တော့ အန္တရာယ်မများလှပေ။

သို့သော်လည်း တောထဲမှာ လုပ်ကိုင်ရသော အလုပ်မှန်သမျှပင်ပန်းလှပြီး အသက်အန္တရာယ်နှင့်လည်း နီးလှသည်။

ကျား၊ ဆင်၊ ကျားသစ်၊ ဝက်ဝံ၊ မြွေ အစရှိသော တောတိရစ္ဆာန်များအပြင် တောတွင်းမှာ နေသော သောင်းကျန်းသူများနှင့် တွေ့ပါကလည်း အသက်ဆုံးရှုံးကြရလေသည်။

ထို့ထက်ကြောက်ဖို့ကောင်းသည်က တောထဲမှာ ရှိနေကြသော သရဲတစ္ဆေ၊ ကျတ် စသော နာနာဘာဝ မကောင်းဆိုးဝါးတို့၏လှည့်ဖြားမှုကြောင့် အသက်သေဆုံးကြရသည်။

နီမောင်တို့လို တောကျွမ်းနေသူများပင် မမျှော်လင့်သော လှည့်စားမှုများနှင့် တွေ့ကြုံရဖူးသည်။

တစ်ခါက ဝါးခုတ်နေရင်းမှ မနီးမဝေး တောထဲမှ အော်သံကြားရသည်။



www.burmeseclassic.com

www.burmeseclassic.com

"ကယ်ကြပါဗျာ. . . ကျွန်တော့်ကို ကယ်ကြပါ"

ထိုအသံကြားရသဖြင့် မိမိတို့လို ဝါးခုတ်သမားတစ်ယောက် ဒုက္ခရောက်နေပြီ အထင်ဖြင့် သုံးယောက်သား ထိုနေရာသို့ ပြေးသွားကြသည်။

ထိုနေရာရောက်တော့ ဝါးတောထဲမှာ လဲကျသေဆုံးနေသော အရိုးစုတစ်ခုကိုသာ တွေ့ရလေသည်။

ထိုအခါမှ တောခြောက်မှန်း သိကြသဖြင့် ထိုနေရာမှ ခပ်သုတ်သုတ် ပြန်ထွက်ခဲ့ကြရသည်။

ဝါးခုတ်သူများအတွက် အန္တရာယ်အပေးဆုံးမှာ ဝါးတောထဲမှာ အများအားဖြင့် နေကြသော အဆိပ်ပြင်းသည့်မြွေ၊ ပင့်ကူတို့၏ အန္တရာယ်အပြင် ဝါးငုတ်ထိုးမိသော အန္တရာယ်ပင်ဖြစ်သည်။

ဓားဖြင့် ခပ်စောင်းစောင်း ခုတ်ချလိုက်သဖြင့် မြေပေါ်မှာ ကျန်ခဲ့သော ဝါးငုတ်မှာ လှံသွားတမျှ ချွန်ပြီး ဓားသွားတမျှ အသွားထက်သည်။

ထိုငုတ်ပေါ်သို့ မတော်တဆ နင်းမိက ခြေထောက်ပေါက်သွားခြင်း၊ ကွဲသွားခြင်း စသော ဒဏ်ရာများ ရစေပြီး အကယ်၍ ခြေချော်လဲကျပြီး ထိုငုတ်ပေါ်သို့ မှောက်ကျပါက ထုတ်ချင်းပေါက်သွားစေသည်။

ထို့ကြောင့် တောထဲမှာ အလုပ်လုပ်၍ ဝမ်းစာရှာနေရသူများအဖို့ အန္တရာယ်များလှသောကြောင့် အန္တရာယ်ကင်းစွာဖြင့် အိမ်သို့ ပြန်ရောက်တော့မှ သက်ပြင်းချနိုင်ကြသည့်ဘဝများ ဖြစ်ကြလေသည်။

ယခုလည်း နီမောင်တို့သုံးယောက်မှာ တစ်နေ့လုံး တောင်ပေါ်မှာ ဓါးခုတ်ခဲ့ကြပြီး နေဝင်ချိန်နီးတော့မှ ရွာသို့ ပြန်လာကြခြင်းဖြစ်သည်။

သုံးယောက်သား စကားတပြောပြောဖြင့် လျှောက်လာကြရာ





ငိုသံကြားတောင်ကြားရောက်တော့ ထိုနေရာဘက်မှ ငိုသံကြားရသည်။

ငိုသံကြားတောင်ကြားထဲမှာ လူသေမြှုပ်သော သချိုင်းရှိသဖြင့် ငိုသံကြားရသည်ကတော့ အဆန်းမဟုတ်ပေ။

သို့သော် ကြားရသော ငိုသံကတော့ နည်းနည်းဆန်းဆန်း။

"အောင်မယ်လေး. . . ဖြစ်မှဖြစ်ရလေ သမီးရယ်၊ အပျိုစစ်ကနေ ဘယ်သူက စော်ကားလိုက်လို့ ဒီခုလို ကိုယ်ဝန်ရှိခဲ့ရတာလဲကွယ်၊

ကိုယ်ဝန်ရှိပြီးမှ မယူဘဲနဲ့ သတ်ပစ်လိုက်တာကရော ဘယ်သူ့လက်ချက်လဲကွယ်၊

ငါ့သမီးလေးကို ရက်ရက်စက်စက် သတ်တဲ့လူကို အမေတို့ကို ပြောပြခဲ့ပါဦး သမီးရဲ့"

ဟူသော ငိုသံပင်ဖြစ်၏။

တိတ်ဆိတ်နေသောအချိန်၊ တိတ်ဆိတ်နေသည့်နေရာ ဖြစ်သောကြောင့် ထိုကဲ့သို့ ပြောလိုက်၊ ငိုလိုက်နှင့် အသံများကို အတိုင်းသား ကြားနေရသည်။

သုံးယောက်သား ရပ်ပြီးနားထောင်နေကြသည်။

"ဟိုတောင်ကြားထဲက ငိုသံကြားရတယ်"

"သချိုင်းရှိတဲ့နေရာက ငိုသံကြားရတာ ဘာများ ဆန်းသလဲ၊ အသုဘ လာချတာ ဖြစ်မှာပေါ့"

"ငိုသံက ဆန်းနေသလိုပဲ. . . သွားကြည့်ရအောင်"

"တော်ကြာ လူတွေမဟုတ်ဘဲ သရဲခြောက်တာဆိုရင်ကော ဘယ်လိုလုပ်မလဲ"

"သုံးယောက်တောင် ရှိတာပဲကွာ၊ သရဲခြောက်တော့လည်း ဘာကြောက်စရာရှိသလဲ"



www.burmeseclassic.com

www.burmeseclassic.com

ဟု ပြောကာ နီမောင်က ရှေ့မှ ဦးဆောင်ပြီး ဆင်းသွားရာ ကျန်နှစ်ယောက်ကလည်း နောက်မှ လိုက်လာကြသည်။

တောင်ကြားလမ်းထဲမှာ ရှိသော သချိုင်းနေရာရောက်တော့ လူလေးငါးယောက်ကို လှမ်းမြင်ရသည်။

သူတို့လက်ထဲမှာ မီးတုတ်ပါလာသဖြင့် မှောင်စပျိုးနေသော တောင်ကြားထဲမှာ အလင်းရောင်အချို့ ရနေလေသည်။

ယောကျ်ားလေးယောက်နှင့် မိန်းမကြီးတစ်ယောက်ကို တွေ့ရသည်။

ငိုသံက ထိုမိန်းမကြီးထံမှ ဖြစ်သည်။

လူနှစ်ယောက်က အလောင်းမြှုပ်ရန် မြေကျင်းတူးနေကြသည်။ ကြည့်လိုက်တော့ တောင်ညိုရွာကတော့ မဟုတ်ကြပေ။

သေဆုံးနေသူမှာ မိန်းကလေးတစ်ယောက်ဖြစ်ပြီး အသက် (၂၀)ကျော်အရွယ်လောက်သာ ရှိသေးပြီး ရုပ်ရည်အတန်အသင့် ပြေပြစ်သူဖြစ်သည်။

နီမောင်တို့ အနားရောက်မှ မိန်းမကြီးက သူတို့ကို ကြည့်ပြီး ငိုပြန်လေသည်။

"အမယ်လေး. . . ငါ့တူတို့ရယ်၊ အဒေါ့်သမီးလေးအဖြစ်ကိုလည်း ကြည့်ကြပါဦးကွယ်၊ အပြစ်မရှိဘဲ ဘယ်သူက ဖျက်ဆီးလိုက်မှန်း မသိလို့ ကိုယ်ဝန်ရှိရတယ်ကွယ့်၊

ကိုယ်ဝန်ရှိပြီးတော့လည်း မယူဘဲနဲ့ သတ်ပစ်လို့ သေရပြန်တယ်ကွယ်"

"ဘယ်သူသတ်တာလဲ အဒေါ်"

"မသိပါဘူးကွယ်. . . ဘယ်သူ့လက်ချက်ဆိုတာတောင် မသိရပါဘူး၊ အဖြစ်ဆိုးလိုက်တာ သမီးရယ်"





ဟု ငိုနေပြန်သည်။

နီမောင်တို့ သုံးယောက်လည်း ကြုံကြိုက်နေသောကြောင့် အသုဘ မြေမြှုပ်သောကိစ္စကို ဝင်ရောက်လုပ်ကိုင်ပေးရာ ညဦးပိုင်းအချိန်မှ ပြီးသွားကြသည်။

"အဒေါ်တို့က တယ်ပင်ရွာကပါကွယ်၊ ရောက်တဲ့အခါ ဝင်ခဲ့ကြပါ"

ဟု ပြောကာ ပြန်သွားကြလေသည်။

ထိုအခါမှ နီမောင်တို့သုံးယောက်လည်း ရွာသို့ ပြန်ခဲ့ကြသည်။

"နီမောင်. . . မင်းသတိထားမိလား"

"ဘာကိုလဲ"

"အခုတလော အရွယ်ကောင်းတဲ့ မိန်းကလေးတွေချည်း သေနေကြတာ သတိပြုမိသလား"

စောထီးက မေးသည်။

"လူသေတာပဲ. . . အဆန်းလား၊ ဘယ်အသက်အရွယ်ဖြစ်ဖြစ် သေတာပဲပေါ့"

"ဟုတ်ပါတယ်. . . ဒါပေမယ့် သေတဲ့မိန်းကလေးတွေက အပျိုတွေချည်းပဲ"

"ဒါလည်း အဆန်းလား၊ သေတာပဲ. . . အပျိုဖြစ်ဖြစ် အအိုဖြစ်ဖြစ် သေချိန်တန်ရင် သေမှာပဲပေါ့"

"ဟုတ်ပါတယ်. . . ဒါပေမယ့် သေတဲ့အပျိုတွေတိုင်း. . . ယောကျ်ားမရှိကြဘဲ ကိုယ်ဝန်ရနေတာချည်းပဲ"

"ဟင်. . . အဲဒါကတော့ နည်းနည်းထူးဆန်းတယ်ကွ"

"ဒါထက်ပိုပြီး ဆန်းတာက အဲ့ဒီလို ကိုယ်ဝန်ရှိပြီးတာနဲ့ အန္တရာယ်တစ်ခုခုနဲ့ တွေ့ရပြီးမှ သေကြရပြန်တယ်"



www.burmeseclassic.com

www.burmeseclassic.com

"အဲဒါကတော့ ပိုပြီးထူးဆန်းတယ်ဟေ့၊ ဒါဆိုရင် သာမန်တိုက် ဆိုင်မှုတော့ မဟုတ်လောက်တော့ဘူး၊ စောစောက ငါတို့ မြေမြှုပ်ပေး တဲ့ မိန်းကလေးကလည်း အဲဒီလိုအဖြစ်မျိုးနဲ့ ကြုံခဲ့ရတာမျိုး ဖြစ်မှာပဲ"

"ဒါထက် အဲဒီအကြောင်းတွေ မင်းက ဘယ်လိုသိနေတာလဲ စောထီး"

ငမဲအောင်က မေးလိုက်သည်။

"ငါ့ဦးလေးတစ်ယောက် ပြောပြလို့ သိတာကွ၊ သူက တစ်နယ် လုံးမှာ ဘယ်နေရာမှာ မသာရှိသလဲဆိုပြီး အမြဲစုံစမ်းနေတာလေ"

"ဘာလုပ်မလို့လဲ"

"သူက ဖဲသမားလေကွာ၊ မသာရှိမှ ဖဲချရတာဆိုတော့ မသာ ဘယ်နေရာမှာ ရှိပါ့မလဲဆိုတာ စုံစမ်းနေတော့ ဒီအကြောင်းတွေကို သိနေတာပေါ့"

ဟု ပြောပြတော့မှ သဘောပေါက်သွားကြလေသည်။

"ဒီလိုအဖြစ်မျိုးနဲ့ မကြာခဏ မိန်းကလေးတွေ သေရတာ တိုက်ဆိုင်မှု မဟုတ်ဘူးဆိုရင် အကြောင်းတစ်ခုခုတော့ ရှိမှာပဲ၊ ငါတော့ စိတ်ဝင်စားလာပြီ"

ဟု နီမောင်က ပြောလိုက်သည်။

ထို့နောက် အချိန်မရှိတော့သဖြင့် သုံးယောက်သား ရွာဘက်သို့ ခပ်သုတ်သုတ် လျှောက်ခဲ့ကြလေတော့သည်။





# အခန်း(၅)

## လောကဝက်ပါထဲမှ လှည့်စားမှုများ

နီမောင်တို့က ထိုအကြောင်းကို ရွာပြန်ရောက်တော့ လူအချို့ ကို ပြန်ပြောပြလိုက်သည်။

သူတို့ပြောသည်ကို မည်သူကမှ မယုံကြ။ မည်သူကမှလည်း အလေးအနက် မထားကြပေ။

"လူပဲ. . . သေချိန်တန်လို့ သေကြတာ ဘာများ ဆန်းသလဲ ကွာ၊ ငယ်ငယ်ရွယ်ရွယ်နဲ့ သေရတာဆိုတော့ ဝေလေ့ထုံးစံ တစ်ခုခု မှား ယွင်းလို့သာ ဖြစ်မှာပေါ့"

တောင်ညို့ရွာမှာ နေထိုင်ကြသူအများစုမှာ ရှေးရိုးအစဉ်အလာ များကို အလေးထားသူများ ဖြစ်ကြပြီး တစ်ခုခုဖြစ်သည်နှင့် နတ်တိုက်၊



www.burmeseclassic.com

www.burmeseclassic.com



စုန်းတိုက်၊ ပယောဂ တိုက်သည်ဟုပင် ထင်တတ်ကြသည်။

အိမ်မှာ အသေးအဖွဲ့ တစ်ခုခုဖြစ်သည်ကိုပင် မှားယွင်းမှု တစ်ခု ခုကြောင့်ဟု ယူဆတတ်ကြသည်။

"ဖြစ်မှာပေ့ါ. . . ဦးရှင်ကြီးနတ် တင်ရမယ့်အချိန် ရောက်နေတာ မသိယောင်ဆောင်နေတော့ တပည့်လက်သားတွေက သတိပေးကြတာ နေမှာပေ့ါ။ ဒီထက်အချိန်ဆွဲနေရင် နင်တို့ကို သတ်ပစ်လိမ့်မယ်၊ မိရိုးဖလာကိစ္စပဲ. . . တင်မြှောက်ရမယ့်ကိစ္စကို မြန်မြန်တင်လိုက်ကြလေ"

"ဟုတ်တယ်. . . နင်တို့ ပေ့ါလျော့မနေနဲ့၊ တလောက သပြေချောင်းရွာက ကလေးမလေးတစ်ယောက် ဘာတွေ အမှားအယွင်းလုပ်မိတယ် မသိဘူး၊ အိမ်ထဲမှာ နေရင်းနဲ့ကို ကိုယ်ဝန်တည်ပြီး နောက်ဆုံး အသက်ပါ သေသွားတာ မကြားမိကြဘူးလား"

ရွာသူရွာသားများမှာ ရိုးသားကြသူများဖြစ်ကြသောကြောင့် မည်သည့်ကိစ္စများဖြစ်စေ. . . နတ်မှားသည် ရိုးရာမှားသည်ဟုသာ ထင်လိုက်ကြပြီး အခြားတော့ ဘာမှမသိကြပေ။ နားလည်း မလည်ကြပေ။

တောင်ညိုရွာ ပတ်ဝန်းကျင်တစ်ဝိုက်မှာလည်း အခြားရွာနီးချင်းများ ရှိကြသည်။

ရိုးမတောင် အနောက်ဖက်နှင့် ပင်လယ်ကမ်းခြေတို့၏ကြားမှာ ရွာများ ရှိကြသည်။

အချို့လည်း မြေပြန့်မှာ ရွာတည်ထားပြီး အချို့လည်း တောင်ကုန်းများပေါ်မှာ တည်ထားကြသည်။

တစ်နေရာနှင့်တစ်နေရာ သွားလျှင် ခြေလျင်သွားလျှင်သွား၊ ဒါမှမဟုတ် လှည်းများဖြင့် သွားလာကြရသည်။





တောင်ညိုရွာနှင့် ပတ်ဝန်းကျင်တစ်ဝိုက်တွင် ရှိကြသောရွာများမှာ. . .

ဝါးဖြူတောင်၊ တယ်ပင်ရွာ၊ ဝါးဖြူဆိပ်ရွာ၊ တောင်သရက်ရွာ၊ မဒရပ်ကုန်း၊ စာဖြူစု၊ ကျွဲခြံရွာနှင့် သပြေချောင်းရွာတို့ ဖြစ်ကြသည်။

ယခုနှစ်ပိုင်း ရောက်လာတော့မှ ယခင်က မဖြစ်ခဲ့ဖူးသော ဖြစ်ရပ်များ ထိုနယ်တစ်ဝိုက်ရှိ ရွာများမှာ မကြာခဏဆိုသလို ဖြစ်ပေါ်လာခဲ့သည်။

ချောမောလှပသည့် အပျိုမိန်းကလေးများ အိမ်ထဲမှာ နေရင်းနှင့် ကိုယ်ဝန်ရလာခြင်းပင်ဖြစ်သည်။

အချို့လည်း ထိုသို့ဖြစ်သဖြင့် အရှက်ကို အသက်နှင့် လဲသွားကြရသည်။

အချို့လည်း မည်သူနှင့် ရမှန်း ကာယကံရှင်ကိုယ်တိုင်ပင် မသိရသော ကလေးကို ရဲရဲတင်းတင်း မွေးဖွားရန် ပြင်သည်။ ထိုမိန်းကလေးများမှာလည်း သက်ဆိုးမရှည်ကြပေ။

ကလေးမမွေးရခင်မှာ ကြောက်စရာကောင်းသော အန္တရာယ်တစ်ခုခုနှင့် တွေ့ပြီး သွေးပျက်ကာ သေဆုံးသွားကြလေသည်။

ထိုအဖြစ်အပျက်များက နှစ်လတစ်ခါ၊ သုံးလတစ်ခါ တစ်နေရာပြီးတစ်နေရာ၊ တစ်ရွာပြီးတစ်ရွာ ဖြစ်ပေါ်နေခြင်းဖြစ်သည်။

ထိုကဲ့သို့သော အဖြစ်အပျက်များ ဖြစ်နေသောကြောင့် ထိုနယ်တစ်ဝိုက်မှာ ရှိသော ဆေးဆရာများမှာ တစ်နေရာပြီးတစ်နေရာ လိုက်လံ ကုသပေးကြရသည်။

ရွာတိုင်းမှာ ဆေးဆရာ မရှိသလို များများစားစားတော့လည်း မရှိကြပေ။

တောင်ညိုရွာမှာ ဆေးဆရာဦးပန်ကောင်း ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



တယ်ပင်ရွာမှာတော့ ဆေးဆရာဦးသူတော် ရှိသည်။

မဒရပ်ကုန်းမှာတော့ ဆေးဆရာဟု အမည်ခံထားသော သံပချိုင်ဆိုသူ ရှိသည်။

ဦးဇနဲ့ကောင်းမှာ အသက်ငါးဆယ်ကျော်အရွယ်ခန့်ရှိပြီး ဆေးကုရာတွင် ဓာတ်ပညာကို အသုံးပြု၍ ကုပေးသည်။ ဓာတ်ပညာသည် သာမန်ဆေးပညာနှင့် မတူသောကြောင့် ရှုံးသွားသော ရွာသူရွာသားများ သိပ်ပြီးသဘောမကျကြပေ။

တယ်ပင်ရွာမှာ ရှိသော ဦးသူတော်ကတော့ ထိုသို့မဟုတ်ပေ။

အသက်ငါးဆယ်ကျော်အရွယ်ခန့်ပင် ရှိသေးပြီး အရပ်အမောင်း မြင့်မားသည်။

သျှောင်တစောင်း ထုံးကာ အဝတ်ဖြူများကိုသာ အမြဲဝတ်ပြီး ပုတီးကို လည်ပင်းမှာ အမြဲဆွဲထားသည်။

နှုတ်ခမ်းမွေးရေးရေးနှင့် ရုတ်တရက် ကြည့်ပါက ဇာတ်မင်းသားတစ်ဦးနှင့်ပင် တူနေတော့သည်။

သူကတော့ ဆေးကုရာမှာ ပျောက်သည်ဖြစ်စေ မပျောက်သည်ဖြစ်စေ သမားဂုဏ်ပြသော အခြားနည်းများဖြင့်ပင် ကုသပေးသည်။

ဥပမာ. . . လက်ဖွဲ့များကို ဖျောက်ပြခြင်း၊ လက်ထဲသို့ ပြန်ရောက်လာအောင် လုပ်ခြင်း၊ ဖယောင်းတိုင်မီးများ အလိုလို မီးတောက်အောင် မီးငြိမ်းအောင် ပြုလုပ်ခြင်းများအပြင် ရွာသူရွာသားများ သဘောကျသော ဆန်များ၊ ငွေများ တိုးပွားလာအောင် လုပ်ခြင်း၊ အိုးခေါင်းများကို သူစေခိုင်းသည့်အတိုင်း လှုပ်ရှားစေခြင်း၊ ဖဲချပ်များကို ဖောက်ထွင်းမြင်စေနိုင်သောနည်းနှင့် အလိုရှိသောဖဲချပ်ကို လျှပ်တပြက် လက်ထဲ ရောက်လာအောင် ပြုလုပ်နည်းများ ပြုလုပ်နိုင်သည်။





ထိုနည်းများသည် အသိဉာဏ်နည်းသော ဖဲသမားများနှင့် သူတပါး ပြောလျှင် ယုံကြည်တတ်သူတို့ နှစ်သက်ကြသော နည်းများပင် ဖြစ်၏။

ထို့ပြင် ပီယသိဒ္ဓိဆေး၊ ကာယသိဒ္ဓိဆေးများကိုလည်း စီရင်ပေးသဖြင့် လူငယ်ကာလသားများက ယင်းအပေါ်မှာ ယုံကြည်မှု ရှိကြပေသည်။

စားပြီးတုတ်ပြီးဆေးကိုတော့ တစ်ပွဲတိုးသာ စီရင်ပေးပြီး ပီယသိဒ္ဓိဆေးကတော့ အလိုရှိသောအမျိုးသမီးနှင့် ရစေနိုင်လောက်သည် အထိ အစွမ်းထက်မြက်သည်။

မဒရပ်ကုန်းမှ သံပချိုင်ကတော့ ရုပ်ကြမ်းစိတ်ကြမ်းသူတစ်ဦး ဖြစ်သည်။

အသက်ငါးဆယ်ကျော်အရွယ်ရှိပြီး အသားမည်းမည်း၊ ရုပ်ဆိုးဆိုးနှင့်ဖြစ်သည်။

ဂုင်းမှာ တပည့်တပန်းများ ရှိသည်။

သချိုင်း၊ သုသာန် စသောနေရာများကို လှည့်လည်သွားလာနေသောကြောင့် ဂုင်းကို အောက်လမ်းဆရာတစ်ယောက်ဟု ထင်မှတ်နေကြသည်။

သံပချိုင်ကိုတော့ အတော်အရေးကြီးသောကိစ္စများ ရှိမှ သွားရောက် အကူအညီတောင်းတတ်ကြသည်။

"ကျုပ်ရဲ့ကျွဲတစ်ကောင် ပျောက်သွားပါတယ်၊ ကျွဲပြန်မရချင်နေပါစေ၊ ခိုးသွားတဲ့သူကို သိရရင် ဆရာကြီးကို စပါးဆယ်တင်း ပေးပါ့မယ်"

"မင်းကတိအတိုင်း တည်ပေစေ၊ ခုနစ်ရက်အတွင်းပင် ကျွဲခိုးတဲ့လူ အိမ်ရောက်လာလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



သူပြောသည့်အတိုင်းပင်. . .

ခုနစ်ရက်မပြည့်ခင်မှာပင် ကျွဲခိုးသွားသူ ရောက်လာပြီး ကျွဲဖိုး အပြင် လျှော်ကြေးငွေများ ပေးပြီး တောင်းပန်ရလေသည်။

“ဘာဖြစ်လို့ အခုလို လာတောင်းပန်ရတာလဲ”

“ခင်ဗျားကျွဲ ခိုးသွားပြီးကတည်းက တစ်ရက်မှ ကောင်းကောင်း မနေရပါဘူးဗျာ၊ ညဘက်ရောက်တာနဲ့ သရဲသဘက်တွေ ရောက်လာပြီး ကျွဲဖိုးလာတောင်းနေကြနဲ့ မနေဝံ့တော့လို့ လာလျှော်ပေးရတာပါ။ ခင်ဗျားတို့ရဲ့ဆိုင်ရာပိုင်ရာတွေကို ပြန်သိမ်းပေးကြပါဗျာ. . တောင်းပန် ပါတယ်”

အချို့ကလည်း. . .

“ဆရာကြီး. . . ကျုပ်အုန်းခြံတွေမှာ ညဘက်မှာ အုန်းသီးတွေ ဝင်ခိုးနေတာ ဖမ်းလို့လည်း မမိဘူး၊ သူခိုးတွေကို ကြောက်အောင် လန့်အောင် လုပ်ပေးပါ။ အရက်နဲ့ကြက်သားဟင်းဖိုး ပေးပါ့မယ်”

“အေး. . . မင်းကတိအတိုင်း တည်ပစေ”

နောက်တစ်ရက်မှာတော့ အုန်းပင်ပေါ်မှ ပြုတ်ကျသေနေသည့် အလောင်းတစ်လောင်းကို တွေ့ကြရပြီး နောက်တစ်နေ့တွင် အုန်းသီးခိုးသူများက ၎င်းတို့ ခိုးယူသွားသော အုန်းသီးများကို လာပြန်ပို့ ပေးပြီး ကျေနပ်အောင် တောင်းပန်ကြရလေသည်။

“မင်းတို့လူ ဘယ်လိုဖြစ်ပြီး သေတာလဲကွ. . . ပြောပါဦး”

“အုန်းသီးတက်ခိုးနေတုန်း အောက်က မည်းမည်းကြီး တစ်ကောင် တက်လိုက်လာပြီး ခြေထောက်ဆွဲချလို့ သေရတာပါ။ နောက်တော့ ဘယ်တော့မှ သူများပစ္စည်း မခိုးဝံ့တော့ပါဘူးဗျာ”

ဟု ပြောသွားကြသည်။

သံပချိုင်က ထိုကဲ့သို့ အစွမ်းထက်သော ဆရာမျိုးဖြစ်သည်။





ဦးသူတော်ရော သံပချိုင်ပါ လူငယ်များ သဘောကျကြသည်။ ကာပ သိဒ္ဓိဆေးဟု ခေါ်သော ဓားပြီးတုတ်ပြီးဆေး၊ ပိယသိဒ္ဓိဟု ဆိုသေ မိန်းကလေးများ ချစ်ကြိုက်စေသည့်ဆေးများကို ရောင်းချကြသဖြင့် နာမည်ကြီးကြလေသည်။

ဦးဇန်ကောင်းကတော့ ထိုကဲ့သို့သော အစီအရင်မျိုး ပြုလုပ် မပေးသောကြောင့် ၎င်းတို့နှစ်ယောက်လောက် နာမည်မကြီးလှပေ၊

တစ်နေ့တော့ တောင်ပေါ် တက်စရာကိစ္စ မရှိသဖြင့် နီမောင် က တောထဲမှ ရလာသောပျားရည်ကို ဦးဇန်ကောင်း နေအိမ်သို့ သွားပို့ ပေးသည်။

“အဘ ဆေးဖော်ဖို့အတွက် ပျားရည်လာပို့ပေးတာပါ”

“ကျေးဇူးပါပဲ နီမောင်ရယ်. . . လာထိုင်ကွာ”

ဟု ပြောသဖြင့် အိမ်ပေါ် တက်ထိုင်သည်။

ဦးဇန်ကောင်းမှာ တစ်ယောက်တည်း နေသူဖြစ်ပြီး ၎င်းနေ သောအိမ်မှာ ဆေးပုလင်းများနှင့် ဖိုထိုးသောဖိုခန်းမှလွဲပြီး အခြားပစ္စည်း များများမရှိပေ။

“အဘကို မေးချင်စရာလေးတွေ ရှိလို့ လာတာပါ”

“သိချင်တာရှိရင် မေးပေါ့ကွယ်”

ဦးဇန်ကောင်းက လုပ်လက်စအလုပ်များကို ရပ်ပြီး နီမောင် အနီးမှာ လာထိုင်သည်။

ထို့နောက် ကွမ်းအစ်,ကို ယူကာ ကွမ်းယာနေသည်။

“အခုတလော မိန်းကလေးတွေ သေကြတာ အတော်လေး များနေတယ်၊ တခြားရွာတွေကရော ကျွန်တော်တို့ရွာကတောင် တစ် ယောက်နှစ်ယောက် ပါသေးတယ်၊ အဲဒါ ဘယ်လိုဖြစ်နေတာလဲအဘ၊ သွေးရိုးသားရိုးမှ ဟုတ်ရဲ့လား၊ အဲဒါ သိချင်လို့ပါ”



www.burmeseclassic.com

www.burmeseclassic.com



ဦးဗန်ကောင်းက ကွမ်းယာကို ပါးစပ်ထဲ ထည့်လိုက်ပြီး လက်ညှိုးမှာ ပေနေသော ထုံးများကို တိုင်မှာ သုပ်လိုက်သည်။ ထိုတိုင်မှာ ထုံးတို့ထားသောအရာများ အထပ်ထပ် ရှိနေလေသည်။

"ဘယ်ကိစ္စမျိုးမဆို တစ်ခုခုဖြစ်လာပြီဆိုရင် အကျိုးဆက် အကြောင်းဆက်ဆိုတာ ရှိတယ်၊ အကြောင်းမရှိဘဲနဲ့တော့ အကျိုးဆက်တွေ ဖြစ်မလာနိုင်ဘူးပေါ့၊ ဒီလိုဖြစ်လာပြီဆိုရင် တစ်စုံတစ်ယောက်ရဲ့ ပယောဂ ပါချင်လည်း ပါမှာပေါ့"

"ဘယ်လိုပယောဂမျိုးလဲ အဘ"

"မင်းတို့လူငယ်တွေစကားနဲ့ပဲ ပြောရမှာ၊ မင်းစဉ်းစားကြည့်လေ. . . အခုဖြစ်နေတဲ့ကိစ္စတွေဟာ သူတို့အတွက် အသက်လောက် ဒုခရေးကြီးတဲ့ကိစ္စတွေ မဟုတ်ဘူးလား"

"ဟုတ်ပါတယ်"

"ဒီလိုကိစ္စမျိုးကို ကာယကံရှင်ကိုယ်တိုင် မသိလိုက်ရဘဲ ဖြစ်ရတယ်ဆိုတော့ ထူးဆန်းမနေဘူးလား"

"ဟုတ်တယ်. . . အတော်ထူးဆန်းတယ်"

"မိန်းမတစ်ယောက်ရဲ့မေတ္တာကို လွယ်လွယ်နဲ့ ရတာမျိုးမှ မဟုတ်တာ၊ ဒီအဆင့်ရောက်ဖို့ဆိုတာကတော့ ဝေးရော၊ ဒီကိစ္စမျိုးကို သူ မသိဘဲနဲ့ အဖြစ်ခံလိုက်ရပြီဆိုကတည်းက ရိုးသားပါတော့မလား"

"ဘယ်နည်းနဲ့မှ မရိုးသားပါဘူး"

"ဒါဆိုရင် တစ်ယောက်ယောက်က လုပ်နေတာ သေချာပြီပေါ့ကွာ"

"ဘယ်သူဖြစ်မလဲ အဘ"

"ဒါကတော့ အတပ်ပြောလို့ ဘယ်ရပ့်မလဲ၊ သေသေချာချာ စုံစမ်းကြည့်မှ သိရတော့မှာပေါ့၊ ဒါပေမယ့် ငါ့အနေနဲ့ တစ်ခုတော့





ပြောနိုင်တယ်၊ ဒီကိစ္စမျိုးတွေကို သာမန်လူတွေ မလုပ်နိုင်ဘူး၊ ဆေးဝါး အစီအရင် ကျွမ်းကျင်တဲ့လူမျိုးတွေပဲ လုပ်နိုင်မယ်"

ထိုစကားကြောင့် နီမောင်စိတ်ထဲမှာ အတွေးများစွာ ဖြစ်ပေါ် သွားလေသည်။

သူ့အတွေးထဲမှာ. . .

"ဒီနယ်တစ်ဝိုက်မှာ ဆေးဝါးအစီအရင် ကျွမ်းကျင်တဲ့လူဆိုလို့ များများမရှိဘူး၊ အဘဦးဗန်ကောင်းရယ်၊ မဒရပ်ကုန်းက သံပချိုင်နဲ့ တယ်ပင်ရွာက ဦးသူတော်တို့သုံးယောက်ပဲ ရှိကြတယ်၊ အဘဦးဗန် ကောင်းကတော့ ဒါမျိုးမလုပ်ဘူးဆိုတာ ငါသိတယ်၊ ဒါဆိုရင် ဟိုဆရာ နှစ်ယောက်ထဲက တစ်ယောက်ယောက် လက်ချက်များ ဖြစ်နေမလား၊ သူတို့နှစ်ယောက်သာ မှန်ရင်တော့ ဦးသူတော်ကတော့ လုပ်မယ်မထင် ဘူး၊ ဟိုအောက်လမ်းဆရာ သံပချိုင်ဆိုတဲ့လူပဲ ဖြစ်မှာ သေချာတယ်"

ဟု တစ်ယောက်တည်း တွေးနေမိသည်။

"မင်း ဘာတွေ စဉ်းစားနေတာလဲ"

"အော်. . . ဟို. . ဘာမှမစဉ်းစားပါဘူး အဘ၊ ဒါထက် ဟို ဘက်ရွာမှာ ရှိကြတဲ့ ဆေးဆရာတွေက အတော်ကလေး အစွမ်းထက် နေတယ်လို့ သတင်းကြားနေရတယ်၊ အဲဒါ တကယ်ပဲလား အဘ"

ဦးဗန်ကောင်းက ပါးစပ်မှ ကွမ်းတံတွေးများကို ကြမ်းပေါက်မှ အောက်သို့ ထွေးချလိုက်သည်။

"ဆေးကုတယ်ဆိုတာ အမျိုးမျိုး ရှိတာပေါ့ကွာ၊ တချို့က ပညာ များများတတ်ပေမယ့် အရေးအကြောင်းရှိမှ ထုတ်သုံးကြတယ်၊ တချို့က ပညာနည်းနည်းပဲ တတ်ပေမယ့် လူတွေ ယုံလောက်အောင် ဟန်တစ် လုံး ပန်တစ်လုံးနဲ့ လုပ်စားကြတယ်"

"ဟုတ်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"တချို့ကတော့ ဆေးပညာအစစ်အမှန်ကိုတောင် ဘာမှန်း မသိဘဲ ဖြတ်လမ်းနည်းတွေနဲ့ လုပ်စားနေကြတာလဲ အများကြီး ရှိတာပေါ့၊ အဲဒီလို ဆေးဆရာနဲ့ ဆေးကုမိတဲ့သူတွေကတော့ မသေသင့်ဘဲ သေကြရတာတွေ အများကြီး ရှိတာပေါ့"

"ဟုတ်တယ် အဘ၊ အနာတလွဲ ဆေးတလွဲ ဖြစ်တာတွေ ကျွန်တော်တို့လို မြို့နဲ့ အလှမ်းဝေးတဲ့ တောရွာတွေမှာ အတော်ကလေး ဖြစ်ကြတယ်"

"တောက လူတွေက ဗဟုသုတ မရှိလို့၊ မြို့ကို သွားနိုင်လို့ ဖြစ်သလို ကုရင်းနဲ့ အသက်သေရတယ်ဆိုတာ တော်သေးတာပေါ့ကွာ၊ မြို့မှာ နေရင်းနဲ့ ချိတ်ထားတဲ့ဆိုင်းဘုတ်တွေမှာ ရေးထားတဲ့ ဘွဲ့ထူးဂုဏ်ထူးတွေကို အထင်ကြီးမိလို့ သွားကုမိရာက ရောဂါတခြား ဆေးတခြား ဖြစ်ပြီး အသက်သေရတာတွေလည်း အများကြီး ရှိတယ်၊ ဆရာဝန်တွေကို အားကိုးပြီး ဆေးရုံသွားကြတယ်၊ ရောဂါသည်းနေတဲ့လူနာ တွေ့ပေမယ့် ကိုယ့်တာဝန်ချိန် မဟုတ်လို့ ဝင်မကြည့်ကြလို့ မသေသင့်ဘဲ သေရတာတွေ ရှိသေးတယ်"

"တကယ်တော့ ယုံကြည်အားကိုးမှု လွဲလို့ အသက်သေရတာကတော့ အဆိုးဆုံးပဲပေါ့၊ လူတွေဟာ တစ်ခုခုကို ယုံပြီဆိုရင် မျက်စိမှိတ်ပြီး ယုံတတ်ကြတယ်၊ ဒါကြောင့် လိမ်တဲ့သူတွေက အလွယ်တကူ လိမ်လို့ ရကြတာပေါ့"

ဦးဗန်ကောင်းက အောက်ပါအဖြစ်အပျက်တစ်ခုကို နမူနာအဖြစ် ပြောပြသည်။

လူလိမ်လူညာ အကြံသမားများသည် အများပြည်သူ၏ အယုံလွယ်မှု၊ စိုးရိမ်ကြီးမှုများကို အခွင့်ကောင်းယူကာ နည်းမျိုးစုံဖြင့် လိမ်လည် လှည့်ဖြားမှုများ ပြုလုပ်လျက်ရှိရာ မြစ်ဝကျွန်းပေါ် ပင်လယ်ကမ်း





ခြေ ရွာလေးတစ်ရွာတွင် သိပ္ပံနည်းပညာနှင့် မျက်လှည့်နည်းပညာများကို အသုံးပြု၍ လိမ်လည်လှည့်ဖြားခဲ့ကြောင်း သိရသည်။

မြစ်ဝကျွန်းပေါ် ပင်လယ်ကမ်းခြေ ရွာငယ်လေးတစ်ရွာရှိ ရွာသားတစ်ဦး၏နေအိမ်သို့ လွယ်အိတ်တစ်လုံးနှင့် ဧည့်သည်လူငယ်တစ်ဦး ရောက်ရှိလာပြီး ရွာမှ ပြောင်းရွှေ့သွားခဲ့ပြီးဖြစ်သော ရွာသားဇနီးမောင်နှံတို့၏မိတ်ဆွေဖြစ်ကြောင်း အမည်များကို ဖော်ပြ၍ မိတ်ဆက်ခဲ့သည်။

အဆိုပါ မိတ်ဆွေ ဇနီးမောင်နှံတို့၏အိမ်တွင် တည်းခို၍ မိကျောင်းကွမ်းဖတ်(ပင်လယ်နှမ်း) ဝယ်ယူရန် ရောက်ရှိလာခြင်းဖြစ်ကြောင်း၊ ယခုအခါ ထိုဇနီးမောင်နှံမှာ ရွာမှ ပြောင်းရွှေ့သွားပြီဟု သိရသဖြင့် တည်းခိုစရာ အခက်အခဲဖြစ်၍ အကူအညီပေးပါရန် ဧည့်သည်လူငယ်က ပြောပြခဲ့သည်။

ရိုးသားသော အိမ်ရှင်ရွာသားက သူ၏နေအိမ်တွင် ထိုဧည့်သည်ကို တည်းခိုစေပြီး မိကျောင်းကွမ်းဖတ်များ ဝယ်ယူရန် ခွင့်ပြုခဲ့လေသည်။

အဆိုပါ နေအိမ်၌ ညဘက် ဝိုင်းဖွဲ့စကားပြောနေရာမှ ဧည့်သည်က သူသည် ဆရာတစ်ယောက်ဖြစ်ကြောင်း၊ အိမ်ရှင်၏နေအိမ်တွင် အတိုက်မိနေကြောင်း လက်တွေ့ပြသမည်ဆိုကာ ဘဲဥတစ်လုံးကို သိသာထင်ရှားသော အမှတ်အသားပြုလုပ်၍ ပန်းကန်တစ်ချပ်ဖြင့် ခုံပေါ်တွင် ဖယောင်းတိုင် ထွန်းပြီး ငှင်းနှင့်အတူ သင်ဖြူးဖျာ ပတ်၍ စောင်များဖြင့် လုံခြုံအောင် ပတ်စေခဲ့သည်။

(၁၅)မိနစ်ခန့်အကြာတွင် ဖျာနှင့်စောင်များကို ပြန်လည်ဖယ်ရှားစေပြီး အမှတ်အသားများ ပြုလုပ်ထားသောဘဲဥ မှန်မမှန်ကို အိမ်ရှိလူများအား စစ်ဆေးစေခဲ့ရာ ဘဲဥတွင် အမှတ်အသားများ မှန်ကန်စွာ



www.burmeseclassic.com

www.burmeseclassic.com

ရှိနေသောကြောင့် ဘဲဥကို ပန်းကန်အတွင်းသို့ ဖောက်ချစေခဲ့ရာ ဘဲဥ၏ အကာအနှစ်များနှင့်အတူ ဆံပင်များလည်း ပါဝင်လာခဲ့ကြောင်း တွေ့ကြရသည်။

ထို့နောက် ဧည့်သည်ဆရာဆိုသည်က ဤမျှလောက်ဖြင့် သူ၏ ပညာကို မယုံကြည်ရန် ပြောဆို၍ မီးထွန်းထားသော ဖယောင်းတိုင်များကို လက်ဖြင့် ပွတ်သပ်၍ မန်းမှုတ်ငြိမ်းသတ်ခဲ့ပြီး ၎င်းမီးငြိမ်းနေသည့် ဖယောင်းတိုင်များကို "တောက်" လိုက်ရာ ဖယောင်းတိုင်များကို အလိုအလျောက် မီးများ ပြန်လည်တောက်လာခဲ့သဖြင့် အိမ်ရှင်အပါအဝင် ရောက်ရှိနေသူအားလုံးက အံ့သြမှုနှင့်အတူ ကြောက်ရွံ့မှုများကိုလည်း ခံစားခဲ့ကြရသည်။

ရိုးသားသူများပီပီ အိမ်ရှင်မိသားစုက ထိုဧည့်သည်ကို ဆရာအဖြစ် လက်ခံယုံကြည်ခဲ့ရာ ထိုဧည့်သည်ကို ၎င်းနေအိမ်မှ အတိုက်အခိုက်များကို ဖယ်ရှားပေးရန် အိမ်ရှင်က မေတ္တာရပ်ခံခဲ့သည်။

ဧည့်သည်က ငွေငါးသောင်းကျပ် ပေးလျှင် ပြုလုပ်ပေးမည် ဆိုခြင်းကြောင့် မိသားစုများက လက်ခံကြသည်။ ထိုသို့ သဘောတူကာ လုပ်ငန်းစတင်ခဲ့ကြသည်။

အဆိုပါ အစီအစဉ်ကို ပြုလုပ်ရန် လုံခြုံသော အခန်းတစ်ခန်းမှာ ည(၁၂)နာရီမှ နောက်နေ့(၁၂)နာရီအထိ ၎င်းက နေရမည်ဖြစ်ကြောင်း၊ အခန်းအနီးသို့ မည်သူတစ်ဦးတစ်ယောက်မျှ မလာရန်၊ လာခဲ့မိလျှင် ဖြစ်ပေါ်လာမည့် ပြဿနာကို သူက ကယ်တင်နိုင်မည် မဟုတ်ကြောင်း၊ နံနက်(၃)နာရီကျော်ကျော်ခန့်တွင် ခွေးဟောင်သံများ၊ တံခါးဖွင့်သံများနှင့် အရိပ်သဏ္ဌာန်များကို တွေ့မြင်ကြားသိနိုင်ကြောင်း၊ မည်သူမျှ ထမကြည့်စေလိုကြောင်း၊ ၎င်းအသံများသည် မကောင်းဆိုးဝါးများ၏လှုပ်ရှားသံများဖြစ်၍ ကြည့်ရှုမိပါက အသက်ပျောက်နိုင်သည် အထိ အန္တရာယ်ကြီးမားကြောင်း၊ ၎င်းက နောက်တစ်နေ့(၁၂)နာရီကျော်မှသာ အခန်းတွင်းမှ ပြန်လည်ထွက်လာမည်ဖြစ်ကြောင်း၊ ထိုအခါ အတိုက်အခိုက်များအားလုံး ပြေပျောက်သွားမှာဖြစ်ကြောင်း၊ ထို့နောက် ပတ်ဝန်းကျင်မှ ဧည့်သည်များနှင့် အိမ်ရှင်မိသားစုကို အိပ်ရာဝင်စေခဲ့ပြီး တစ်အိမ်လုံး အမှောင်ချကာ ဧည့်သည်,သည် အခန်းအတွင်းသို့ ဝင်ရောက်သွားခဲ့ပေသည်။



နံနက်(၃)နာရီကျော်ကျော်ခန့်တွင် လမ်းလျှောက်သံ၊ တံခါးဖွင့်သံနှင့် ခွေးဟောင်သံများကို ကြားနေရသော်လည်း အစီအမံ ပျက်သွားမည်စိုး၍ အိမ်ရှင်မိသားစုက ထမကြည့်ခဲ့ကြပေ။

နောက်နေ့ နေ့လည်(၁၂)နာရီခန့်တွင် အခန်းတွင်းမှ ထွက်လာမည့် ထိုဧည့်သည်ကို အိမ်ရှင်များက စောင့်ဆိုင်းနေခဲ့ကြသည်မှာ ညနေ(၅)နာရီကျော်သည်အထိ ဖြစ်သည်။

ထိုအချိန်ရောက်မှ အခန်းတွင်းမှ ထွက်မလာသေးသော ဧည့်သည်ကို စိုးရိမ်စိတ်ဖြင့် အခန်းကို မဝံ့မရဲ ဖွင့်ကြည့်ခဲ့ရာ ထိုဧည့်သည်ကို မတွေ့ရတော့ပေ။

အဆိုပါ ဧည့်သည်ပျောက်ဆုံးသွားခြင်းနှင့် ပတ်သက်၍ ကျေးရွာ နေသူများက အိမ်ရှင်ထံမှ ငွေငါးသောင်းကို ထိုဧည့်သည်ဆိုသူ လိမ်ညာယူကာ ထွက်ပြေးသွားပြီဟု ယုံကြည်ခဲ့ကြသည်။

အဆိုပါ ဆရာ၏ပြကွက်ထူးများမှာ ဘဲဥကို အပ်ငယ်ဖြင့် ဖောက်ပြီး ဆံပင်များကို စိတ်ရှည်ရှည် ထည့်သွင်း၍ အပ်ပေါက်ကို လက်ဖြင့် ပွတ်လိုက်လျှင် အပ်ပေါက်ရာ ပျောက်သွားခဲ့ကြောင်း လေ့လာ သိရှိခဲ့ရသည်။

ဖယောင်းတိုင်များ အလိုအလျောက် မီးတောက်ရခြင်းမှာလည်း မီးစာတွင် ဓာတုဗေဒပစ္စည်း ဆိုဒီယမ်ခဲမှ အမှုန့်များကို ပွတ်



www.burmeseclassic.com

www.burmeseclassic.com

လိမ်းပြီး ရေနှင့် တောက်လိုက်သဖြင့် အလိုအလျောက် မီးတောက်ခဲ့ခြင်းဖြစ်သည်။

ဧင်းမှာ သိပ္ပံနည်းပညာနှင့် မျက်လှည့်နည်းပညာများကို အသုံးပြု၍ ရိုးသား၍ ယုံကြည်လွယ်သူများကို လိမ်လည်လှည့်ဖြားခဲ့သည့် ဥပမာဖြစ်ရပ်တစ်ခုပေတည်း။

"အဲဒီလို လိမ်တဲ့နည်းတွေက အခုမှ ပေါ်လာတဲ့နည်းတွေ မဟုတ်ပါဘူး၊ ဟိုးရှေးခေတ်ကတည်း နေဇ,ဆိုတဲ့လူ လိမ်ခဲ့တဲ့နည်းတွေပါပဲ၊ နေဇဟာ သာမန်လူတွေ မပြောနဲ့၊ မျက်နှာဖြူအရာတွေကိုတောင် ရအောင်လိမ်နိုင်တယ်၊ နေဇ လိမ်သွားတဲ့နည်းတွေ အများကြီးရှိတယ်"

"အဲဒါတွေကို ကြိုသိရင်တော့ ဘယ်အလိမ်ခံရမလဲ အဘရယ်"

"တောသူတောင်သားတွေဆိုတာ စားဝတ်နေရေးအတွက် အလုပ်လုပ်နေကြရလို့ ဗဟုသုတ ရှာချိန်မရကြဘူး၊ ဒ့ါအပြင် တစ်ခုခုကို ယုံပြီဆိုရင် မျက်စိမှိတ်ပြီး ယုံတတ်ကြတော့ လိမ်ညာစားသူတွေအတွက်ကတော့ အကွက်ကောင်းပဲပေါ့။ အခု ဆေးကုနေတဲ့လူတွေလည်း ဒီလိုပဲပေါ့။ တတ်တဲ့ပညာက နည်းနည်းနဲ့ ဟန်တလုံးပန်တလုံး လုပ်ပြချင်တာ များတယ်၊ ဒီတော့ တကယ်တတ်ကျွမ်းတဲ့ ဆေးပညာရှင်ကြီးတွေပါ ရောနှောပြီး နာမည်ပျက်ကြရတာပေါ့ကွာ"

ဟု စိတ်ရှည်လက်ရှည် ပြောပြသည်။

"အခု ဒီနယ်တစ်ဝိုက်မှာ မိန်းကလေးတွေ တစ်ယောက်ပြီးတစ်ယောက် လက်သည်မပေါ်ဘဲနဲ့ ကိုယ်ဝန်ရှိကြ သေကြနဲ့ ဖြစ်နေကြတာတွေဟာ သွေးရိုးသားရိုးတော့ မဖြစ်နိုင်တော့ဘူး"

"ငါပြောသလိုပေါ့ကွာ. . . တိုက်ဆိုင်မှုဆိုရင် တစ်ခုနှစ်ခုဖြစ်မှာပေါ့။ အခုလို တစ်ခုပြီးတစ်ခု ဖြစ်နေပြီဆိုမှတော့ တစ်ယောက်ယောက်က ယုတ်မာတဲ့ အကြံအစည်နဲ့ လုပ်နေတယ်ဆိုတာ သိသာနေ





တာပေါ့"

"ဒီတော့ ဘယ်လိုလုပ်ရင် ကောင်းမလဲ အဘ"

"မိန်းကလေးတွေရော သက်ဆိုင်ရာမိဘတွေကပါ ပေါ့ပေါ့လျော့လျော့ မနေကြမှ ဖြစ်မယ်၊ သတိလစ်တာနဲ့ မိစ္ဆာကျော့ကွင်းထဲ ကျသွားမှာ အသေအချာပဲ"

"ဒ့ါအပြင် ကြိုတင်ကာကွယ်လို့တော့ မရဘူးလား အဘ"

"ဆေးဝါးအစီအရင်တွေနဲ့ ဟားဆီးထားမယ်ဆိုရင်တော့ ရနိုင်ပါတယ်၊ ဒါပေမယ့် ကာယကံရှင်တွေက ယုံကြည်မှု ရှိဖို့လည်း လိုသေးတယ်"

"အို. . . ဒါကတော့ သဘောပေါက်အောင် ပြောပြရမှာပေါ့"

"တစ်ရွာလုံး တစ်နယ်လုံးမှာ မိန်းမပျိုတွေ အများကြီး ရှိနေတာပဲ၊ မင်းပြောတာကို အားလုံးက ယုံကြည်ကြမှာမှ မဟုတ်တာ၊ ဒီလောက်လည်း စိတ်ပူမနေပါနဲ့ကွာ၊ သတ္တဝါတစ်ခု ကံတစ်ခုပေါ့"

ဟု ပြောဆိုကာ ဦးဗန်ကောင်းက ဖိုထိုးရန် ပြင်ဆင်နေသောကြောင့် နီမောင်လည်း အလိုက်သိစွာဖြင့် ပြန်ခဲ့ရလေတော့သည်။




www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၆)

# မိစ္ဆာသားကောင်ဘဝ ရောက်ခဲ့ရသူ

ထိုကဲ့သို့ ဖြစ်ပျက်နေသောအကြောင်းများနှင့် ပတ်သက်ပြီး နီမောင်တစ်ယောက် အဘယ်ကြောင့် ထိုမျှ စိတ်ပူနေရတာလဲဟု မေးလျှင် အဖြေတစ်ခုတော့ ရှိပါသည်။

အခြားတော့ မဟုတ်ပါချေ. . .။

မြဝင်းသူကို ထိုကဲ့သို့သော အဖြစ်ဆိုးမျိုးနှင့် ကြုံတွေ့ရမှာကို စိတ်ထဲမှာ စိုးရိမ်နေခြင်းဖြစ်သည်။

မြဝင်းသူမှာ တောင်ညိုရွာမှုပင်ဖြစ်ပြီး နီမောင်နှင့် အသက်မတိမ်းမယိမ်း ရှိသည်။

နီမောင်နှင့် ငယ်ရွယ်စဉ်က စာသင်ဖက် ဖြစ်ခဲ့ပြီး အရွယ်ရောက်



www.burmeseclassic.com

www.burmeseclassic.com



တော့လည်း ငယ်သူငယ်ချင်းအဖြစ်နှင့် အခင်အမင်မပျက် ရှိခဲ့ကြသည်။

မြဝင်းသူက ရုပ်ရည်လှသလောက် မာနကြီးသူလည်းဖြစ်သည်။ ယခုအချိန်ထိတော့ သူမအနားကို ဘယ်သူမှ ကပ်ခွင့်မရသေးပေ။

သူမ မိဘများက တောင်ညိုရွာမှာ လယ်နှင့်ခြံရှိပြီး အတန်အသင့် စီးပွားရေးကောင်းသူများဖြစ်သည်။

တစ်နေ့တော့ နီမောင်က ရွာဖျားဘက်မှ ပြန်လာရင်း မြဝင်းသူတို့ ခြံဝရောက်၍ လှည့်ကြည့်လိုက်တော့ အိမ်ရှေ့မန်ကျည်းပင်အောက်မှာ တစ်ယောက်တည်း ဆန်ပျာနေသည့် မြဝင်းသူကို မြင်သဖြင့် လှည့်ဝင်သွားသည်။

"အော်. . နီမောင်. . နင် ဘယ်က ပြန်လာတာလဲ၊ လာ. . . ထိုင်လေ"

ဟု ပြောသဖြင့် မနီးမဝေးမှာ ဝင်ထိုင်သည်။

"စားစရာတော့ ဘာမှမရှိဘူး၊ အမောပြေ လက်ဖက်ရည်ကြမ်းသောက်ချင်ရင်တော့ ငါသွားယူပေးမယ်"

"နေပါစေတော့ဟာ. . . မသောက်တော့ပါဘူး"

"နင် ဘယ်က ပြန်လာတာလဲ"

"ရွာဖျားဘက်မှာ ဝါးဖိုးတွေ ရှင်းပြီး ပြန်လာတာပါ၊ နင့်ကို မြင်တာနဲ့ စကားပြောချင်လို့ ဝင်လာတာပါ"

ထိုစကားကြောင့် မြဝင်းသူက ဖျတ်ကနဲ တစ်ချက်ကြည့်သည်။

"ဘာပြောမှာလဲ. . . ပေါက်ကရစကားတွေ လာပြောဖို့တော့ စိတ်မကူးနဲ့နော်"

"ငါ နင့်ကို အဲဒီလိုစကားမျိုးတွေလည်း မပြောဝံ့ပါဘူး၊ ငါမှာ ပြောရမယ့် အခြေအနေမျိုးလည်း မရှိပါဘူး. . . အထင်မလွဲပါနဲ့"

ထိုသို့ပြောလိုက်တော့မှ စောစောက တမင်တင်းထားသော





မျက်နှာမှာ ပြန်လျော့သွားသည်။

"ဘာပြောမှာလဲ"

"တခြားမဟုတ်ပါဘူး. . . နင့်ကို သတိပေးချင်လို့ပါ"

မြဝင်းသူက စိတ်ဝင်စားသော အမူအယာဖြင့် ကြည့်သည်။

"အခုတလော ငါတို့ရွာအပါအဝင် ဒီနယ်တစ်ဝိုက်ကရွာတွေမှာ မဖြစ်သင့်တာတွေ ဖြစ်နေတယ်၊ နင်လည်း ကြားသင့်သလောက် ကြားမှာပေါ့"

"အင်း. . . အမေတို့ ပြောနေသံတော့ ကြားမိတယ်၊ အဲဒါ ဘယ်လိုဖြစ်တာလဲဟင်"

"ဒီအကြောင်းတွေကို နင့်ကို ပြောပြလို့ မကောင်းပါဘူးဟာ"

"ပြောမှာသာ ပြောစမ်းပါဟာ"

ထိုသို့ပြောသဖြင့် နီမောင်က အဖြစ်ဆိုးနှင့် ကြုံခဲ့ကြရသော မိန်းမပျိုလေးအကြောင်းကို ပြောပြလိုက်လေသည်။

ထိုအကြောင်းကို ကြားသောအခါ မြဝင်းသူမှာ မျက်လုံးအပြူးသားနှင့် ဖြစ်နေလေသည်။

"အဲဒါ ဘယ်လိုဖြစ်နေတာလဲဟင်၊ ဘယ်သူတွေက လုပ်နေတာလဲ"

"ငါလည်း သေသေချာချာတော့ ဘယ်သိပါ့မလဲ၊ ဒါပေမယ့် တစ်ယောက်ယောက်က လုပ်နေတယ်ဆိုတာတော့ အသေအချာပဲ"

"ကြားရတာတော့ ကျောချမ်းစရာကြီးပဲ၊ ဒါပေမယ့် ငါ့အတွက်တော့ မစိုးရိမ်ပါနဲ့ဟာ၊ ငါက အိမ်ထဲက အိမ်အပြင် သိပ်ထွက်တာမှ မဟုတ်တာ"

"နင် အဲသည်လို ပြောလို့မရဘူးဟာ၊ အခုဖြစ်နေတဲ့ မိန်းကလေးတွေထဲက အချို့ဆိုရင်လည်း နင့်လိုပဲ အိမ်ထဲမှာ နေကြသူတွေပါပဲ၊



www.burmeseclassic.com

www.burmeseclassic.com

အဲဒီ အိမ်ထဲမှာ နေရင်းနဲ့ပဲ ဖြစ်သွားကြတာပဲ၊ နင် မသိသေးရင် သတိထားနေဖို့ ငါက လာပြောပြတာပါ”

ဟု ပြောပြီး နေရာမှ ထသည်။

ထိုအခါမှ မြဝင်းသူက ပြောသည်။

“နီမောင်. . . ငါ့ကို အခုလို လာပြီးသတိပေးတာ ကျေးဇူးတင်ပါတယ်ဟာ၊ ဟို. . စောစောက ငါပြောလိုက်မိတာကို စိတ်မဆိုးပါနဲ့နော်”

နီမောင်က ခေါင်းခါပြသည်။

“နင်နဲ့ငါနဲ့က တစ်ယောက်အကြောင်း တစ်ယောက်သိနေကြတာပဲ၊ ငါ ဘယ်လိုမှ သဘောမထားပါဘူး၊ နင် အကူအညီလိုရင်သာ ငါ့ကို အချိန်မရွေး လာပြောပါ”

ဟု ပြောပြီး နီမောင်က ခြံဝန်းထဲမှ ပြန်ထွက်သွားလေသည်။

ထိုအခါမှ မြဝင်းသူမှာ သက်ပြင်းတစ်ချက် ချလိုက်ပြီး ဆန်ဖျာခြင်းအလုပ်ကို ဆက်လုပ်နေလေသည်။

ထိုအခိုက်မှာပင် မိခင်ဖြစ်သူ ဒေါ်မြက အပြင်မှ ပြန်လာသည်။

“ဟင်. . . အမေပြန်လာတာ စောလှချည်လား”

“စောဆို နင့်ကို စိတ်မချလို့ ခပ်သုတ်သုတ် ပြန်လာတာပဲ၊ ခြံထဲကို ဘယ်သူလာသေးလဲ”

“ဘယ်သူမှ မလာပါဘူး၊ အော်. . . စောစောကတော့ နီမောင်တော့ ခဏဝင်လာသေးတယ်”

“နီမောင်ကတော့ ကိစ္စမရှိပါဘူး၊ တခြားသူတွေသာ အဝင်အထွက် လုပ်လို့ သိပ်မကောင်းတော့တာ”

“အခု အမေ ဘယ်က ပြန်လာတာလဲ”

“ငါ ရွာဖျားဘက်က ပြန်လာတာ၊ ဒေါ်စိန်မှုံရဲ့သမီး ခင်ယုံကို





နင်သိတယ်မဟုတ်လား”

“ဟုတ်ကဲ့. . . သိပါတယ်၊ သူ ဘာဖြစ်လို့လဲ”

“ကြားရတဲ့သတင်းကတော့ သိပ်မကောင်းဘူး၊ လက်သည်မပေါ်ဘဲ ကိုယ်ဝန်ရှိနေသလိုလို ကြားလို့ ငါသတင်းသွားမေးတာ”

ခေါင်းပေါ်မှ တဘက်ဖြင့် ယပ်ခပ်ရင်း ဒေါ်မြက ပြောသည်။

“ဟုတ်ကော ဟုတ်ရဲ့လား အမေရဲ့”

“ကောင်မလေးနဲ့တော့ မတွေ့ခဲ့ရဘူး၊ သူ့အမေ ပြောပုံအရကတော့ ဗိုက်ထဲက ကိုယ်ဝန်က အတော်ကလေးတောင် လ,ရနေပြီလို့ ပြောတယ်”

“ဟင်. . . ဖြစ်မှဖြစ်ရလေ”

ထိုစကားကြားသောအခါ မြဝင်းသူမှာ မျက်လုံးပြူးသွားပြီး စောစောကမှ နီမောင်ပြောသွားသောစကားများကို ပြန်လည်သတိရလာလေသည်။

“သူ တစ်ယောက်ယောက်နဲ့ မှောက်မှားမိလို့များ. . .”

“ငါ့အမြင်ပြောရရင်တော့ ခင်ယုံက အနေအထိုင် အေးပါတယ်၊ သူ့မိဘတွေကလည်း နည်းနည်းပါးပါး ချောင်လည်တော့ သမီးဖြစ်သူကို အပြင်တောင် မခိုင်းကြပါဘူး”

“အဲဒီလို နေရင်တော့ ဘာဖြစ်မှာလဲ အမေရဲ့၊ သူ တစ်ခုခုမှားသွားတာ ရှိမှာပေါ့၊ မိဘတွေကို မပြောဝံ့လို့လည်း ဖြစ်ချင်ဖြစ်မှာပေါ့”

“သူ့မိဘတွေဖြစ်တဲ့ ဦးမောင်ခင်တို့ ဒေါ်စိန်မှုံတို့ဆိုတာ ဂုဏ်ပကာသန မက်ကြတဲ့သူမျိုးတွေ မဟုတ်ကြပါဘူး၊ သူတို့သမီးကို အမျိုးမျိုး ချော့မေးကြတယ်၊ ဘယ်သူနဲ့ ဖြစ်တယ်ဆိုတာသာ ပြောပြ၊ အဆင့်အတန်း မခွဲဘူး၊ ခွေးဖြစ်ရင်တောင် အမျိုးဖြတ် ပေးစားပါ့မယ်လို့စကားကုန် ပြောထားကြတာပဲ၊ သူကကို မပြောနိုင်တော့ မေးရင် သူ ဘာမှ


www.burmeseclassic.com

www.burmeseclassic.com



မသိဘူးဆိုပြီး ငိုပြောနေတော့တာပဲ"

ဒေါ်မြက သားသမီးချင်း ကိုယ်ချင်းစာသော အမူအယာဖြင့် ညည်းညည်းညူညူ ပြောနေသည်။

"သူတို့ တစ်ခုခု အမှားအယွင်း ရှိလို့လား အမေရယ်"

"ငါလည်း မသိပါဘူးအေ၊ ဟိုတလောကတော့ အိမ်မှာ တစ်ခုခု အတိုက်အခိုက် ရှိထားတယ် ထင်လို့ မဒရပ်ကုန်းက ပယောဂဆိုလား အောက်လမ်းဆရာဆိုလား အိမ်မှာ ခေါ်ပြီး လုပ်သေးတယ်လို့တော့ ကြားတာပါပဲ၊ အဲဒါထက် နင်လည်း အိမ်ထဲက အိမ်အပြင်မထွက်နဲ့၊ အခုရက်တွေမှာတော့ အပြင်ကလူတွေနဲ့ ဘယ်သူနဲ့မှ မတွေ့တာ အကောင်းဆုံးပဲ"

BURMESE CLASSIC .com

ဟု သမီးဖြစ်သူကို သတိပေးနေလေသည်။

ထိုအချိန်မှာ သူတို့ခြံဝန်းအပြင်ဘက် လမ်းပေါ်မှ လူသုံးယောက် ဖြတ်လျှောက်သွားကြသည်။

သံပချိုင်နှင့် တပည့်နှစ်ယောက်တို့ပင်ဖြစ်သည်။

၎င်းတို့က ခြံပေါက်ဝ ရောက်သောအခါ ရပ်ပြီးမေးသည်။

"ဒီရွာက ဦးဘပွားတို့အိမ်များ ဝေးသေးသလားဗျ"

"မဝေးတော့ပါဘူး. . . ရှေ့ဆက်သွားရင် မေးရင် ရပါတယ်"

ဟု ပြောလိုက်ရာ သံပချိုင်က မြဝင်းသူကို စူးစူးစိုက်စိုက် တစ်ချက်ကြည့်ပြီး ဆက်လျှောက်သွားကြသည်။

"အဲဒါ ငါပြောတဲ့ ပယောဂဆရာတွေများလား မသိဘူး၊ နင် အိမ်ထဲမှာ ဝင်နေစမ်း"

ဟု မိခင်ဖြစ်သူက ပြောသဖြင့် မြဝင်းသူမှာ ပျာလက်စ ဆန်ဇန်းကို ကိုင်ပြီး အိမ်ထဲသို့ ဝင်သွားရတော့သည်။

"ကိုယ့်အိမ်မှာ ကိုယ်နေတာတောင် စိတ်ချလက်ချ မနေရဲ့ကြ





တော့ပါလားနော်"

ဟုလည်း မကျေမနပ်ဖြင့် ရေရွတ်လိုက်လေသည်။

သူမစိတ်ထဲမှာလည်း မိမိအိမ်ထဲမှာ နေရုံနဲ့တော့ ဘာမှ မဖြစ်နိုင်ဟု ထင်နေမိသည်။

သို့သော်လည်း သူမ ထင်သလိုတော့ မဟုတ်ချေ။

ထိုနေ့ညမှာပင် ထူးခြားမှုနှင့် ကြုံတွေ့ရလေသည်။

အခြားမဟုတ်ပေ. . . ။

ထိုနေ့ညက ညဉ့်ဦးပိုင်းအချိန် လွန်သည်အထိ မြဝင်းသူမှာ အိပ်မပျော်ဘဲ ရှိနေလေသည်။

ပတ်ဝန်းကျင်တစ်ခုလုံးမှာလည်း တိတ်ဆိတ်ငြိမ်သက်နေသည်။ ညဉ့်ဦးပိုင်းအချိန်လွန်သောအခါ ခြံပတ်ဝန်းကျင်မှ ခွေးဟောင်သံများ ပေါ်ထွက်လာသည်။

ခြံထဲမှာ မွေးထားသော ခွေးများက တစ်စုံတစ်ခုကို တွေ့မြင်သောကြောင့် စူးစူးဝါးဝါး ဟောင်နေကြခြင်းဖြစ်သည်။

ထိုအသံများ ကြားတော့ မြဝင်းသူစိတ်ထဲမှာ အနည်းငယ် ကြောက်ရွံ့သလို ဖြစ်လာမိသည်။

သို့သော် မကြည့်ဘဲလည်း မနေနိုင်ပေ။

နေရာမှ ထပြီး အပေါက်မှ အပြင်ဘက်သို့ ချောင်းကြည့်လိုက်သည်။

အပြင်ဘက်မှာ အလင်းရောင် မရှိသောကြောင့် ဘာမှ သဲသဲကွဲကွဲ မမြင်ရပေ။

အတန်ကြာအောင် ကြည့်တော့မှ ခြံစည်းရိုးအပြင်ဘက် တစ်နေရာတွင် ရပ်ကြည့်နေသည့် မည်းမည်းသဏ္ဌာန်ကြီးကို လှမ်းမြင်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲမှာ ထိတ်ကနဲဖြစ်သွားသောကြောင့် ချက်ချင်း မျက်နှာပြန်ခွာလိုက်သည်။

ရင်ထဲမှာ တဒိတ်ဒိတ် ခုန်နေသည်။

"ဟုတ်မှဟုတ်ရဲ့လား. . . ငါမြင်မိမြင်ရာတွေ မြင်နေတာများလား"

ဟု ဇဝေဇဝါ တွေးရင်း နောက်တစ်ကြိမ် အပေါက်မှ ထပ်ကြည့်လိုက်သည်။

BURMESE CLASSIC .com

ဒီတစ်ကြိမ်တော့ မျက်စိမမှားနိုင်တော့ပေ။

အိမ်နှင့် မနီးမဝေး ခြံစည်းရိုးနားမှ ရပ်ကာ သူမတို့အိမ်ဘက်သို့ ကြည့်နေသည့် မည်းမည်းသဏ္ဌာန်ကြီးကို လှမ်းမြင်ရသည်။

အတန်ကြာတော့မှ ထိုနေရာမှ တရွေ့ရွေ့ ထွက်သွားလေတော့သည်။

သည်တော့မှ သက်ပြင်းချနိုင်သော်လည်း ထိုနေ့ညက သူမအနေဖြင့် ကောင်းစွာမအိပ်ဝံ့တော့ပေ။

နောက်တစ်နေ့တွင် ထိုအကြောင်းကို မိဘများကို ပြောပြလိုက်သည်။

ထိုအခါ ဖခင်ဖြစ်သူ ဦးလှက ပြောသည်။

"ဟုတ်တယ်. . . ငါလည်း ညက ခွေးဟောင်သံတွေ ကြားရလို့ ထကြည့်တော့ ခြံပေါက်ဝမှာ တစ်ယောက်ယောက် ရပ်နေတာတွေ့ရတယ်၊ မျက်လုံးက သိပ်မကောင်းတော့ သဲသဲကွဲကွဲ မမြင်ရဘူး"

"ဘယ်လိုလုပ်ကြမလဲ အဖေ"

"ငါတို့ရွာကို မကောင်းဆိုးဝါးတွေများ ဝင်နေသလား မသိဘူး၊ တစ်ခုခုတော့ အကာအကွယ် လုပ်ထားကြရင် ကောင်းမယ်"

"လုပ်မှာဖြင့်လည်း မြန်မြန်လုပ်ပါ ကိုလှရယ်၊ ကျုပ်ဖြင့် ကြားရတာနဲ့တင် မနေဝံ့တော့ဘူး"





"စိတ်မပူပါနဲ့ကွာ. . . လုပ်ပါ့မယ်၊ ဒါပေမယ့် ဒီကိစ္စမျိုးတွေဆိုတာ ကိုယ်လုပ်တတ်တာမှ မဟုတ်တာ၊ နားလည်ကျွမ်းကျင်တဲ့ဆရာနဲ့ ခေါ်လုပ်မှ ရမှာပေါ့"

"ဘယ်ဆရာခေါ်မှာလဲ အဖေ"

"တယ်ပင်ရွာမှာ ဆရာတစ်ယောက် ရှိတယ်၊ မဒရပ်ကုန်းမှာ ပယောဂ နိုင်တဲ့ ဆရာတစ်ယောက် ရှိတယ်၊ ငါတို့ရွာမှာ ဦးဗန်ကောင်း ရှိတယ်၊ ဘယ်သူ့ခေါ်ရရင် ကောင်းမလဲ"

"အို. . . တခြားရွာက ဆရာတွေက စိတ်မချရပါဘူး၊ ကိုယ့်ရွာမှာ ရှိတဲ့ဆရာကိုပဲ ခေါ်တာ ကောင်းပါတယ် အဖေရယ်၊ ဦးဗန်ကောင်းက နီမောင်နဲ့ ခင်တော့ နီမောင့်ကိုပဲ အကျိုးအကြောင်း ပြောပြလိုက်ရင် ရမှာပါ"

ဟု ပြောသဖြင့် မြဝင်းသူစကားကို လက်ခံကြလေသည်။

ထို့နောက်မှာတော့ နီမောင်မှ တစ်ဆင့်အခေါ်ခိုင်းရာ နေ့လည်ပိုင်းအချိန်တွင် ဦးဗန်ကောင်းနှင့်နီမောင်တို့ ရောက်လာလေသည်။

"ဘယ်လိုဖြစ်တယ်ဆိုတာ ကျုပ်ကို ပြောပြကြပါ"

ထိုအခါ ဦးလှကပင် ဖြစ်ကြောင်းကုန်စင် ပြန်ပြောပြလိုက်လေသည်။

ထိုစကားများကို နားထောင်ပြီး ဦးဗန်ကောင်းက အတန်ကြာအောင် စဉ်းစားနေသည်။

ပြီးမှ. . .

"ဒီကိစ္စကို ပေါ့ပေါ့တွေးမယ်ဆိုရင် သာမန်ကိစ္စပဲလို့ ထင်စရာရှိပါတယ်၊ အသေအချာ စဉ်းစားကြည့်ရင်တော့ သာမန်မဟုတ်နိုင်ဘူးလို့ ကျုပ်ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုထင်တာလဲ ဆရာကြီး၊ တဆိတ်လောက် ပြောပြပါဦး"

"ဒီလိုဗျာ. . . အခုတလောက ကျုပ်တို့နယ်တစ်ဝိုက်မှာ တစ်ခါမှ မကြားဖူးတဲ့ ထူးထူးဆန်းဆန်းကိစ္စတွေ ဖြစ်နေတာ ခင်ဗျားတို့လည်း ကြားမှာပေါ့"

"ဟုတ်ကဲ့. . . ကြားပါတယ် ဆရာကြီး"

"အဲဒီကိစ္စတွေက သာမန်ဖြစ်နေတာ မဟုတ်ဘူးဗျ၊ တစ်စုံတစ်ယောက်က လုပ်နေတာကတော့ ထင်ရှားပါတယ်"

"ကျွန်တော်တို့လည်း ဒီလိုပဲ ထင်မိပါတယ် ဆရာကြီး၊ ဘယ်သူ့ လက်ချက်လို့များ ထင်မိပါသလဲ"

"အခုအချိန်တော့ သေသေချာချာ မသိရသေးပေမယ့် မကြာခင်မှာတော့ အဖြေတစ်ခု သိရမှာပါ။ အခု အန္တရာယ်က ဒီရွာကို ရောက်နေတဲ့ပုံ ပေါ်တယ်"

ထိုစကားကြားသောအခါ နံဘေးမှ နားထောင်နေသူများမှာ မျက်လုံးပြူးသွားကြသလို မြဝင်းသူအတွေးထဲမှာလည်း မနေ့က ပေါက်ဝမှာ တွေ့လိုက်ရသည့် လူသုံးယောက်တို့ကို ချက်ချင်း မျက်စိထဲမှာ မြင်ယောင်လာမိလေသည်။

"ဒါဆိုရင် သူတို့ပဲ ဖြစ်မှာပဲ"

ဟု ခပ်တိုးတိုး ရေရွတ်လိုက်သည်။

"မြဝင်းသူ. . . နင်ဘာပြောလိုက်တာလဲ"

နီမောင်က ဝင်မေးလိုက်သည်။

"ငါတို့အိမ်ရှေ့မှာ မနေ့က လူသုံးယောက် တွေ့လိုက်ရတယ်၊ တစ်ယောက်က လွယ်အိတ်လွယ်ထားတယ်၊ ဆေးဆရာနဲ့ အတော်တူတယ်၊ သူ့နောက်မှာလည်း ရုပ်ဆိုးဆိုးနဲ့ လူနှစ်ယောက် ပါသေးတယ်"

ဟု ပြောပြသည်။





ထိုစကား ကြားသောအခါ ဆရာကြီးဦးဇန်ကောင်းက ထိုသို့ ပြောပြသည်။

"မိန်းကလေးပြောတဲ့ လူသုံးယောက်ကို ကျုပ်လည်း တွေ့လိုက်မိပါတယ်၊ သူတို့က တခြားက မဟုတ်ပါဘူး၊ မဒရုပ်ကုန်းက ဆေးဆရာ သံပချိုင်နဲ့ သူ့တပည့်နှစ်ယောက်တို့ပါ"

ထိုစကားကြားတော့မှ ပိုပြီးကြောက်ရွံ့သွားကြလေသည်။

"ဒါ. . ဒါဖြင့် သူက ပယောဂဆရာ အောက်လမ်းဆရာဆိုပြီး နာမည်ကြီးနေတဲ့သူပေါ့နော်"

"ဒီလိုတော့ ကြားရတာပါပဲ၊ ဒါပေမယ့် သေသေချာချာတော့ မသိရပါဘူး"

ထိုအခါ နီမောင်က ဝင်ပြောလိုက်သည်။

"ဆရာကြီးပြောတဲ့အတိုင်းသာ မှန်ရင်တော့ အခုတလော မိန်းကလေးတွေ ဒုက္ခရောက်အောင် လုပ်နေတာ ဒီပယောဂဆရာ လက်ချက်လည်း ဖြစ်နိုင်တယ်၊ အခု ဒီရွာကို ဘယ်လိုအကြံအစည်ရှိလို့ လာပြန်တယ်မသိဘူး"

"နီမောင်ပြောမှ ကျုပ်သတိရတယ်၊ ရွာဖျားက ဦးမောင်ခင် သမီးလေး နေမကောင်းဖြစ်တော့ ပယောဂ စွဲနေတယ်ထင်ပြီး အဲဒီ အောက်လမ်းဆရာနဲ့ ခေါ်ကုကြတယ်လို့ သတင်းကြားလိုက်တယ်"

ဦးလှက ဝင်ပြောလိုက်မှ မြဝင်းသူမှာ ပိုပြီးစိုးရိမ်ကြောက်ရွံ့သွားလေသည်။

"လူတစ်ယောက်ကို ပယောဂ အတတ်ပညာနဲ့ ဒီလို လုပ်ချင်တိုင်း လုပ်လို့ရသလား ဆရာကြီး"

"ရနိုင်ပါတယ်. . . အင်း၊ မန္တန်၊ ဆေး၊ အစီအရင် ပညာတွေနဲ့ လုပ်ယူရင် ရနိုင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



“ဒီလိုဖြင့်တော့ စိတ်မချရတော့ဘူး၊ အမြန်ဆုံး အကာအကွယ်တွေ လုပ်ထားမှ ဖြစ်မယ်၊ ဆရာကြီးရယ်. . . ကျွန်တော်တို့မိသားစုကို ဆရာကြီးလက်ကို အပ်ပါတယ်၊ ကျွန်တော့်သမီးလေး အခုလိုမျိုး အန္တရာယ်တွေ မကျရောက်အောင် စောင့်ရှောက်ပေးပါဗျာ”

“ဒီလောက်လည်း စိတ်မပူပါနဲ့ ဦးလှရယ်၊ မကောင်းဆိုးဝါး အတတ်ပညာတွေဟာ သူတော်ကောင်းတွေကို နှိပ်စက်လို့ မရပါဘူး၊ ခင်ဗျားသမီးအတွက် ဘေးအန္တရာယ်ကင်းအောင် ကျုပ်စီရင်ပေးခဲ့ပါ့မယ်”

ဟု ပြောပြီး အသင့်ယူဆောင်လာသော အင်းချပ်ဖြင့် စီရင်ထားသော လက်ဖွဲ့တစ်ခုကို မြဝင်းသူ လည်ပင်းမှာ ဆွဲပေးလိုက်သည်။

ထို့ပြင် ခြံဝန်းထဲမှာလည်း အခြားအနှောင့်အယှက်များ မဝင်နိုင်အောင် အစီအရင်များ ပြုလုပ်ပေးလိုက်လေတော့သည်။





# အခန်း(၇)

# ဝိညာဉ်ခေါ်သော လိပ်ပြာနက်

နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေရာမှ မျက်စိထဲမှာ အိပ်မက်လိုလို မြင်နေရသည်။

အချိန်က ညအချိန်ဖြစ်သောကြောင့် ပတ်ဝန်းကျင်မှာ အမှောင်ရိပ်များ ရှိနေပြီး ထူးထူးခြားခြား တိတ်ဆိတ်ငြိမ်သက်နေသည်။

မြဝင်းသူအနေဖြင့် အိပ်ပျော်နေတာလား. . .

ဒါမှမဟုတ် ပြန်နိုးနေတာလား. . . သေသေချာချာ မသိရပေ။ ကြည့်လိုက်တော့ သူမပတ်ဝန်းကျင်မှာ မည်သူမှ ရှိမနေဘဲ တစ်ယောက်တည်း ဖြစ်နေလေသည်။

www.burmeseclassic.com

မြဝင်းသူက ဇဝေဇဝါဖြစ်နေစဉ် နားထဲမှာ ခေါ်သံလိုလို ကြားလာရသည်။

“မြဝင်းသူ. . .နင့်ကို ငါခေါ်နေတယ်၊ ငါခေါ်နေတဲ့အသံကို နင်ကြားနေရတယ် မဟုတ်လား”

“ဟင်. . .”

“မကြာခင် ငါ့ရဲ့တမန်တော်ကို ငါလွှတ်လိုက်မယ်၊ သူ လာခေါ်ရင် နင်ထပြီး လိုက်ခဲ့ရမယ်”

“အို. . . မလိုက်ဘူး. . . မလိုက်ဘူး၊ ရှင်ဘယ်သူလဲ. . . ဘယ်နေရာက ခေါ်တာလဲ”

“မကြာခင် ငါဘယ်သူဆိုတာ နင်သိရလိမ့်မယ်၊ ငါ့အမိန့်ကို ဘယ်သူမှ လွန်ဆန်လို့မရဘူး၊ နင်လိုက်ခဲ့ရမယ်. . . နင်လိုက်ခဲ့ရမယ်”

ဟု ပြောနေသောအသံကြီးက တဖြည်းဖြည်း ပျောက်ကွယ်သွားလေသည်။

မြဝင်းသူမှာ ကြောက်လွန်းသဖြင့် တစ်ကိုယ်လုံး တုန်ယင်နေသည်။

အိမ်မှာ ရှိနေသူများကို အကူအညီတောင်းရန် စိတ်ကူးမိသော်လည်း ထူးထူးခြားခြား ဘယ်သူမှ မတွေ့ရပေ။

“အဖေတို့ အမေတို့ ဘယ်များ သွားနေကြလို့ အိမ်မှာ ငါတစ်ယောက်တည်း ရှိနေတာလဲ၊ ဘယ်သူ့ကို အကူအညီတောင်းရပါ့မလဲ”

ထိုသို့တွေးတောနေစဉ် သူသတ်ကုန်း ရှိရာဘက်မှာ ဆွဲဆွဲငင်ငင် အူလိုက်သော ခွေးအူသံများကို သဲ့သဲ့ကြားလာရသည်။

အမှောင်ရိပ်များ ဖုံးနေသော်လည်း သူမ မျက်စိထဲမှာတော့ ပတ်ဝန်းကျင်မှာ ရှိနေသော (လူများမှလွဲပြီး)အရာဝတ္ထု အတော်များများကို တွေ့မြင်နေရသည်။





“ငါ အိပ်မက်,မက်နေတာများလား”

ဟုလည်း ဇဝေဇဝါ တွေးမိသေးသည်။

ထိုအခိုက်မှာပင် နားထဲမှာ အသံတစ်သံကို မသဲမကွဲ ကြားလာရသဖြင့် ကြည့်လိုက်ရာ မည်းမည်းသဏ္ဍာန်တစ်ကောင် ပျံသန်းလာသည်ကို ဝိုးတဝါး လှမ်းမြင်ရသည်။

အမှောင်ထဲမှာ မသဲကွဲသောကြောင့် ပထမတော့ လင်းနို့ကြီးတစ်ကောင်ဖြစ်မည်ဟု ထင်လိုက်မိသေးသည်။

အနားရောက်လာတော့မှ မဟုတ်မှန်း သိရတော့သည်။

လေထဲမှာ အတောင်ပံ တဖျပ်ဖျပ် ခတ်ပြီး ပျံသန်းလာသော သတ္တဝါမှာ လိပ်ပြာနက်ကြီးတစ်ကောင်ပင် ဖြစ်ပေတော့သည်။

လိပ်ပြာနက်ကြီးမှာ ကြီးလှသောကြောင့် လင်းနို့လင်းဆွဲ တစ်ကောင်ပမာ အရွယ်ရှိနေလေသည်။

ထူးဆန်းသောအချက်မှာ ၎င်းပျံသန်းနေသော လမ်းတစ်လျှောက်မှာ အဖြူရောင် မီးခိုးငွေ့များ ထွက်နေခြင်းပင်ဖြစ်သည်။

ထိုလိပ်ပြာနက်ကြီးက မြဝင်းသူအနား ရောက်လာလေသည်။

မီးခိုးငွေ့များက သူမအနီးမှာ ဝဲပျံနေသည်။

ထိုမီးခိုးငွေ့များနှင့် ထိလိုက်သောအခါ မြဝင်းသူ စိတ်ထဲမှာ တစ်မျိုးဖြစ်လာသည်။

ဘာမှ မယ်မယ်ရရ မသိတော့ဘဲ စိတ်က ထိုလိပ်ပြာခေါ်ရာ နောက်သို့ ထလိုက်သွားချင်သည့်စိတ်များ ဖြစ်ပေါ်လာသည်။

သို့သော် စိတ်ကသာ လိုက်သွားချင်နေသော်လည်း လူက နေရာမှ ထမရသေးပေ။

တစ်စုံတစ်ယောက်က အတင်းချုပ်နှောင်ပြီး ဖိထားသကဲ့သို့ ဖြစ်ကာ ထမရပေ။


www.burmeseclassic.com

www.burmeseclassic.com

သူက ထမရသောအခါ လိပ်ပြာနက်ကြီးကလည်း မနီးမဝေး နေရာမှ လှည့်ပတ်ပျံသန်းနေသည်။

နားထဲမှာလည်း တစ်စုံတစ်ယောက်က သူမအမည်ကို လှမ်း ခေါ်နေသည့်အသံအား ကြားနေရသည်။

ထိုအသံကြောင့် လိပ်ပြာနက်ကြီး ခေါ်ရာနောက်သို့ ထလိုက် သွားချင်သော်လည်း လူက ထမရပေ။

သူမက ထမည်ကြံတိုင်း မမြင်ရသည့် တစ်စုံတစ်ယောက်က ချုပ်နှောင်ထားသကဲ့သို့ ဖြစ်နေလေသည်။

အတန်ကြာတော့ လိပ်ပြာနက်ကြီးက သူမအနီးမှ အမှောင်ရိပ် ထဲသို့ ပျံသွားသည်ကို မြင်လိုက်ရသည်။

လိပ်ပြာနက်ကြီး ပျောက်သွားသည်နှင့် မြဝင်းသူလည်း ပြန် လည် အိပ်ပျော်သွားလေတော့သည်။

ထိုအချိန်တွင် ရွာအပြင်ဘက်နှင့် မနီးမဝေး၌ ရှိသော သုသတ် ကုန်းပေါ်မှာ လူသုံးယောက်တို့ ရှိနေကြသည်။

ခေါင်းဆောင်လုပ်သူက အဝတ်မည်းကြီး ခြုံထားသောကြောင့် မည်သူမည်ဝါမှန်း မသိရဘဲ နောက်မှ တပည့်နှစ်ယောက်လည်း ပါလေ သည်။

၎င်းတို့သည် တောင်ကုန်းပေါ်မှ တစ်စုံတစ်ခုကို စောင့်မျှော်နေ ကြဟန်ရှိသည်။

"ဆရာကြီး. . . ဒီတစ်ခါ ကြာပါလား"

"ရောက်လာမှာပါ"

"ကျွန်တော်တို့ မြင်ခဲ့တာတော့ ကောင်မလေးက အတော်လှ တယ်၊ မာနလည်း ကြီးမယ့်ပုံပဲ"

"ဘယ်လောက်မာနကြီးကြီး တစ်နေ့ကျရင် ငါ့ခြေဖဝါးအောက်





ရောက်ရတာပဲ မဟုတ်လား"

"ဟုတ်ပါတယ်"

ထိုသို့ပြောဆိုနေကြစဉ် အမှောင်ရိပ်ထဲမှာ တရွေ့ရွေ့ ပျံလာ သော လိပ်ပြာနက်ကြီးကို တွေ့မြင်ကြရသည်။

"ဆရာကြီး လွှတ်လိုက်တဲ့ ဝိညာဉ်လိပ်ပြာပဲ ပြန်လာတာ တွေ့ရ တယ်၊ ကောင်မလေးတော့ မပါဘူး"

ဆရာကြီးဆိုသူမှာ အနားသို့ ရောက်လာသော လိပ်ပြာနက်ကို ဖမ်းယူလိုက်လေသည်။

သူ့လက်ထဲ ရောက်သောအခါ စောစောက အသက်ဝင်လျက် ပျံသန်းနေသောလိပ်ပြာမှာ အရုပ်တစ်ခုဘဝသို့ ပြောင်းလဲသွားလေ တော့သည်။

"ဘယ်လိုကြောင့် ကောင်မလေး မပါလာတာလဲ ဆရာကြီး"

"အတားအဆီး အနှောင့်အယှက်တစ်ခုခု ရှိနေလို့ ဖြစ်မှာပေါ့၊ ဒါပေမယ့် ဒီတစ်ခါ မအောင်မြင်ပေမယ့် နောက်တစ်ခါ ထပ်ပြီးစီရင် လိုက်ရင် ငါ့လက်ထဲကို မလွဲမသွေ ရောက်လာရမှာပါ"

ဟု ပြောဆိုကာ သုံးယောက်သား အမှောင်ရိပ်ထဲသို့ ဝင်ရောက် ပျောက်ကွယ်သွားလေတော့သည်။

မြဝင်းသူမှာ နောက်တစ်နေ့ အိပ်ပျော်ရာမှ နိုးလာတော့ စိတ် ထဲမှာ ဇဝေဇဝါဖြစ်နေသည်။

အိပ်မက်,မက်နေတာလား. . . တကယ် မြင်တွေ့လိုက်ရတာ လား သူမကိုယ်တိုင်ပင် မသိနိုင်အောင် ဖြစ်နေသဖြင့် အဖေနှင့်အမေ ကို ပြန်ပြောပြလိုက်သည်။

"ဒါ အနှောင့်အယှက်တွေ ဝင်လာတာ သေချာပြီ၊ ဆရာကြီးရဲ့ အစီအရင် အကာအကွယ်တွေကို ကြောက်လို့သာ ပြန်လှည့်သွားတာ



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ရမယ်"

"ဒါဖြင့် အကာအကွယ်တွေသာ ကြိုမလုပ်ထားရင် ကျုပ်သမီး ကလေး ညက ပါသွားမှာပေါ့နော်"

"ပါသွားမှာပေါ့ကွ. . . ငါတို့တောင် သိလိုက်မှာ မဟုတ်ဘူး"

"ကျုပ်လည်း ဒီသတင်းတွေ ကြားကတည်းက စိတ်ချလက်ချ မအိပ်ဝံ့ပါဘူးတော်၊ ညကမှ ဘယ်လိုအိပ်ပျော်သွားမှန်း မသိပါဘူး၊ ဘာမှန်းမှ မသိနိုင်ရလောက်အောင် ဘယ်လိုဖြစ်သွားတယ် မသိပါဘူး"

ထိုအခါ ဦးလှက သူတွေးမိသမျှကို ပြောပြလိုက်သည်။

"ငါလည်း မင်းလိုပါပဲ၊ ညဘက်တွေမှာ ကောင်းကောင်းမအိပ်ဘဲ သတိဝီရိယနဲ့ နေတာပါပဲ၊ ဒါပေမယ့် ညကတော့ တစ်ခုခုကို ရှူလိုက်မိသလိုဖြစ်ပြီး အိပ်ပျော်သွားလိုက်တာ မိုးလင်းမှ ပြန်နိုးလာတော့တယ်၊ ရိုးမှရိုးရဲ့လား မသိဘူး"

"ဘယ်ရိုးမှာလဲ. . . ဆရာတွေဘာတွေက အိပ်မွေ့ချတာလည်း ဖြစ်နိုင်တာပေါ့၊ ဟဲ့. . . မြဝင်းသူ၊ ညက လိပ်ပြာနက်ကြီး ရောက်လာတော့ ဘာဖြစ်သွားလဲ"

"သူ့နောက်က လိုက်ခဲ့ဖို့ အတင်းခေါ်နေတာ အမေရဲ့၊ ကျွန်မလည်း လိုက်သွားဖို့ စိတ်ကူးပေါ်သေးတယ်၊ ဒါပေမယ့် ဘယ်သူက ချုပ်ထားမှန်း မသိပါဘူး၊ နေရာက ထမရလို့သာ ကျန်ခဲ့ရတာ"

"အမယ်လေး. . . တကယ်လို့သာ ထလိုက်သွားမိရင်တော့ ခင်ယုံတို့လို အဖြစ်မျိုးနဲ့ ကြုံရမလား မသိဘူး၊ ဘယ်လိုလုပ်ရင် ကောင်းမလဲ ကိုလှ၊ တော့သမီးကို ဒီအတိုင်း ထားလို့မှ ဖြစ်ပါ့မလား၊ ဘာမှ ဆိုးဆိုးဝါးဝါး မဖြစ်ခင် သင့်တော်တဲ့ လူတစ်ယောက်နဲ့ ပေးစားလိုက်ရရင် မကောင်းဘူးလား"

"အို. . . အမေကလည်း"





"မင်းကလည်းကွာ. . . ကိုယ့်သမီးကို အိမ်ထောင်ချပေးတာ ဒီလို အလောသုံးဆယ်လုပ်လို့ သင့်ပါ့မလားကွ၊ သူ သဘောကျတာမျိုး ရှိနေရင်တော့လည်း တစ်မျိုးပေါ့"

ထိုသို့ပြောသောအခါ သမီးအတွက် များစွာစိတ်ပူနေသော ဒေါ်မြက မေးလိုက်သည်။

"ဟဲ့. . . မြဝင်းသူ နင်သဘောကျတဲ့သူများ ရှိနေသလား"

"အို. . . မရှိသေးပါဘူး အမေရဲ့"

"ဒီလိုဆိုရင် ရွာထဲက သင့်တော်တဲ့သူ တစ်ယောက်ယောက်နဲ့ လူကြီးတွေက ပေးစားရင်ကော ယူမှာလား"

"အမေရယ်. . . ကျွန်မ စဉ်းစားပါရစေဦး၊ အိမ်ထောင်ပြုတဲ့ ကိစ္စမျိုးတော့ ဒီလောက်အလောတကြီး မလုပ်ပါရစေနဲ့၊ နောက်ပြီး ဆရာကြီး ပေးထားတဲ့ အကာအကွယ်ပစ္စည်းတွေလည်း ရှိနေတာပဲ၊ ဒီလောက်မစိုးရိမ်ရပါဘူး"

"ပြောတာကတော့ လွယ်တာပဲ၊ မိန်းကလေးတစ်ယောက်ရဲ့ ဘဝဆိုတာ သန့်စင်တဲ့ဘဝမှာ ဘယ်သူမဆို လိုချင်ကြတယ်၊ တစ်ခုခု မှားယွင်းသွားပြီးမှဆိုရင်တော့ ဘယ်သူမှ လှည့်ကြည့်ချင်ကြတာ မဟုတ်ဘူး၊

ညည်းလည်း ငယ်ရွယ်တော့တဲ့အရွယ် မဟုတ်တော့ဘူး၊ အသက်ပဲ နှစ်ဆယ်ကျော်နေပြီ၊ အချိန်အခါရှိတုန်း သီးချိန်တန်သီး ပွင့်ချိန်တန် ပွင့်ရမှာပဲ၊

ငါတို့လူကြီးတွေ သင့်တော်တဲ့သူနဲ့ ပေးစားတာကို လက်မခံချင်ရင် ကိုယ်နဲ့ သင့်တော်မယ့်သူကို ကြည့်ထား၊ နင်သဘောကျလို့ သင့်တော်မယ့်သူဆိုရင် ပေးစားမယ်"

ဟု ဒေါ်မြက ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



မိခင်တစ်ယောက်အနေနှင့် အရွယ်ရောက်လာသော သမီးအပေါ်မှာ ဘယ်လောက်စိုးရိမ်ပူပန်နေသည်ကို အမူအယာ ကြည့်ရုံဖြင့် သိနိုင်သောကြောင့် ဦးလှကပင် တစ်ခွန်းမှ ဝင်မပြောသာတော့ဘဲ ရှေ့ နှုတ်ပိတ်နေရလေတော့သည်။

ညနေပိုင်းအချိန်ရောက်တော့ နီမောင် အလုပ်မှ ပြန်လာပြီး မြဝင်းသူထံ ရောက်လာပြီး အခြေအနေ မေးသည်။

"ဆရာကြီးက လက်ဖွဲ့ကြိုး ချည်ပေးထားတော့ အခြေအနေ ဘယ်လိုထူးသလဲ မြဝင်းသူ"

မြဝင်းသူက သူမ ညက တွေ့မြင်ခဲ့ရသောအကြောင်းများကို ပြန်ပြောပြလိုက်သည်။

"ဒီလိုဆိုရင်တော့ ဆရာကြီး ပြောသလို အနှောင့်အယှက်တွေ ရှိနေပြီဆိုတာ မှန်နေပြီပေါ့"

"ငါ ဘယ်လိုလုပ်ရမလဲဟင်"

မြဝင်းသူက မျက်နှာငယ်ကလေးဖြင့် မေးလိုက်သည်။

"နင် သတိနဲ့ နေဖို့တော့ လိုပြီပေါ့၊ ဘာကြောင့်လဲဆိုတော့ မကောင်းဆိုးဝါးတွေက နင့်ဆီကို လာနေပြီဆိုတာ သေချာတယ်"

"ငါတော့ သေသာ သေလိုက်ချင်တော့တာပါပဲဟာ၊ ကိုယ့်အိမ်မှာ နေရင်းနဲ့ကို အန္တရာယ်တွေ ရောက်လာနေတော့တာပါပဲ"

"ဒါကတော့ တခြားမိန်းကလေးတွေလည်း ဒီလိုပဲ ဖြစ်ကြရတာ နေမှာပေါ့"

"အဲဒါက အရေးမကြီးဘူး၊ ငါ့ကို တခြားသူတွေလို ဖြစ်သွားမှာ စိုးလို့ အမေနဲ့အဖေက ငါ့ကို အိမ်ထောင်ချပေးဖို့တောင် ပြောနေကြတယ်"

"ဒါလည်း ကောင်းတာပဲပေါ့၊ အိမ်ထောင်ကျသွားရင်တော့





အခုလို အန္တရာယ်မျိုးတွေနဲ့ တွေ့ရတော့မှာ မဟုတ်ဘူး၊ တစ်ချက်ခုတ် နှစ်ချက်ပြတ် ဖြစ်တာပေါ့"

"ဘယ်လိုဖြစ်တာလဲ"

"လူကြီးတွေ စီမံပေးတဲ့အတိုင်း အိမ်ထောင်ပြုလိုက်တော့ တခြားအန္တရာယ်တွေနဲ့လည်း ရှင်း၊ ကိုယ်ချစ်တဲ့သူနဲ့လည်း အတူနေရ တာပေါ့"

"သူပြောတော့မှ ပိုတောင်ဆိုးနေသေးတယ်၊ ငါက ယောက်ျား ယူဖို့ မပြောနဲ့၊ ခုထိ ရည်းစားတောင်မှ မရှိသေးတာ၊ ဘယ်သူ့ကို ယူရမှာလဲ"

ဟု မျက်စောင်းထိုးကာ မေးသည်။

"ရွာထဲမှာ နင်တို့နဲ့ အဆင့်အတန်း တူတဲ့သူတွေ၊ ကိုယ့်ထက် အခြေအနေ ပိုကောင်းတဲ့သူတွေ အများကြီး ရှိတာပဲ၊ အဲဒီအထဲက နင်သဘောကျတဲ့ တစ်ယောက်ယောက် ရွေးယူလိုက်ပေါ့"

နီမောင်က ထိုစကားကို နောက်ပြောင်ပြောနေခြင်း မဟုတ်ဘဲ စိတ်ထဲမှာ ရှိသည့်အတိုင်း ပြောနေခြင်းဖြစ်မှန်း သူ့အမူအယာ ကြည့်ရုံနှင့် သိသာလေသည်။

"နေစမ်းပါဦး. . . ငါမေးပါရစေ၊ အိမ်ထောင်ပြုတယ်ဆိုတာ စိတ်ထဲက မပါဘဲနဲ့ အဲသည်လို လွယ်လွယ်ပြုလို့ရတယ်များ နင် ထင်နေ လို့လား. . . ပြောပါဦး"

"ဒါတော့ ငါဘယ်သိပါ့မလဲ မြဝင်းသူရဲ့၊ ငါက အိမ်ထောင်ပြုဖူး တာမှ မဟုတ်တာ"

"ဒါဖြင့် ငါကရော ဒါတွေ သိရအောင် အိမ်ထောင်ကျခဲ့ဖူးလို့ လား"

ထိုသို့ပြောသောအခါ နီမောင်က ဘာမှပြန်မပြောသာတော့



www.burmeseclassic.com

www.burmeseclassic.com



သဖြင့် ပါးစပ်အဟောင်းသားဖြင့် ကြည့်နေသည်။

"လောကမှာ ရှိုးသားတာကတော့ ကောင်းပါတယ်၊ ဒါပေမယ့် သိပ်ပြီး ရိုးလွန်း အ,လွန်းပြန်တော့လည်း ကျန်တဲ့သူတွေ စိတ်ဆင်းရဲရ တယ်ဆိုတာကိုရော သိရဲ့လား"

"ဒီမှာ. . . ငါပြောပြမယ်၊ ငါက အသက်သာ အသေခံချင် ခံမယ်၊ ကိုယ်မနှစ်သက်ဘဲနဲ့တော့ ဘဝကို ပုံပေးမယ့်သူမျိုး မဟုတ်ဘူး ဆိုတာတော့ နင့်စိတ်ထဲမှာ မြဲမြဲမှတ်ထားပါ"

ဟု ပြောပြီး နေရာမှ ထသွားလေရာ နီမောင်မှာ တအံ့တသြဖြင့် ပါးစပ်အဟောင်းသားဖြစ်ကာ မြဝင်းသူကို လှမ်းကြည့်နေလေတော့သည်။





# အခန်း(၈)

# လီဝီပြာနက်နှင့် ပန်းစားဘီလူး

ရှေ့အခန်းများမှာ ရေးသားဖော်ပြခဲ့သည့်အတိုင်း ပင်လယ်ကမ်းခြေနှင့် ရခိုင်ရိုးမ အနောက်ဘက်ခြမ်းအတွင်းမှာ ရှိကြသော ရွာများမှာ တစ်ရွာနှင့်တစ်ရွာ မဝေးလှဘဲ ဆက်စပ်နေကြသည်။

အချို့မှာ ရွာတန်းချင်း ဆက်နေပြီး အချို့မှာ လယ်တစ်ကွက်၊ တောင်ရိုးသာ ခြားကြသည်။

ထို့ကြောင့်လည်း တစ်ဦးနှင့်တစ်ဦး သိကျွမ်းနေကြပြီး တစ်ရွာမှာ အကြောင်းတစ်ခုပေါ်လျှင် နောက်တစ်ရွာမှ ချက်ချင်းသိကြသည်။

သတင်းထူးပါက တောမီးလောင်သကဲ့သို့ ပျံ့နှံ့လွယ်လေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ယခုလည်း ထိုနယ်တစ်ဝိုက်မှာ မကြုံစဖူး ဖြစ်ပျက်နေသော အဖြစ်ဆိုးများမှာ ထိုနေရာများမှာ နေကြသူများသာမကဘဲ အခြားဝေးလံလှသောနေရာများ၌ နေထိုင်ကြသူများပါ သိနေကြသည်။

ထို့ကြောင့် သမီးမိန်းကလေး ရှိသူတို့မှာ ရတက်မအေးရအောင် ဖြစ်နေကြသည်။

ထို့ထက် အရွယ်ရောက်သော သမီးပျိုလေးများ ရှိသူများမှာ မျက်စိဒေါက်ထောက် ကြည့်နေရသော အခြေအနေမျိုး ရောက်နေကြသည်။

သို့သော်လည်း အမြဲတော့ စောင့်ကြည့်မနေနိုင်ကြပေ။ မိန်းကလေးများကလည်း အိမ်ထဲမှာချည်း အမြဲမနေနိုင်ကြပေ။

အတော်များများမှာ ဆင်းရဲချို့တဲ့သူများဖြစ်ကြသောကြောင့် တစ်နေ့လုပ်မှ တစ်နေ့စားဘဝများ ဖြစ်ကြပေရာ အလုပ်ထွက်လုပ်ကြရသည်။

သို့သော်လည်း ယခင်ကလိုတော့ စိတ်ချလက်ချ လွတ်လွတ်လပ်လပ် မနေဝံ့တော့ဘဲ ညောင်သီးလည်းစား လေးညို့သံလည်း နားထောင် ဆိုသလို သတိဖြင့် နေထိုင်လုပ်ကိုင်ကြရသည်။

အချို့ငွေကြေးတတ်နိုင်သူများကတော့ ၎င်းတို့၏သမီးပျိုများကို အဝေးမှာ ရှိသော ဆွေမျိုးသားချင်းများ ရှိရာသို့ ပို့ထားကြသည်။

ထိုနယ်တစ်ဝိုက်မှာ ဖြစ်နေသော အဖြစ်အပျက်များမှာလည်း လူတိုင်းတော့ မဖြစ်ပေ။

ရုပ်ရည်ချောမောလှပသူ၊ ငွေကြေးအတန်အသင့် ချောင်လည်သူများ၏သမီးများသာ အဖြစ်များလေသည်။

သို့ကြောင့်လည်း ထိုနယ်တစ်ဝိုက်မှာ ရှိကြသည့် ဦးသူတော်၊ သံပချိုင်နှင့် ဦးဗန်ကောင်း စသော ဆေးဆရာများမှာလည်း မကြာခဏ





လိုက်လံ၍ ဆေးကုပေးနေကြရလေသည်။

တောင်ညိုရွာနှင့် တယ်ပင်ရွာမှာ မဝေးလှပေ။ တောင်ရိုးတစ်ခုသာ ခြားပြီး တစ်ရွာနှင့်တစ်ရွာ လှမ်းမြင်နိုင်လေသည်။

တယ်ပင်ရွာ၏မြောက်ဘက်မှာ တောင်ညိုရွာနှင့် ထိစပ်လျက်ရှိပေသည်။

တယ်ပင်ရွာထိပ်တွင် သစ်သားဖြင့် ဆောက်ထားသော အိမ်ဟောင်းကြီးတစ်လုံး ရှိသည်။

ရှေးကတည်းက ဆောက်ထားခြင်းဖြစ်ပြီး ရေနံချေးများ အထပ်ထပ် သုတ်ထားသောကြောင့် တစ်အိမ်လုံး မည်းမှောင်လျက်ရှိသည်။

ထိုအိမ်ကြီးမှာ ဆေးဆရာကြီး ဦးသူတော်နှင့် ၎င်းတပည့်နှစ်ယောက်တို့ နေကြသည်။

တပည့်နှစ်ယောက်၏အမည်မှာ မောင်တုတ်နှင့်မဲကြီးတို့ဖြစ်ပြီး ဦးသူတော်က ဥပဓိရုပ် ကောင်းသလောက် တပည့်နှစ်ယောက်ကတော့ တစ်ယောက်က ခေါင်းတုံး၊ တစ်ယောက်က ဆံပင်စုတ်ဖွားနှင့် လူဆိုးလူမိုက်ရုပ် ပေါက်နေကြသည်။

အိမ်ကြီး၏အတွင်းမှာတော့ ဘုရားခန်း၊ ဆေးပစ္စည်းများ ထားသောအခန်း၊ အစီအရင်များ ပြုလုပ်သောအခန်း၊ ဦးသူတော် နေသောအခန်းနှင့် လူနာများကို ဆေးကုသောအခန်းများ ရှိသည်။

ရှေ့၌ ဖော်ပြခဲ့သည့်အတိုင်း ဦးသူတော်ကတော့ အဝတ်ဖြူများ ဝတ်ပြီး လည်ပင်းမှာ ပုတီးတစ်ကုံး ဆွဲထားကာ တည်ငြိမ်အေးချမ်းသောအသွင် ရှိသဖြင့် လူအတော်များများ၏ယုံကြည်မှု ခံရလေသည်။

"ဆရာကြီးရယ်. . . ကျွန်မသမီးလေးကို ကယ်ပါဦး၊ အပျိုစစ်က ဘယ်ကဘယ်လို ကိုယ်ဝန်ရှိလာတာလဲ မသိပါဘူး၊ မေးတော့



www.burmeseclassic.com

www.burmeseclassic.com



လည်း သူ ဘာမှမသိဘူး ဖြစ်နေတယ်၊ ရိုးမှရိုးရဲ့လား မသိပါဘူး၊ စုန်းပယောဂတွေများ ပြုစားထားသလားဆိုတာ ကြည့်ရှုပေးပါ”

ဟု လာရောက်အကူအညီတောင်းသူတွေလည်း ရှိသည်။

ဦးသူတော်က မိန်းကလေးကို စစ်ဆေးကြည့်ပြီး. . .

“မိန်းကလေးမှာ ဖြစ်နေတဲ့ရောဂါက မရိုးဘူး၊ ပညာအဆင့်အတန်းမြင့်တဲ့ စုန်းမတစ်ယောက်ယောက်က ပြုစားထားတာဗျ”

ဟု ပြောသည်။

“အမလေး. . . ဖြစ်မှဖြစ်ရလေ၊ ဒါဖြင့် ကျွန်မဲ့သမီးလေးရဲ့ အသက်ကို ကယ်ပါဦး ဆရာကြီးရယ်”

“ဒီလောက်လည်း စိတ်မပူပါနဲ့၊ ဆေးဆရာကြီးနဲ့ တွေ့မှတော့ ကယ်မ,ပေးရမှာပေါ့၊ သူ့ဝမ်းထဲ ရောက်နေတာတွေကို ကျုပ်ဖယ်ရှင်းပေးပါ့မယ်”

“ကျေးဇူးတင်ပါတယ် ဆရာကြီးရယ်၊ ကျွန်မသမီးလေးသာ အသက်ချမ်းသာရာ ရရင် ဆရာကြီးကို ရွှေဒင်္ဂါးနဲ့ ကန်တော့ပါ့မယ်”

“ကတိစကားဆိုတာ လွယ်လွယ်မပေးရဘူး၊ ပေးပြီးရင်လည်း တည်မှ ဖြစ်မယ်နော်”

“အို. . . ကျွန်မတို့က တကယ်ပေးနိုင်လို့ ပြောတာပါ၊ ကျွန်မသမီးလေးသာ ပြန်ကောင်းသွားရင် ရွှေဒင်္ဂါးသုံးပြားနဲ့ ကန်တော့ပါ့မယ်”

“ကောင်းပြီ. . . ခင်ဗျားရှေ့မှာတင် လက်တွေ့ကုပြပါ့မယ်”

ဟု ပြောဆိုကာ ဆေးကုရာတွင် အန်ဆေးကျွေး၍ ရေတိုက်သောအခါ အသားတုံးများ အန်ချခြင်း၊ ဆေးမှုန့်ဖြူးချသည်နှင့် ကိုယ်မှ ပိုးလောက်လန်းများ ထွက်ကျလာခြင်းများ တွေ့ကြရသည်။

နောက်ဆုံးမှာ အထက်ဆေးတော်ကြီးဟု ပြောပြီး ဆေးတစ်





ခွက် တိုက်ပေးကာ ပြန်လွှတ်လိုက်သည်။

လူနာရှင်များလည်း ဆေးကုသပုံ သဘောကျ ယုံကြည်သဖြင့် ရွှေဒင်္ဂါးသုံးပြားအပြင် အခြားစားသောက်ဖွယ်ရာများဖြင့် ကန်တော့သွားကြသည်။

နောက်သုံးရက်ခန့်ကြာသောအခါ ထိုမိန်းကလေးမှာ ကိုယ်ဝန်ပျက်ကျသွားလေတော့သည်။

မိဘများမှာ အရှက်မရတော့သော်လည်း မိန်းကလေးခမျာမှာတော့ နောက်ပိုင်းမှာ ထိုရောဂါဖြင့် မစားနိုင်မသောက်နိုင်ဖြစ်ပြီး အသက်သေဆုံးသွားရလေတော့သည်။

မိန်းကလေးတစ်ယောက် သေဆုံးသွားခဲ့သည်က အရေးမကြီးလှပေ။ ဆေးကုသခအတွက် ရွှေဒင်္ဂါးများ ရလိုက်သည်က ဟန်ကျလှသည်။

ထို့ပြင် ဦးသူတော်မှာ အခြားအစွမ်းထက်သော အစီအရင်တစ်မျိုးလည်း ရှိပေသေးသည်။

အခြားမဟုတ်ပေ။

ပီယသိဒ္ဓိဆေးဟု ခေါ်သော အမျိုးသမီးများက နှစ်သက်သဘောကျစေသည့် အစီအရင်များပင်ဖြစ်၏။

ထိုအစီအရင်များကို ငွေကြေးတတ်နိုင်သော ကာလသားအချို့က သဘောကျကြလေသည်။

သို့သော်လည်း ထိုအစီအရင်ကို ရစေရန်အတွက် ဆရာတောင်းသလောက် ငွေပေးရသည်။

အချို့က ငွေကြေးမတတ်နိုင်သဖြင့် ဆန်၊ စပါး စသည်တို့ကို ပေးကြရသည်။

“ဆရာကြီးရယ်. . . ကျွန်တော် ဟိုဘက်ရွာက မိန်းကလေး



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ကို အတော်ကလေးကို သဘောကျနေပါတယ်၊ ဒါပေမယ့် သူက ကျွန်တော့်ကို လုံးဝသဘောမကျဘူး ဖြစ်နေတယ်၊ ကျွန်တော်က လည်း သူ့ကိုမှ မရရင် မဖြစ်ပါဘူး၊ ဒါကြောင့် သူနဲ့ နီးစပ်အောင်လို့ အစီအရင်တစ်ခုတော့ လုပ်ပေးပါခင်ဗျား"

"အင်း. . . ဒီအစီအရင်မျိုးဆိုတာ လွယ်လွယ်နဲ့ လုပ်လို့ မရဘူးကွယ့်၊ လူတိုင်းကိုလည်း လုပ်ပေးလို့မရဘူး"

"ဖြစ်အောင်လုပ်ပေးပါ ဆရာကြီးရယ်၊ ကျွန်တော် ရှာဖွေစုဆောင်းထားတာလေးတွေကို ကန်တော့ပါ့မယ်"

"မင်းက ဘယ်လောက်များ တတ်နိုင်လို့လဲ"

"မိုးတွင်းက အလုပ်သမားခ ရတာနဲ့ စပါးဆယ်တင်းနဲ့ ငွေတစ်ရာတော့ ရှိပါတယ်၊ အဲ့ဒါ အားလုံးပေးပါ့မယ်"

"နည်းလှသကွယ်"

"ကျွန်တော်မှာလည်း ဒါပဲ တတ်နိုင်လို့ပါ ဆရာကြီးရယ်၊ သူ့ကိုမှ မရရင် မဖြစ်လို့ ကူညီပေးပါဗျာ"

ထိုလူရွယ်က သနားစဖွယ် တောင်းပန်ပြောဆိုနေရာ နောက်ဆုံးမှာတော့ ဦးသူတော်က ဂရုဏာသက်သွားဟန်ဖြင့် ပီယသိဒ္ဓိ အစီအရင်တစ်ခု ပြုလုပ်ပေးရန် စိတ်ကူးမိလေသည်။

"ကောင်းပြီလေ. . . မင်းကြည့်ရတာ ငါသနားမိပါတယ်၊ ဒါထက် မင်းနာမည် ဘယ်လိုခေါ်သလဲ"

"ရင်မောင်ပါ ဆရာကြီး"

လူရွယ်က အားတက်သရော ပြောသည်။

"မင်းကောင်မလေးနာမည်ကရော ဘယ်သူလဲ"

"ရင်မေပါ ဆရာကြီး"

"ဟင်. . . မင်းတို့နှစ်ယောက်က နေ့တူနံတူ ကက်ကင်းပါ





လား၊ မင်းတို့နှစ်ယောက်သာ အိမ်ထောင်ဖက်ဖြစ်ခဲ့ရင် စီးပွားတိုးတက်မှာ အမှန်ပဲကွ"

ထိုစကားကြားသောအခါ ရင်မောင်မှာ များစွာဝမ်းသာ အားတက်သွားလေသည်။

"မင်း ဘာမှစိတ်မပူနဲ့၊ မနက်ဖြန်ည ရောက်တော့ မင်း ဒီကိုလာခဲ့၊ မင်းကောင်မလေးကို ရအောင် ငါလုပ်ပေးမယ်"

"ကျေးဇူးကြီးလှပါတယ် ဆရာကြီးရယ်၊ ဆရာကြီးရဲ့ကျေးဇူးကို ကျွန်တော် တစ်သက်မမေ့ပါဘူး"

"ရပါတယ်ကွယ်. . . မင်းကန်တော့မယ့် ပစ္စည်းတွေကိုသာ အိမ်ကို စောစောလေး ပို့ပေးထားကွယ့်"

"စိတ်ချပါ ဆရာကြီး၊ ဒီက ပြန်သွားတာနဲ့ ကျွန်တော် ချက်ချင်းလာပို့ပေးပါ့မယ်"

ဟု ပြောဆိုကာ ဝမ်းမြောက်ဝမ်းသာဖြင့် ပြန်သွားလေသည်။ နေ့လည်ဘက်တွင် စပါးဆယ်တင်းနှင့် ငွေတစ်ရာကို လာပို့ပေးလေသည်။

တကယ်တော့ ထိုစပါးဆယ်တင်းနှင့်ငွေတစ်ရာမှာ တစ်နှစ်လုံး လုပ်ငှားလုပ်၍ ရထားသော ပစ္စည်းများဖြစ်ပြီး နောက်တစ်နှစ်အတွက် ဝမ်းစာ စပါးလည်းဖြစ်သည်။

ထိုစပါးကို အားလုံးပေးလိုက်ရပြီးဖြစ်သဖြင့် သူတို့အတွက် နောက်နှစ် ဝမ်းစာကျန်တော့မည် မဟုတ်ပေ။ ဝမ်းစာမကျန်သည်က အရေးမကြီးပေ။ ရင်မေနှင့် နီးစပ်ဖို့ကသာ အရေးကြီးဆုံးဖြစ်ပေသည်။

ညဦးပိုင်းအချိန် ရောက်သောအခါ ရင်မောင်သည် ဦးသူတော်နေအိမ်သို့ သွားသည်။

ထိုရောက်တော့ ဦးသူတော်က ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ အစီအရင်လုပ်ပြီး ကောင်မလေးအိမ်ကို လွှတ်လိုက်ပြီ၊ မင်းက ကောင်မလေးအိမ်နဲ့ မနီးမဝေးကနေ သွားပြီးစောင့်နေ၊ ကောင်မလေး ထွက်လာတာနဲ့ တခြားဘယ်ကိုမှ ခေါ်မသွားနဲ့၊ ဒီကိုပဲ ခေါ်လာခဲ့ရမယ်. . . ကြားလား"

"စိတ်ချပါ ဆရာကြီး"

"ငါပြောတဲ့အတိုင်းသာ လုပ်နော်၊ တခြားဘာမှ မလုပ်မိစေနဲ့၊ လုပ်မိတာနဲ့ အစီအရင် ပျက်ပြီး ကောင်မလေး ပြန်သွားလိမ့်မယ်"

"ဘာမှမလုပ်ပါဘူး ဆရာကြီး"

"ကဲ. . . ဒါဖြင့် သွားပေတော့"

ဟု မှာလိုက်ရာ ရင်မောင်လည်း ဝမ်းသာအားရဖြင့် ရင်မေတို့ အိမ်ဘက်သို့ သွားလေသည်။

အချိန်က ညဦးပိုင်းအချိန်ပင်ဖြစ်သည်။

ကောင်းကင်ပေါ်မှာ အလင်းရောင်အချို့ ရှိနေသောကြောင့် ပတ်ဝန်းကျင်ကို ဝိုးတဝါး မြင်နိုင်လေသည်။

ထိုအချိန်တွင် လိပ်ပြာနက်ကြီးတစ်ကောင်မှာ ရင်မေတို့ နေအိမ်ဘက်သို့ ဦးတည်ပျံသွားသည်ကိုတော့ ရင်မောင်တစ်ယောက် မမြင်လိုက်ရပေ။

သူသည် ရင်မေတို့အိမ်အနီးသို့ ရောက်သောအခါ မနီးမဝေး အမှောင်ရိပ်ထဲမှာ ရပ်စောင့်ရင်း အခြေအနေ ကြည့်နေလေသည်။

ညဉ့်နက်ပိုင်းအချိန် ရောက်သောအခါ အိမ်ထဲမှ လူတစ်ယောက် အပြင်သို့ ထွက်လာသည်။

"ဟင်. . ."

ရင်မောင်ကတော့ စိတ်အားထက်သန်စွာဖြင့် လှမ်းကြည့်နေသည်။





အတန်ကြာတော့ ထိုသဏ္ဌာန်က တရွေ့ရွေ့နှင့် သူရှိရာဘက်သို့ လျှောက်လာသည်။

မနီးမဝေး ရောက်လာတော့မှ ရင်မေမှန်း သိရလေသည်။

"ဟာ. . . ရင်မေပါလား"

ရင်မေက သူ့အနီးရောက်လာသော်လည်း မမှတ်မိသလို ကြောင်တောင်တောင်ဖြစ်နေသည်။

"ရင်မေ. . . ငါလေ. . . ရင်မောင်လေ၊ မမှတ်မိဘူးလား"

ထိုသို့ပြောသော်လည်း ဘာမှပြန်မပြောဘဲ တောင့်တောင့်ကြီးသာ ရပ်နေသည်။

"ဆရာကြီး စီရင်ပေးတာ တယ်ဟန်ကျပါလား၊ အခုလို ဖြစ်နေတာ ဆေးမပြယ်သေးလို့ပဲ ဖြစ်ရမယ်၊ ဘာပဲဖြစ်ဖြစ် ဆရာကြီး မှာထားတဲ့အတိုင်း သူ့ဆီကို ခေါ်သွားမှပဲ၊ လာ. . . ရင်မေ၊ ငါ့နောက်ကို လိုက်ခဲ့"

ဟု ပြောပြီး ခေါ်သွားရာ ရင်မေကလည်း ဘာမှမပြောဘဲ နောက်မှ လိုက်လာသည်။

အိမ်သို့ ရောက်သောအခါ ဦးသူတော်က စောင့်နေသည်ကို တွေ့ရလေသည်။

"ဆရာကြီး. . . ရင်မေ ပါလာပြီ"

"အော်. . အေး. . အေး "

ဦးသူတော်က အိပ်နေရာမှ ထလာသောသောကြောင့် ကပိုကရို ဖြစ်နေသော ရင်မေအလှများကို တစ်ချက်ကြည့်လိုက်သည်။

"မင်း သူ့အနားကို မကပ်နဲ့၊ သူ့အသားကိုလည်း လုံးဝမထိနဲ့၊ အခုအချိန်မှာ သူ့ကိုယ်ထဲမှာ သူ့ရဲ့ဝိညာဉ် မရှိတော့ဘူး၊ တခြားဝိညာဉ်ကို အစားထည့်ပြီး ဒီနေရာရောက်အောင် ခေါ်လာခဲ့ရတာ၊



www.burmeseclassic.com

www.burmeseclassic.com


မင်းထိလိုက်တာနဲ့ လန့်ပြီး ဟိုဝိညာဉ်ထွက်သွားရင် မင်းကောင်မလေး သေသွားလိမ့်မယ်"

ထိုစကားကြောင့် ရင်အောင်မှာ များစွာထိတ်လန့်သွားသည်။

"ဒီ. . ဒီတော့ ဘယ်လိုလုပ်ရမလဲ ဆရာကြီး"

"သူ့ကို ဒီမှာထားခဲ့ပြီး မင်းပြန်ပေတော့၊ ငါ အမိဌာန်ပြုပြီး သူ့ဝိညာဉ် ပြန်ခေါ်ပြီး လဲထည့်ရဦးမယ်"

"ကျွန်တော် ဒီမှာ စောင့်နေလို့ မရဘူလား ဆရာကြီး"

"ဘယ်ဖြစ်မလဲကွ. . . မနက်လင်းလို့ ကောင်မလေး ပျောက်နေမှန်း သိရင် သူ့မိဘတွေက လိုက်ရှာကြမှာပေါ့၊ မင်းကို ဒီမှာ တွေ့ရင် ကောင်မလေး ပြန်ပါသွားမှာပေါ့၊ နောက်ပြီး ငါလည်း ဘယ်ကောင်းပါ့မလဲ"

ဟု ပြောရာ ရင်မောင်လည်း ဘာမှ ဆက်မပြောသာတော့ပေ။

"ဟို. . ဟို. . သူ့ကို ဒီနေရာမှာ ဘယ်နှစ်ရက်လောက် ထားရမှာလဲ ဆရာကြီး"

"သုံးရက်တော့ ထားမှာပေါ့၊ သုံးရက်ပြည့်လို့ ကိုယ်နဲ့ဝိညာဉ်နဲ့ ပြန်ကပ်သွားပြီးရင် ကောင်မလေးကို ငါ မင်းရှိတဲ့နေရာ ပို့ပေးခိုင်းလိုက်ပါမယ်"

"စိတ်ချလက်ချသာ ထားခဲ့ပါ၊ ဒါပေမယ့် တစ်ခုတော့ မှာလိုက်မယ်နော်၊ မင်း ဒီအကြောင်းတွေကို ဘယ်သူ့ကိုမှ မပြောမိဖို့ အရေးကြီးတယ်၊ တကယ်လို့ တခြားသူတွေ သိသွားပြီး လာနှောင့်ယှက်ကြရင် ကောင်မလေး အသက်သေသွားလိမ့်မယ်"

ဟု မှာလိုက်သဖြင့် ရင်မောင်လည်း ဘာမှ မတတ်နိုင်တော့သဖြင့် စိတ်မသက်မသာ ဖြစ်ကာ ပြန်သွားရလေတော့သည်။

ထိုအဖြစ်အပျက်များ ဖြစ်ပြီးနောက် လေးရက်ခန့် ကြာသော



အခါ ရင်မေတစ်ယောက် အိပ်ပျော်ရာမှ ပြန်နိုးလာသကဲ့သို့ ဖြစ်လာလေသည်။

ကြည့်လိုက်တော့ သူရောက်နေသောနေရာမှာ သူ့အိမ် မဟုတ်ပေ။

"ငါ ဘယ်နေရာရောက်နေတာလဲ"

ဟု ဇဝေဇဝါနှင့် စဉ်းစားနေစဉ် ရင်မောင် ရောက်လာလေသည်။

"ဟင်. . . ရင်မောင်၊ အခု ငါ ဘယ်နေရာ ရောက်နေတာလဲ"

"ငါ့အိမ်မှာ ရောက်နေတာပါ"

"ဟင်. . . ."

ထိုစကားကြောင့် များစွာအံ့ဩသွားလေသည်။

"ငါ့ကို ဘယ်သူခေါ်လာတာလဲ၊ နင်ခေါ်လာတာလား"

ရင်မောင်က ခေါင်းညိတ်ပြလိုက်သည်။

"နင် ဘယ်လိုခေါ်လာတာလဲ၊ ငါ နင့်ကို မချစ်ဘူး၊ ယူလည်း မယူနိုင်ဘူး၊ ငါ အိမ်ပြန်မယ်၊ အခုချက်ချင်း အိမ်ပြန်ပို့ပေးပါ"

ဟု ပြောနေရာ ရင်မောင်က စိတ်မကောင်းစွာဖြင့် ကြည့်နေသည်။

"နင် အတော်ယုတ်မာတယ်၊ ငါသဘောမတူဘဲ ငါ့ကို သားမယားလို သိမ်းပိုက်တယ်၊ နင့်ကို ငါမကျေနပ်ဘူး ရင်မောင်"

ဟု မီးဝင်းဝင်းတောက်သောအကြည့်ဖြင့် ကြည့်ကာ ပြောဆိုနေသဖြင့် ရင်မောင်က အပြင်သို့ ထွက်သွားလေသည်။

"ဒါတွေအားလုံး ငါ့အပြစ်တွေပါ ရင်မေရယ်၊ ငါ့ကြောင့် ဖြစ်ရတာတွေပါ"

ဟု ရေရွတ်နေလေသည်။


www.burmeseclassic.com

www.burmeseclassic.com

နောက်ရက်မှာတော့ ရင်မေက သူ့အိမ်သို့ ပြန်သွားလေသည်။

"ယောကျ်ားနောက် ခိုးရာလိုက်တုန်းက လိုက်သွားပြီးမှ ဘာဖြစ်လို့ ပြန်လာတာလဲ ရင်မေ"

မိခင်ဖြစ်သူက မေးသည်။

"ကျွန်မ သူနဲ့ ခိုးရာလိုက်သွားတာ မဟုတ်ဘူး အမေ"

"အလိုတော် . . . နင်ကိုယ်တိုင်က သဘောတူလို့ လိုက်သွားတာ သုံးလေးရက်တောင် ရှိမှ ဒီစကားမျိုး ပြောရသလား"

"သုံးရက်တောင်ရှိပြီ ဟုတ်လား အမေ"

"သုံးလေးရက်ကြာအောင် ယောကျ်ားလေးအိမ်မှာ လိုက်နေပြီးမှ သဘောမတူဘူး၊ ခိုးရာလိုက်သွားတာ မဟုတ်ဘူးလို့ ပြောရအောင် နင် ရူးနေသလား၊ စိတ်ကော မှန်သေးရဲ့လား"

မိခင်က ထိုသို့ပြောသောအခါ ရင်မေကိုယ်တိုင်ပင် မစဉ်းစားတတ်အောင် ဖြစ်သွားတော့သည်။

"အမေပြောတာ တကယ်ပဲလား၊ ငါ ရင်မောင်အိမ် ရောက်နေတာ သုံးလေးရက် ကြာနေပြီတဲ့၊ အဲဒီရက်ထဲမှာ ငါ ဘာတွေဖြစ်ခဲ့ပြီလဲ"

ဟု ဇဝေဇဝါ စဉ်းစားနေသော်လည်း အဖြေမပေါ်ပေ။

"အခုမှ ဘာမှ စဉ်းစားမနေနဲ့တော့ ရင်မေ၊ နင်တို့အကြောင်းကိုလည်း တစ်ရွာလုံးက သိနေကြပြီ၊ လူဆိုတာ အသက်နဲ့ လူလုပ်တာ မဟုတ်ဘူး၊ အရှက်နဲ့ လူလုပ်ကြတာ၊ တစ်ရှက်ကနေ နှစ်ရှက်အဖြစ်မခံနိုင်ဘူး၊ သူ့ဘက်က မိဘတွေလည်း လာပြီး စေ့စပ်ကြောင်းလမ်းလို့ မင်္ဂလာဆောင်မယ့်ရက်တောင် ရွေးပြီးသွားကြပြီ"

ဟု ပြောကာ နေရာမှ ထသွားလေတော့သည်။ ယခုမှ ရင်မေဘဝက မထွေးနိုင် မအံနိုင် ဘဝမျိုး ရောက်သွားရလေပြီ။

တကယ်တော့ သူမ အနေနှင့် ရင်မောင်အပေါ်မှာ မချစ်ပေ။





သို့သော်လည်း မယူ၍မရသော အခြေအနေမျိုးသို့ ရောက်ရှိခဲ့လေပြီ။

သူမအနေနှင့် မချစ်မနှစ်သက်သော ရင်မောင်ဆီသို့ မည်သို့မည်ပုံ ရောက်သွားခဲ့သည်ဆိုသော အဖြေကိုတော့ အသိချင်ဆုံး ဖြစ်နေလေသည်။


www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၉)

# ဘဝမလှခဲ့သော ချစ်သူတို့ဘဝ

ရင်မောင်နှင့် ရင်မေတို့နှစ်ယောက် မင်္ဂလာဆောင်သောနေ့က ခင်မင်သောမိတ်ဆွေများကို ဖိတ်ကြားသဖြင့် နီမောင်၊ စောထီး၊ ငမဲအောင်တို့သုံးယောက်လည်း သွားကြသည်။

မြဝင်းသူအပါအဝင် မိန်းကလေးအချို့လည်း သွားကြလေသည်။ တောမင်္ဂလာဆောင်တို့၏ထုံးစံအတိုင်း ဝက်သားဟင်းနှင့်ထမင်းကျွေးလေသည်။

မင်္ဂလာဆောင်မှာ တစ်ခုထူးခြားနေခြင်းက သတို့သားနှင့်သတို့သမီးမျက်နှာတို့မှာ ရွှင်ရွှင်လန်းလန်း မရှိကြခြင်းပင်ဖြစ်သည်။

ရင်းတို့၏ပုံသဏ္ဌာန်မှာ လူကြီးမိဘများက ဖွတ်အတင်းပေးစားသောကြောင့် အောင့်အည်းပြီး ယူကြရသည့်ပုံစံမျိုး ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com

နီမောင်က ရင်မောင့်အခြေအနေကို ကြည့်ပြီး အံ့ဩနေသည်။ နားမလည်နိုင်အောင် ဖြစ်နေသည်။

သူတို့နှစ်ယောက်အကြောင်းကို အတော်များများ သိထားကြသူများဖြစ်သဖြင့် အံ့ဩနေကြခြင်းဖြစ်သည်။

"နီမောင်. . . သတို့သားရင်မောင်မျက်နှာက ဘယ်လိုဖြစ်နေတာလဲ၊ မင်္ဂလာဆောင်တယ်ဆိုတာ ယောကျ်ားလေးတွေအတွက် အပျော်ဆုံးအချိန်ထဲမှာ ပါတာပဲ၊ သူ့ကြည့်ရတာ တစ်ခုခု ဖြစ်နေသလိုပဲ"

"ရင်မောင်က ရင်မေကို ငယ်ငယ်ကတည်းက ပိုးနေတာပဲ၊ ရင်မေကသာ သူ့ကို ပြန်မကြိုက်တာ မဟုတ်လား၊ ဘယ်လိုဖြစ်ပြီး အခုလို ချက်ချင်းကြီး မင်္ဂလာဆောင်တဲ့ အခြေအနေထိ ရောက်သွားကြတာလဲ၊ ငါဖြင့် အတော်ကလေး အံ့ဩနေမိတယ်"

စောထီးနဲ့မဲအောင်တို့က ပြောကြသည်။

"အေးလေ. . မိန်းကလေးဆိုတာ အခက်သားပဲ၊ တစ်သက်လုံး မချစ်ခဲ့ပေမယ့် သနားစရာလေးတစ်ကွက်လောက် တွေ့တာနဲ့ ချက်ချင်း စိတ်ပြောင်းချင် ပြောင်းသွားတတ်တာမျိုးဆိုတော့ ရင်မောင်ကို သနားသွားလို့ လက်ခံလိုက်တာ ဖြစ်မှာပေါ့"

ဟု နီမောင်က ပြောသည်။ ထိုကဲ့သို့ပင် မြဝင်းသူကလည်း ရင်မေနှင့် တွေ့သောအခါ မေးသည်။

"ဟဲ့. . . ရင်မေ၊ နင်ပြောတော့ ရင်မောင်ကို တစ်သက်လုံး လက်မခံဘူးဆို၊ အခု ဘယ်လိုဖြစ်ပြီး မင်္ဂလာဆောင်တဲ့ အခြေအနေထိ ရောက်သွားတာလဲ၊ ငါတို့ဖြင့် အံ့ဩလို့တောင် မဆုံးဘူး"

ရင်မေက ဘာမှပြန်မပြောဘဲ မချိပြုံးလေးနှင့်သာ ပြုံးနေသည်။

"ရင်မောင်က ဆင်းရဲပေမယ့် ရိုးသားတယ်၊ သဘောထား





ဖြူစင်ပါတယ်၊ မိန်းကလေးဆိုတာ ဒီလို အသောက်အစားကင်းတဲ့လူမျိုးရတာ ဂုဏ်မငယ်ပါဘူးဟာ"

ဟု ဝိုင်းဝန်းနှစ်သိမ့်မှု ပေးကြလေသည်။

မင်္ဂလာဆောင်ပြီး ရက်အတန်ကြာတော့မှ ရင်မေမှာ ရင်မောင့် အခြေအနေကို ရိပ်မိလာလေသည်။

ရင်မောင်က သူနှင့် လက်ထပ်ထားသော်လည်း သားမယားတစ်ယောက်လို မဆက်ဆံဘဲ နှမလေးတစ်ယောက်လိုသာ ထားသည်။

တစ်ခါတစ်ရံ ငေးမှိုင်နေပြီး တစ်ခုခုကို မကျေမနပ် ဖြစ်နေဟန်မျိုး တွေ့ရသည်။

"သူ ဘာဖြစ်နေတာလဲ. . . မင်္ဂလာဆောင်ပြီးကတည်းက ငါ့အနားကိုတောင် မကပ်တော့ဘူး၊ ငါ့ကို မချစ်ဘဲနဲ့ ယူခဲ့ရလို့လား၊ ဒီလိုလည်း မဟုတ်ပါဘူး၊ သူ ငါ့ကို မေတ္တာရှိနေတာလည်း ငါအသိဆုံးပဲ၊ ဘာဖြစ်နေတာပါလိမ့်"

ဟု နားမလည်သလို တွေးနေမိသည်။

တစ်နေ့တော့ ရင်မောင်နှင့် တွေ့ပြီး ပွင့်ပွင့်လင်းလင်း မေးကြည့်ရသည်။

"ရင်မောင်. . . နင်ဘာဖြစ်နေတာလဲ၊ နင့်ကြည့်ရတာ ငါ့ကို မချစ်ဘဲနဲ့ ယူထားရသလိုပဲ"

"ငါ နင့်ကို ချစ်ပါတယ်ဟာ"

"ဒါဖြင့် ဘာဖြစ်နေတာလဲ၊ ငါ့ကို မှန်မှန်ပြောပါ"

"ဘာမှမဖြစ်ပါဘူး ရင်မေရယ်"

"နင် တစ်ခုခုဖြစ်နေတယ်ဆိုတာ ငါရိပ်မိတယ်၊ တကယ်လို့ ငါ့ကို မချစ်ဘဲ ယူရတယ်ဆိုရင်လည်း ငါပြန်ကွာပေးပါ့မယ်"

"မဟုတ်ပါဘူးဟာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါမှမဟုတ် အရင်က နင့်ကို ပြောခဲ့ဆိုခဲ့တာတွေကို မကျေနပ်လို့ ငါ့ကို ကလဲ့စား ပြန်ချေနေတာလား"

"မဟုတ်ပါဘူး ရင်မေရယ်၊ ငါ့မှာ ဒီလိုယုတ်မာတဲ့စိတ်မျိုး မရှိပါဘူး"

ဟု ပြောပြီး နေရာမှ ထသွားလေသည်။

နောက်ထပ် လအနည်းငယ်ကြာသောအခါ ရင်မေခမျာ ကိုယ်ဝန်ရှိနေပြီကို သိသောအခါ မျက်လုံးပြူးသွားလေသည်။

ရင်မောင်နှင့် လက်ထပ်ထားသော်လည်း ရင်မောင်က သူမနှင့် အတူတူ မနေဘဲ နှမလေးတစ်ယောက်လို ထားသည်ကို ရင်မေ အသိဆုံး ဖြစ်သည်။

"ဒီကိုယ်ဝန်က ဘယ်သူနဲ့ ရခဲ့တာလဲ၊ ငါသတိမရတဲ့အချိန်တုန်းက သူကျူးလွန်လိုက်တာလား၊ ဒါလည်း မဖြစ်နိုင်ပါဘူး၊ ရင်မောင်က ဒီလိုယုတ်မာမယ့်သူမျိုးတော့ မဟုတ်ပါဘူး၊ တကယ်လို့ သူနဲ့ရတဲ့ ကိုယ်ဝန်ရှိနေမှန်းသာ သိရင် ဒီလိုနေမှာလည်း မဟုတ်ပါဘူး၊ ဒါဖြင့် ငါ့ဗိုက်ထဲက ကိုယ်ဝန်က ဘယ်သူနဲ့ ရခဲ့တာလဲ၊ ဘယ်သူ့လက်ချက်လဲ၊ ငါ ဘာတွေဖြစ်ခဲ့တာလဲ"

ဟု တုန်လှုပ်ချောက်ခြားစွာ စဉ်းစားနေမိလေသည်။

ထိုသို့စဉ်းစားမိတော့မှ ရင်မောင်၏ထူးထူးခြားခြား ဖြစ်နေသော အပြုအမူများကို ဆက်စပ်ပြီး တွေးမိလေတော့သည်။

"ဒီကိုယ်ဝန်ဟာ သူနဲ့ ရတဲ့ကိုယ်ဝန် မဖြစ်နိုင်ဘူးဆိုတာ ငါသိတယ်၊ ဒါ ငါအသိဆုံးပဲ၊ ဒါကြောင့် သူ ငါ့အပေါ်မှာ ဒီလိုဖြစ်နေတာပဲ ဖြစ်ရမယ်၊ မဖြစ်ဘူး. . . မဖြစ်ဘူး၊ ဒီကိစ္စကို သိအောင် စုံစမ်းရမယ်၊ အဖြေမသိရရင် သူ့အတွက်ရော ငါ့အတွက်ပါ ကောင်းမှာမဟုတ်ဘူး"

ဟု တွေးမိပြီး သူမနှင့် ခင်မင်ရင်းနှီးသူများကို မသိမသာ လိုက်





လံ စုံစမ်းလေတော့သည်။

တစ်နေ့တော့ ထိုရွာမှ အမျိုးသမီးတစ်ယောက်က ပြောပြသည်။

"ငါလည်း နင်တို့သတင်းတွေ ကြားပြီး စိတ်မကောင်းပါဘူး၊ အဲဒီညက နင် လူတစ်ယောက်နဲ့ ပါလာတာကို ငါ အမှတ်တမဲ့ မြင်လိုက်ရတယ်"

"ဟင်. . . အဲဒီလူက ဘယ်သူလဲဟင်"

"သူက အဝတ်ခြုံပြီး ရုပ်ဖျက်ထားတော့ ဘယ်သူဘယ်ဝါမှန်းတော့ မသိလိုက်ရဘူး"

"ကျွန်မကို ဘယ်ခေါ်သွားတာလဲဟင်"

"ငါလည်း မသင်္ကာလို့ နောက်က လိုက်ကြည့်တော့ နင့်ကို ဆေးဆရာ ဦးသူတော်ရဲ့အိမ်ကြီးထဲကို ခေါ်သွားတာ လှမ်းမြင်လိုက်ရတယ်"

"ရှင်. . . ကျွန်မကို အဲဒီခေါ်သွားတယ် ဟုတ်လား"

"ဟုတ်တယ်. . . အဲဒီကတည်းက နင်ပျောက်နေတယ်လို့ သတင်းကြားရပြီး နောက်သုံးလေးရက်လောက် ကြာတော့မှ ရင်မောင့်အိမ်ကို ဘယ်လိုဘယ်လို ရောက်သွားခဲ့တာလဲဟင်"

ရင်မေက ခေါင်းခါပြလိုက်သည်။

"ကျွန်မလည်း မသိဘူး"

"အံ့သြစရာပဲ. . . ကိုယ့်ကိုယ်ကို ဘယ်လိုဖြစ်မှန်းတောင် မသိတော့ဘူးလား"

"ဟင့်အင်း. . . ကျွန်မ ဘာမှ မမှတ်မိတော့လို့ အစ်မကို လာမေးရတာ"

"အံ့ပါရဲ့အေ. . . ဒါပေမယ့် ငါပြောစရာ တစ်ခုတော့ ရှိတယ်၊



www.burmeseclassic.com

www.burmeseclassic.com

ရင်မောင်က နင့်ကို ခိုးသွားတယ်ဆိုရင်လည်း ဆေးဆရာအိမ်မှာတော့ သုံးလေးရက် ထားခဲ့မှာ မဟုတ်ဘူး၊ ငါတော့ ဘာမှ နားမလည်တော့ပါဘူးအေ”

ဟု ပြောပြသည်။

ထိုစကားကြားသောအခါမှ မိမိတို့ရွာအပါအဝင် ရွာအတော်များများမှ မိန်းမပျိုလေးများ အဖြစ်ဆိုးနဲ့ ကြုံတွေ့ခဲ့ရပုံများကို သတိရလိုက်သောအခါ ကျောထဲမှာပင် စိမ့်ကနဲ ဖြစ်သွားလေသည်။

“ငါလည်း သူတို့လိုများ ဖြစ်ခဲ့ပြီလား၊ ဒါဖြင့် ငါ့ကို ဖျက်ဆီးလိုက်တာ ဘယ်သူလဲ”

ထိုအတွေးက ခေါင်းထဲမှာ မကြာခဏ ပဲ့တင်ထပ်နေသည်။ တဆက်တည်း ရင်မောင့်အပြုအမူများကို သဘောပေါက်လာမိလေတော့သည်။

တစ်နေ့ ရင်မောင်တစ်ယောက်တည်း အိမ်ရှေ့ကွပ်ပျစ်ပေါ်မှာ ထိုင်နေစဉ် ရင်မေက အနားသို့ သွားလေသည်။

“ရင်မောင်”

ရင်မောင်က လှည့်ကြည့်သောအခါ မျက်ရည်အဝိုင်းသားနှင့် လက်အုပ်ချီ၍ ကန်တော့လိုက်သည်။

“ရင်မေ. . . နင်ဘာလုပ်တာလဲ”

“နင့်အပေါ်မှာ အထင်လွဲပြီး ပြောခဲ့ဆိုခဲ့မိတာတွေကို ငါ တောင်းပန်ပါတယ်”

“ရပါတယ်ဟာ. . . ငါ နင့်အပေါ်မှာ ဘယ်လိုမှ အမှတ်မထားခဲ့ပါဘူး”

“ဒါပေမယ့် နင် ငါ့ကို အမှန်အတိုင်း ပြောပြပါ၊ ဒါမှမဟုတ် ငါ့ကို ကွာရှင်းပေးပါ ရင်မောင်ရယ်၊ ငါ ဒီလိုဘဝမျိုးနဲ့တော့ ဆက်မနေပါ





ရစေနဲ့တော့”

ရင်မောင်က တအံ့တသြ ကြည့်သည်။ ရင်မေက စီးကျလာသောမျက်ရည်များကို လက်ဖြင့် သုတ်ရင်း ဆက်ပြောသည်။

“ငါ့ရင်ထဲမှာ ရထားတဲ့ကိုယ်ဝန်ဟာ နင်နဲ့ ရတဲ့ကိုယ်ဝန်မဟုတ်ဘူး မဟုတ်လား”

ထိုစကားကြားတော့ မျက်လုံးပြူးသွားရသူမှာ ရင်မောင်ပင် ဖြစ်လေတော့သည်။

“နင်. . နင့်မှာ ကိုယ်ဝန်ရှိနေပြီ ဟုတ်လား ရင်မေ”

“ဟုတ်တယ်. . . ဒါပေမယ့် ဒီကိုယ်ဝန်ဟာ နင်နဲ့ ရတာ မဟုတ်ဘူးဆိုတာ ငါသိတယ်၊ ဒါ ဘယ်သူ့လက်ချက်လဲဆိုတာ နင်သိနေတယ် မဟုတ်လား၊ ငါ့ကို အမှန်အတိုင်း ပြောပြပါ”

“ဒါတွေကို မသိချင်ပါနဲ့တော့ ရင်မေရယ်”

“အို. . . မရဘူး၊ ဒါ ငါ့ဘဝအတွက် အရေးအကြီးဆုံးကိစ္စပဲ၊ သိရမှဖြစ်မယ်၊ နင်ပြောပြပါ၊ နင်မပြောပြရင် ငါ ဒီလိုတော့ ဆက်မနေချင်ဘူး၊ ဘယ်သူ့သွေးမှန်း မသိတဲ့ ကိုယ်ဝန်ကိုလည်း ဆက်မလွယ်ထားချင်တော့ဘူး၊ ကိုယ့်ဖာသာ သတ်သေလိုက်တော့မယ်”

ထိုအခါ ရင်မောင်က ဖြောင်းဖျပြောဆိုရသည်။

“ဒီလိုတော့ စိတ်လိုက်မာန်ပါ မလုပ်ပါနဲ့ ရင်မေရယ်၊ ငါ တောင်းပန်ပါတယ်၊ တစ်နေ့ကျရင် ဒီအကြောင်းတွေအားလုံး ငါပြောပြပါ့မယ်”

“နင် မပြောရင်လည်း နေပါ၊ ဒါပေမယ့် ငါ့ကိုတော့ ကွာရှင်းပေးပါ၊ ငါ အမေတို့အိမ်ကို ပြန်နေပါရစေတော့၊ အခုလို ငါ့အရှက်ကို အနစ်နာခံပြီး ကာကွယ်ပေးခဲ့တဲ့ကျေးဇူးကို ငါမမေ့ပါဘူး”

“နင်နဲ့ငါနဲ့က လူကြီးမိဘတွေ သဘောတူကြလို့ ပေးစားထား


www.burmeseclassic.com

www.burmeseclassic.com

တာလေ၊ လင်မယား ဖြစ်နေတာပဲ အတော်ကြာနေပြီ၊ နင့်မှာ ဘာအပြစ်ရှိလို့ ငါက ကွာရှင်းပေးရမှာလဲ"

"ဒါပေမယ့် ငါ့ဘဝက မသန့်ရှင်းတော့ပါဘူး၊ ဒီလိုမသန့်ရှင်းတဲ့ ဘဝမျိုးနဲ့တော့ ငါမနေပါရစေနဲ့တော့"

"ငါ နင့်အပေါ်မှာ ချစ်တယ်ဆိုတာ အပျိုဖြစ်ရမယ် အအိုဖြစ်ရမယ်ဆိုတာမျိုး မရှိပါဘူး၊ အခုလို ဖြစ်ရတာလည်း နင့်စိတ်ထဲက ပါလို့ နင်ဖြစ်ချင်လို့ ဖြစ်ခဲ့ရတာမှ မဟုတ်တာပဲ၊ တစ်နေ့ကျရင် ဒီအကြောင်းတွေကို ငါ့အားလုံးပြောပြပါ့မယ်"

ရင်မေက အဆက်မပြတ် စီးကျနေသော မျက်ရည်စများကို သုတ်ပစ်နေလေသည်။

"ဒါပေမယ့် နင် ငါ့အပေါ်မှာ အရင်ကလို မချစ်တော့ဘူး မဟုတ်လား"

"ချစ်ပါတယ် ရင်မေရယ်၊ အရင်ကတည်းက ချစ်ခဲ့သလို အခုလည်း ချစ်ပါတယ်၊ ငါ နင့်ကို တစ်သက်လုံး သစ္စာရှိရှိနဲ့ ရိုးမြေကျ ပေါင်းသင်းသွားမှာပါ၊ ဒါ ငါ့ရင်ထဲမှာ ရှိတဲ့အတိုင်း ပြောတဲ့ကတိစကားပါ"

ဟု ပြောလိုက်ရာ ရင်မေက ငိုကြွေးရင်းနှင့် ရင်မောင့်ရင်ခွင်ထဲသို့ တိုးဝင်လာလေသည်။ ရင်မောင်ခမျာလည်း တစ်သက်လုံး ချစ်ခဲ့ရသော ချစ်သူ၏ ကိုယ်ကလေးကို ဖက်ထားရင်း ရင်ထဲမှာ ကြိတ်မနိုင်ခဲမရ ဖြစ်နေမိတော့သည်။ ထို့နှင့်အတူ တစ်ခုခု ပြုလုပ်ရန်လည်း ဆုံးဖြတ်ချက် ချလိုက်မိလေတော့သည်။





# အခန်း(၁၀)

# ဦးဖန်ကောင်းနှင့် အစွမ်းထက်သည့် ပဥ္စလက် ဓာတ်ပညာ

တစ်နေ့သ၌ ဦးဖန်ကောင်းနေအိမ်တွင် နီမောင်၊ စောထီး၊ ငမဲအောင်တို့အပြင် ရင်မောင်ပါ ရောက်နေလေသည်။ ရင်မောင်က နီမောင်တို့နှင့် ခင်မင်ရင်းနှီးသောကြောင့် ၎င်း၏အဖြစ်အပျက်များကို ပြောပြကာ လာရောက်တိုင်ပင်ခြင်းဖြစ်သည်။

ထိုအခါ နီမောင်တို့က ရင်မောင်ကို ဦးဖန်ကောင်း ရှိရာသို့ ခေါ်လာကြခြင်းဖြစ်သည်။

ရင်မောင်က သူကြုံတွေ့ခဲ့ရသော အဖြစ်အပျက်များကို ပြောပြသောအခါ အားလုံးက အံ့သြနေကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးဖန်ကောင်းကတော့ မထူးဆန်းသလို နားထောင်ပြီးတော့မှ မှတ်ချက်ချလိုက်လေသည်။

"ငါတို့ ထင်ထားတဲ့အတိုင်းပါပဲကွ"

"ဟင်. . . ဒါဖြင့် ဆရာကြီးတို့က ဒီအကြောင်းတွေကို ကြိုသိနေသလိုပါပဲလား"

"သိပါတယ်. . . ဒီနယ်တကြောမှာ ဖြစ်နေတဲ့အဖြစ်အပျက်တွေဟာ တရားခံ ဘစ်ယောက်ယောက်ရဲ့လက်ချက်ဖြစ်မှန်းတော့ သိနေပြီးသားပါ၊ ဘယ်သူ့လက်ချက်မှန်းသာ မသိရသေးတာပါ၊ အခု ရင်မောင် လာပြောပြတော့မှပဲ တရားခံကို သိရတော့တယ်၊ လက်စသတ်တော့ ဒင်းက ကြောင်သူတော် ကြွက်သူခိုး လုပ်နေတာကိုး"

"ဘယ်လိုလုပ်ကြမလဲ ဆရာကြီး၊ တရားခံ သိရပြီဆိုတော့ သူ့ကို ဖမ်းပြီး အပြစ်ပေးရင် မကောင်းဘူးလား"

စောထီးက ပြောသည်။

"ဒီလိုလုပ်လို့ မဖြစ်သေးဘူးထင်တယ်၊ သူက ဆေးပညာမှာ အတော်ကလေး အစွမ်းထက်တယ်၊ ပြုစားခံထားရတဲ့သူကို အသားတုံးတွေ ချက်ချင်းပြန်အန်အောင် လုပ်ပြနိုင်တယ်၊ နောက်ပြီး အသားပေါ်မှာ ဆေးမှုန့်ဖြူးချလိုက်တာနဲ့ ကိုယ်ထဲမှာ ရှိနေတဲ့ ပိုးကောင်တွေ ထွက်လာအောင် လုပ်ပြနိုင်တယ်၊ နောက်တစ်ခုက ဖနောင့်နဲ့ ပေါက်လိုက်တာနဲ့ မီးတောက်တာ တွေ့ဖူးတယ်"

ဟု ရင်မောင်က အထိတ်တလန့် ပြောပြသည်။

ထိုအခါ ဦးဖန်ကောင်းက. . .

"ဒီပညာတွေက မဆန်းကြယ်လှပါဘူး၊ ပဥ္စလက် ဓာတ်ပညာဆိုတာ ဆရာတွေက မသိနားမလည်တဲ့လူတွေကို သမားဂုဏ် ပြတဲ့နည်းတွေ ဖြစ်သလို သူတို့ကို ကြောက်ရွံ့အောင် လုပ်ပြတဲ့နည်းတွေပါ





ကွယ်"

ဟု ပြောပြသည်။

ထိုစကားကြားတော့ အံ့သြသွားကြသည်။

"ဒါ. . ဒါဖြင့် ဆရာကြီး အဲဒီနည်းတွေကို လုပ်တတ်တယ်ပေါ့"

"သိလည်း သိပါတယ်၊ လုပ်လည်း လုပ်တတ်ပါတယ်"

"ကျွန်တော်တို့က အဲဒီနည်းတွေ လုပ်ပြတာကို မြင်ပြီး သူ့ကို ကြောက်နေကြတာ၊ နောက်ပြီး ပုံပြီးယုံကြည်နေကြတာ၊ သူက ဒါကို အခွင့်ကောင်းယူပြီး ဒီလို ရက်စက်ယုတ်မာမှုတွေ လုပ်နေကြတာကိုး"

"ကျွန်တော်တို့ ဗဟုသုတ ရအောင် အဲဒီပဥ္စလက် ဓာတ်ပညာတွေကို တချို့လောက် ပြောပြပေးပါ ဆရာကြီး"

ဟု ရင်မောင်က ပြောသဖြင့် ဦးဖန်ကောင်းက ပဥ္စလက် ဓာတ်ပညာအချို့ကို ပြောပြလေသည်။

လူတစ်ယောက်ကို ဆေးတစ်ခွက်တိုက်လိုက်သည်နှင့် အသားတုံးများ အန်ချသောနည်းမှာ. . .

အသားတုံးကို အမှုန့်ပြု၍ ဂျုံကော်တစ်မျိုးနှင့် ဆေးလုံး ပုံသဏ္ဌာန် ပြုလုပ်ထားရသည်။

ဆေးလုံး လုံးစဉ်ကပင် အမွေးအမျှင်အချို့ ထည့်လုံးထားရသည်။

လူနာကို ဗိုက်ထဲမှာ အပင်းသွင်းထားသည်ဟု ပြောကာ ထိုအလုံးများကို ဆေးလုံးအဖြစ် ရေဖြင့် အရင်တိုက်ရသည်။

ထိုအလုံးများက ရေနှင့် ထိသောအခါ ပွလာသောကြောင့် မခံမရပ်နိုင်အောင်ဖြစ်လာတော့မှ အန်ဆေးတိုက်သောအခါ အမွေးစုတ်ဖွား ထွက်နေသော အသားတုံးများ အန်ချပေလိမ့်မည်။

အသားပေါ်သို့ ဆေးမှုန့်ဖြူးချပြီး အဝတ်ပတ်ထားပါက ပိုး



www.burmeseclassic.com

www.burmeseclassic.com



လောက်များ ထွက်လာသောနည်းမှာ. . .

ဗုဒ္ဓဟူးနေ့ ဗုဒ္ဓဟူးအခါအချိန်တွင် ကြခတ်ဝါးတစ်ဆစ်ကို ယူပြီး တစ်ဖက်ကို အပေါက်ဖွင့်ရသည်။

ထိုဝါးဆစ်အတွင်းသို့ ဝက်သားကို သိပ်နေအောင် ရိုက်သွင်းရသည်။

ဝါးသည် ဓာတ်တူဝက်သားနှင့် ထိတွေ့သောအခါ အက်ကွဲလေသည်။

ထိုသို့ကွဲသောအခါမှ တစ်ဖက်အပေါက်ကို ပြန်ပိတ်ပြီးနောက် မြေတွင်းတူးပြီး (၃)ရက်ကြာအောင် မြှုပ်ထားရသည်။

သုံးရက်စေ့သောအခါ ဖော်ယူပြီး အားလုံးကို အမှုန့်ဖြစ်အောင် ပြုလုပ်ပြီး ခြောက်သွေ့အောင် ထားပြီး သွေ့ခြောက်သောအခါ လေလုံသောပုလင်းထဲမှာ ထည့်ထားကာ အဖုံးပိတ်ထားရလေသည်။

သမားဂုဏ် ပြလိုသောအခါ ထိုဆေးမှုန့်ကို လိုသောနေရာမှာ ဖြူးပြီး အများမမြင်အောင် အဝတ်ဖြင့် ကာထားရသည်။

ထိုဆေးမှုန့်သည် လေနှင့် ထိသောအခါ ပိုးလောက်ကောင်များ ဖြစ်လာလေသည်။ ကာထားသောအဝတ်ကို ဖယ်လိုက်သောအခါ ကြည့်နေသူများက တဖွားဖွား တက်နေသည့် ပိုးလောက်ကောင်များကို အံ့သြဖွယ်ရာ တွေ့မြင်ကြရမည်ဖြစ်သည်။

ချည်ခင်ကို ဖနောင့်ဖြင့် ပေါက်သည်နှင့် မီးထတောက်စေသောနည်းမှာ. . .

သူ့ဖာသာ သေဆုံးနေသော ကျီးကန်းသည်းခြေကိုသော်လည်းကောင်း၊ လင်းယုန်သည်းခြေကို ယူထားရသည်၊ တစ်ခုနှင့်တစ်ခု မထိစေရ၊ နီးကပ်စွာ မထားရပေ။ သမားဂုဏ် ပြလိုသောအခါ ချည်ခင်မှာ ကျီးသည်းခြေ အနည်းငယ်သုတ်၊ မိမိခြေဖဝါးမှာ လင်းယုန်သည်း





ခြေ သုတ်ပြီး ဖနောင့်ဖြင့် ချည်ခင်ကို ပေါက်ပါက ဓာတ်ဆီနှင့်မီးနှင့်တွေ့သကဲ့သို့ 'ဝုန်း' ကနဲ မီးထတောက်စေသည်။

ဖယောင်းတိုင်ကို မီးထတောက်စေသောနည်းမှာ မီးစာကို 'ကန့်ဆီ' သုတ်ထားပြီး လေလုံသောနေရာမှာ ထားရသည်။

လေမထိရပေ. . .။

အလိုရှိသောအခါမှ ကာထားသော ကန့်လန့်ကာကို ဖယ်လိုက်လျှင် ကန့်ဆီသုတ်ထားသော မီးစာနှင့်လေ ထိပါက ချက်ချင်း မီးထတောက်စေသည်။

ပျိုးစေ့ကို မြေထဲမှာ ထည့်ပြီး အပေါ်မှာ ရေဖြန်းပေးရုံနှင့် ချက်ချင်းအပင်ပေါက်သောနည်းမှာ. . .

အစေ့အောင်ပြီးသော နံနံစေ့တို့ကို ဝါဂွမ်းဖြင့် လုံအောင် ရစ်ပတ်ပြီး ဝပ်နေသော ကြက်မဝပ်ကျင်းထဲသို့ ထည့်ပေးထားရသည်။

ထိုကြက်မ ပေါက်လျှင် နောက်ကြက်မဝပ်ကျင်းသို့ ပြောင်းထည့်ရသည်။

ကြက်မဝပ်ကျင်း သုံးကြိမ်ထည့်ပြီးနောက် ထိုနံနံစေ့တို့ကို လက်ဖြင့် မထိမိစေရန် သတိပြုပြီး သိမ်းထားပါ။ အလိုရှိသောအခါ သဲကို ခင်းပြီး ရေဖြန်းပေးရသည်။

ထို့နောက် ထိုနံနံစေ့တို့ကို သဲထဲမှာ မြှုပ်ပြီး အပေါ်မှ ရေဆွတ်ထားသော အဝတ်စကို အုပ်ပေးထားပါက မိနစ်အနည်းငယ်အတွင်းမှာ ချက်ချင်းပေါက်လာမည်ကို တွေ့ရပေလိမ့်မည်။

ထို့ပြင် အခြားသိဒ္ဓိပေါက်ဆေးနည်းအချို့ကို ဖော်ပြပေးပါဦးမည်။

လိပ်သည်းခြေမှ ပြဒါးထည့်ပြီး ကြိတ်သုံးပါက ဓားလက်နက် ပြီးစေသည်။ မိကျောင်းသည်းခြေနှင့် လင်းတသည်းခြေ ရောစပ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်မှာ သုတ်လိမ်းပါက ဓားလှံလက်နက် ပြီးစေသည်။

မိကျောင်းသည်းခြေနှင့် သူငယ်ချက်ကြော ရောကြိတ်ထား သောဆေးကို လက်ဝါးမှာ သုတ်ပြီး တံခါးကို ပုတ်ပါက ပိတ်ထားသော တံခါးချပ် အလိုလို ပွင့်စေသည်။

ဝက်မြီး၌ကပ်နေသော မြေစိုင်ခဲကို မိကျောင်းသည်းခြေနှင့် ရောကြိတ်ထားသောဆေးကို ခြေဖဝါးတွင် သုတ်ပြီး ခရီးသွားပါက ဝေးလံလှသောခရီးကို လျင်မြန်စွာဖြင့် ရောက်စေနိုင်သည်။

မိကျောင်းသည်းခြေနှင့် ထုံးကို ရောကြိတ်ထားသောဆေးကို မျက်စိကို ကွင်းပြီးကြည့်ပါက မြေထဲမှာ မြှုပ်နှံထားသော ရွှေငွေရတနာ များ ရှိပါက မြင်တွေ့နိုင်သည်။

ဆိတ်သည်းခြေနှင့် ပဒူအုံ ရောနှောကြိတ်ထားသော ဆေးကို တစ်ကိုယ်လုံး သုတ်လိမ်းပါက ရန်သူများ မိမိကို မတွေ့မြင်နိုင်ကြပေ။

လိပ်သည်းခြေ၊ ကြက်သည်းခြေ၊ ဝက်သည်းခြေ သုံးမျိုးတို့ကို ရောကြိတ်ထားသောဆေးဖြင့် ဓားလှံများကို မဆိုထားနှင့်၊ သံချောင်းကို သုတ်လျှင်သော်မှ ပျားဖယောင်းကဲ့သို့ ပျော့ပျောင်းသွားစေသည်။

ပုတ်သင်သည်းခြေနှင့် သစ်တက်လင်းနေသည်းခြေတို့ ရော နှောထားသောဆေးဖြင့် အနှောင်အဖွဲ့များကို ထိပါက လက်ထိပ်၊ သံခြေကျင်း ခတ်ထားသည်များကိုပင် အလိုလို ပွင့်စေပြီး လွတ်မြောက် နိုင်သည်။

ဦးဇန်ကောင်းက အထက်ပါအကြောင်းများကို ပြောပြပြီး နောက် လက်ဖက်ရည်ကြမ်းတစ်ခွက် သောက်နေလေသည်။

(ပဉ္စလက် ဓာတ်ပညာများမှာ အတော်များများ ရှိပေသည်။ အချို့က ထိုပညာများကို သမားဂုဏ် ပြသည့်နေရာမှာသော်လည်း ကောင်း၊ မျက်လှည့်ပြသည့်နေရာမှာသော်လည်းကောင်း၊ စုန်းပယောဂ





ကုသသည့်နေရာများမှာသော်လည်းကောင်း အချို့ပညာများကို အသုံး ပြုကြလေသည်။ အချို့ကလည်း မသိသောကြောင့် ထိုပညာမျိုးကို မြင် လျှင် စုန်းတိုက်၊ နတ်တိုက်၊ ပယောဂတိုက်ဟု အယူအမှတ် လွဲတတ်ကြ သည်။

အမှန်တော့ 'ပဉ္စလက် ဓာတ်ပညာ' မှာ ရှေးဆရာကြီးများ အသုံးပြုခဲ့ကြသော နည်းပညာများဖြစ်ခဲ့ပြီး ကျမ်းစာအုပ်လည်း ရှိပါ သည်။

ကျွန်တော်ရေးသားသော ဝတ္ထုစာအုပ်အချို့တွင် အဝတ်မှ မြွေ ဖြစ်အောင် လုပ်ပြသောနည်းကို ထည့်သွင်းရေးသားခဲ့ရာ ပဉ္စလက် ဓာတ်ပညာကျမ်းထဲမှ နည်းပင်ဖြစ်ပါသည်။

ထိုထက် အဌမဓာတ်ပညာကျမ်းမှာလည်း ပဉ္စလက် ဓာတ် ပညာကျမ်းထဲမှ အချို့ပါဝင်ကြောင်းနှင့် အလျဉ်းသင့်ပါက စာဖတ်သူ များ ဗဟုသုတရစေမည့် 'အဌမဓာတ်ကျမ်း' နှင့် 'ပဉ္စလက် ဓာတ်ပညာ ကျမ်း' ကို သီးသန့်စာအုပ်အနေဖြင့် ထုတ်ဝေမည်ဖြစ်ကြောင်း စာဖတ် သူများအတွက် သတင်းကောင်း ပါးအပ်ပါသည်။)

"ဆရာကြီး ပြောပုံအရဆိုရင် ဒီလိုပညာမျိုးတွေက အများကြီး ရှိတာပေါ့နော်"

"ရှိပါတယ်. . . ဒါပေမယ့် အသုံးချကြတာချင်းတော့ မတူကြ ဘူးပေါ့၊ တချို့က အများအတွက် ကောင်းကျိုးဖြစ်အောင် အသုံးပြုကြ တယ်၊ တချို့ကျတော့လည်း ကိုယ်ကျိုးအတွက် ရအောင် အသုံးပြုကြ တယ်၊ ဒါပဲ ကွာတာပေါ့"

"ဦးသူတော်ဆိုတဲ့ ဆရာက ဒီနည်းတွေကို အသုံးပြုပြီး လူတွေ အထင်ကြီးအောင် ယုံကြည်အောင် လုပ်တယ်၊ ပြီးမှ ယုတ်မာတဲ့အကြံ အစည်တွေနဲ့ မိန်းကလေးတွေကို တစ်ယောက်ပြီးတစ်ယောက် ဖျက်ဆီး



www.burmeseclassic.com

www.burmeseclassic.com



နေတော့တာပဲကိုး"

"ဘယ်လိုလုပ်ရင်ကောင်းမလဲ ဆရာကြီး၊ ကျွန်တော်တို့က တော့ အခုချက်ချင်း သွားသတ်ချင်နေပြီ"

"ဒီလို စိတ်လိုက်မာန်ပါ လုပ်လို့မရသေးဘူးကွ၊ အခြေအနေကို မျက်ခြည်မပြတ် စောင့်ကြည့်ပြီးတော့ သေချာတော့မှ လက်ပူးလက် ကြပ် ဖမ်းရမယ်"

"ဒါထက် သူက တပည့်လူမိုက်တွေလည်း မွေးထားတယ်၊ ဒို့ အပြင် တစ္ဆေသရဲတွေလည်း ရှိပုံရတယ်၊ လွယ်လွယ်နဲ့တော့ မရနိုင်ဘူး ထင်တယ်"

"စိတ်မပူပါနဲ့ . . . မကောင်းတာ လုပ်တဲ့လူတွေဆိုတာ ဘယ် လောက်ပဲ အင်အားများများ ကောင်းတာလုပ်တဲ့လူတွေကို ယှဉ်ပြိုင်လို့ မရပါဘူး၊ တစ်နေ့ကျရင် ပျက်စီးဆုံးရှုံးရတာချည်းပါပဲ၊ အဲဒါ ဘာ ကြောင့်လဲဆိုတာ သိရဲ့လား"

"ဘာကြောင့်လဲ ဆရာကြီး"

"ကောင်းတာလုပ်တဲ့လူတွေနောက်မှာ မမြင်ရဘဲနဲ့ အကူအညီ ပေးနေတဲ့သူတွေ ရှိတယ်၊

နောက်တစ်ခုက သူတို့ပြုခဲ့တဲ့ မကောင်းမှုကံတွေက သူတို့ကို ပြန်ပြီးဒုက္ခပေးတဲ့အခါမှာ အလိုလို ပျက်စီးရတာချည်းပါပဲ"

ဟု ပြောပြလေသည်။

ထို့နောက်မှာတော့ ၎င်းတို့ ပြုလုပ်ရမည့် အစီအစဉ်များကို အသေးစိတ် တိုင်ပင်ဆွေးနွေးကြလေသည်။





# အခန်း(၁၁)

# မြွေဖမ်းသွားရင်း မင်္ဂလာဆောင်ပေးခဲ့ရသူ

ညနေပိုင်းအချိန်ရောက်နေပြီ ဖြစ်သောကြောင့် သူသတ်ကုန်း နှင့် မနီးမဝေး နေရာတစ်ဝိုက်မှာ အမှောင်ရိပ်များ ဖုံးလွှမ်းနေသည်။

ထိုနေရာတစ်ဝိုက်တွင် သရဲတစ္ဆေ ကြမ်းသောကြောင့် နေ့ ဘက်အချိန်များတွင်သာ ဖြတ်သွားဖြတ်လာ ရှိပြီး နေဝင်ကာနီးသည်နှင့် ဖြတ်သွားဝံ့သူ မရှိကြတော့ပေ။ ယခင်က နတ်စင်ရှိစဉ်ကတည်းက သရဲခြောက်သည်ဟု နာမည်ကြီးခဲ့သော ထိုကုန်းမှာ ထွန်းခနှင့်နှင်းလှတို့ နှစ်ယောက် သေဆုံးသွားပြီးနောက်တွင် ပိုကြမ်းလာလေသည်။

ထွန်းခရော နှင်းလှတို့နှစ်ယောက်မှာ အစိမ်းသေ သေကြရ

www.burmeseclassic.com

သောကြောင့် ထိုကုန်းတစ်ဝိုက်မှာပင် သရဲတစ္ဆေဘဝနှင့် ရှိနေကြသေးသည်ဟု အားလုံးက ယုံကြည်လက်ခံထားကြသည်။

နောက်ပိုင်းမှာ ထိုကုန်းပေါ်မှာ သောင်းကျန်းသူများက ရွာသူရွာသားများကို ခေါ်လာပြီး သတ်ဖြတ်ကြပြန်သဖြင့် သူသတ်ကုန်းဟူသောအမည်တွင်လာခဲ့ခြင်းဖြစ်သည်။

ထိုနေရာတစ်ဝိုက်မှာ ငိုသံကြားတောင်ကြားမှာ ရှိသောသချိုင်းနှင့်လည်း နီးပြန်သောကြောင့် ပိုမိုကြောက်လန့်စရာ ဖြစ်နေတော့သည်။

ထိုသချိုင်း ရှိသောနေရာမှာ တောင်ကြားထဲမှာ ရှိနေသည်က ဂစ်ကြောင်း၊ သစ်တောများနှင့် နီးနေသည်က တစ်ကြောင်းကြောင့် သရဲတစ္ဆေ ကြမ်းသည့်အပြင် မြွေဆိုးများလည်း ပေါလှလေသည်။

ထို့ကြောင့် ထိုနေရာတစ်ဝိုက်မှာ မြွေဖမ်းသမား သံပချိုင်တို့အတွက် နေရာကောင်းတစ်ခုဖြစ်နေတော့သည်။

သံပချိုင်ကို တစ်နယ်လုံးက အောက်လမ်းဆရာ၊ ပယောဂဆရာဟု သိထားကြသော်လည်း သူ အဓိက လုပ်သောအလုပ်မှာ မြွေဖ[illegible]ခြင်းနှင့် မြွေကိုက်ခံရသူတို့ကို ဆေးကုပေးသောအလုပ်ဖြစ်သည်။

သူ့ထံမှာ ရှိသော မြွေဆိပ်ဖြင့် ပြုလုပ်ထားသော မြွေဆိပ်ဖြေဆေးတစ်မျိုးမှာ များစွာအစွမ်းထက်လှပေသည်။

မြွေကုသော ဆေးဆရာတိုင်း ပယောဂနှင့် ပတ်သက်သောကိစ္စများကိုလည်း ကျွမ်းကျင်တတ်မြောက်ကြရသည်။

သံပချိုင်က ထိုပယောဂပညာများကို များစွာကျွမ်းကျင်တတ်မြောက်မှု ရှိသည်။

လူတစ်ယောက်ကို မြွေကိုက်လိုက်သည်နှင့် ထိတ်လန့်ကြောက်ရွံ့မှု လွန်ပြီး သတိလက်လွတ် ဖြစ်သွားလေ့ရှိသည်။ ထိုအခါ ပတ်ဝန်းကျင်မှာ ရှိသော အမှောင့်ပယောဂများက လာရောက်ပူးကပ်လေ့ ရှိသည်။

နောက်ဆုံး မြွေကိုက်ခံရသူ၏ဝိညာဉ်ကို အပြင်သို့ ရောက်အောင် ပြုလုပ်ထားကာ အသက်သေဆုံးအောင် ပြုလုပ်လေ့ရှိကြသည်။

ကျွမ်းကျင်သော မြွေဆရာများက မြွေကိုက်ခံရသောလူနာတွေ့ပါက ပူးကပ်နေသော အမှောင့်ပယောဂကို အရင်ထုတ်ပစ်လေ့ရှိသည်။

ပူးကပ်နေသော အမှောင့်ပယောဂ ထွက်သွားတော့မှ မြွေဆိပ်ဖြေဆေးအသုံးပြုပြီး မြွေဆိပ်ကို ထုတ်ပေးကြသည်။

အကယ်၍ အချိန်မလွန်သေးပါက အသက်ရှင်ခွင့် ရနိုင်ပြီး အချိန်လွန်သွားပါက(မြွေဆိပ်များ ပျံ့နှံ့ပြီး နှလုံးသွေးကြော ပိတ်သွားပါက) အသက်သေဆုံးကြရသည်။

တောရွာများမှာ နေသူများမှာ မြွေကိုက်ခံရခြင်း အပါအဝင် ရောဂါတစ်ခုခုဖြစ်ပါက ဆေးဆရာနှင့် အချိန်မီ မတွေ့ရသဖြင့် အသက်သေဆုံးရတာ ပိုများလေသည်။

တစ်ခါတစ်ရံ ဆေးဆရာက တစ်ရွာမှာ ရှိနေသဖြင့် ဆရာသွားပင့်နေရတာ အချိန်ကြာနေသောကြောင့် လူနာမှာ မသေသင့်ဘဲ သေရသည်မျိုးတွေ အများကြီး ရှိကြသည်။

သို့ကြောင့် ကျေးလက်တောရွာများမှာ မြန်မာဆေးဆရာများ ရှိရန် လိုအပ်သလို သံပချိုင်တို့လို မြွေဆေးကျွမ်းကျင်သူများလည်း ရှိကြရသည်။

သံပချိုင်မှာ အားကိုးရသော စိန်မှတ်နှင့်ဖိုးထင်ဆိုသောတပည့်နှစ်ယောက်လည်း ရှိကြသည်။

၎င်းတို့နှစ်ယောက်မှာလည်း မြွေဆိပ်ဖြေဆေးကောင်းကောင်း







www.burmeseclassic.com

www.burmeseclassic.com



ရှိသဖြင့် မည်သည့်မြွေမျိုးမဆို ရဲရဲဝံ့ဝံ့ ဖမ်းဆီးနိုင်ကြသည်။

သူတို့အလုပ်များထဲတွင် တောထဲတောင်ထဲမှ ကြီးမားသော မြွေကြီးများ၊ ထူးဆန်းသောမြွေကြီးများ ဖမ်းဆီးရလျှင် ပခြုပ်ကြီးများထဲမှာ ထည့်ထားလေသည်။

ထို့နောက် မြို့မှ လာသောသူများနှင့် တွေ့ပါက ဈေးကောင်းကောင်းနှင့် ရောင်းလေသည်။

တစ်ခါတစ်ရံ ထိုမြွေကြီးများကို မြို့များအထိ သယ်ယူသွားပြီး ရောင်းချလေသည်။

စပါးကြီးမြွေ၊ စပါးအုံးမြွေနှင့် မြွေဟောက်များမှာ ဈေးကောင်းရလေ့ရှိသည်။

အချို့က သည်းခြေ လိုချင်၍သော်လည်းကောင်း၊ အချို့က လည်း မြွေအလမ္မာယ်ပြရန်သော်လည်းကောင်း၊ အချို့ကတော့ မြွေများထံမှ အဆိပ်ထုတ်ကာ အဆိပ်ဖြေဆေး ဖော်စပ်ရန်အတွက် ဝယ်ယူကြလေသည်။

သံပချိုင်မှာ မြွေကိုက်ခံရသော လူနာများအား ဆေးကုသရာမှ ရသောငွေအပြင် မြွေရောင်းရသောငွေများလည်း ရနေသူဖြစ်သည်။

သို့သော်လည်း ထိုနယ်တစ်ဝိုက်မှ နယ်သူနယ်သားများက တော့ သံပချိုင်ကို ပယောဂဆရာတစ်ယောက်၊ အောက်လမ်းဆရာတစ်ယောက်ဟု ထင်မှတ်ကာ အဆက်အဆံ မလုပ်လိုကြပေ။

အချို့က ကြောက်ရွံ့သဖြင့် အဆက်အဆံ မလုပ်သူ ရှိသလို အချို့ကတော့ အောက်လမ်းဆရာတစ်ယောက်ဟု ထင်သောကြောင့် ဝေးဝေးရှောင်ကြခြင်းဖြစ်၏။

မြွေကိုက်ခံရသောလူနာ ရှိမှသာ မလွှဲမရှောင်သာ လာရောက်ခေါ်ကြခြင်းဖြစ်သည်။





သံပချိုင်ကလည်း လူများနှင့် ရောရောနှောနှော နေလေ့မရှိဘဲ အချိန်အတော်များများ တောထဲတောင်ထဲ လှည့်လည်သွားလာကာ မြွေဖမ်းနေလေ့ရှိသည်။

တစ်ခါတစ်ရံ မြွေကိုက်ခံရသော လူနာများ ရှိမှသာ ရွာများသို့ လာရောက်လေ့ရှိသည်။

ယခုလည်း နေဝင်ရီတရောအချိန်ရောက်မှ သူသတ်ကုန်းနား တစ်ဝိုက်မှာ သံပချိုင်တို့ ဆရာတပည့်သုံးယောက် အလုပ်ရှုပ်နေကြသည်။

အလုံးအရွယ်အစားကြီးပြီး အလျားလည်း ရှည်လှသော တောကြီးမြွေဟောက်ကြီးတစ်ကောင်ကို ဖမ်းဆီးရန် သဲကြီးမဲကြီး ရှာဖွေနေကြခြင်းဖြစ်သည်။

“ဒီကောင်ကြီး ဒီဂူပေါက်ထဲ ဝင်သွားတာ အသေအချာပဲ၊ ဒီညတော့ မရရအောင် တူးယူရမယ်”

“အချိန်မရှိတော့ဘူး ဆရာ၊ နောက်တစ်နေ့မှ လာတူးရင် မဖြစ်ဘူးလား”

“နင့်အမေကလွှားမှုပဲ. . . နောက်တစ်နေ့မှတော့ ဒီမြွေက နင်လာတာကို ထိုင်စောင့်နေပါ့မလား၊ ထွက်ပြေးသွားမှာပေါ့ တုံးရ”

ဟု ပြောကာ လက်ထဲမှ တုတ်ဖြင့် ထိပ်ကို ရိုက်ရန် ဟန်ပြင်လိုက်ရာ ဖိုးထင်လည်း ဖက်ပုသွားလေသည်။

“ဒီကောင် အတော်ကြီးတယ်၊ သူ့ကိုသာ ရရင် ဆေးဆရာတွေလည်း သဘောကျ၊ အလမ္မာယ်သမားတွေလည်း ကြိုက်ကြမှာပဲ၊ ဒီလိုအကောင်မျိုး ရမှ ငါတို့အတွက် မြိုးမြိုးမြက်မြက် ရမှာကွ၊ ဒါကြောင့် ဒီတစ်ညတော့ မရရအောင် ဖမ်းရမယ်”

ထိုအခါ စိန်မှတ်က ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆရာကြီး. . . ဒီသူသတ်ကုန်းနေရာတစ်ဝိုက်က တောကြမ်းတယ်၊ အနှောင့်အယှက်တွေလည်း များတယ်၊ ကျွန်တော်တို့ မြွေဖမ်းရင်တော့ မကောင်းဆိုးဝါးတွေ လာပြီးနှောင့်ယှက်ကြမှာ အမှန်ပဲ"

"အဲဒီအတွက် စိတ်မပူပါနဲ့၊ ပတ်ဝန်းကျင်က ဝင်လာမယ့် အနှောင့်အယှက်တွေကို ငါတားဆီးပေးထားပါ့မယ်၊ ဘယ်မိစ္ဆာမှ အနားမကပ်စေရဘူး၊ မင်းတို့က ဒီမြွေကို ရအောင်တူးကြ"

ဟု ပြောကာ တပည့်နှစ်ယောက်ကို မြွေတူးခိုင်းပြီး သံပချိုင်က ထိုနေရာမှာပင် သတိဖြင့် စောင့်ကြည့်နေလေသည်။

အချိန်ကလည်း ညဦးပိုင်းအချိန်ရောက်လာပြီ ဖြစ်သောကြောင့် ပတ်ဝန်းကျင်တစ်ခုလုံး အမှောင်ရိပ်များ ဖုံးလွှမ်းလာချေပြီ။

စိန်မှတ်နှင့် ဖိုးထင်တို့နှစ်ယောက်က ပေါက်တူး၊ ဂေါ်ပြားများဖြင့် တောင်ပို့ကျင်းကို သဲကြီးမဲကြီး တူးနေကြသောအချိန်တွင် သံပချိုင်ကလည်း ဆေးလွယ်အိတ်ကို အဆင်သင့် ပြင်ကာ ပတ်ဝန်းကျင်အခြေအနေကို မျက်ခြည်မပြတ် စောင့်ကြည့်နေသည်။

၎င်းတို့ မျှော်လင့်ထားသည့်အတိုင်းပင် ပတ်ဝန်းကျင်မှာ ရှိနေကြသော မကောင်းဆိုးဝါးများက နည်းမျိုးစုံနှင့် နှောင့်ယှက်ကြလေသည်။

သစ်ကိုင်းလှုပ်ပြခြင်း၊ ခဲများဖြင့် ပေါက်ခြင်း၊ စူးစူးဝါးဝါးဖြင့် အသံပေးခြင်း၊ ကြောက်မက်ဖွယ်ရာကောင်းသော ပုံပန်းသဏ္ဌာန်များပြပြီး ကြောက်လန့်ထွက်ပြေးအောင် အမျိုးမျိုး ခြောက်လှန့်ကြလေသည်။

သို့သော်လည်း သံပချိုင်ကလည်း ခေသူမဟုတ်ဘဲ ဆေးကောင်းဝါးကောင်း အဆောင်ကောင်းများ ရှိသောကြောင့် အနားရောက်အောင်တော့ မကပ်ဝံ့ကြပေ။





"ငါတို့က မင်းတို့ကို နှောင့်ယှက်ဖို့ လာကြတာ မဟုတ်ဘူး၊ ကိုယ့်အလုပ် ကိုယ်လုပ်နေကြတာ၊ မင်းတို့က လာပြီးနှောင့်ယှက်ရင်တော့ ငါ့အဆိုးမဆိုကြနဲ့"

ဟုလည်း ကြိမ်းမောင်းပြောဆိုလိုက်သေးသည်။

မကောင်းဆိုးဝါးများက မနီးမဝေးမှသာ ခြောက်လှန့်နှောင့်ယှက်နေကြသော်လည်း အနားရောက်မလာသောကြောင့် အလုပ်ကို ဆက်လုပ်နိုင်ကြသည်။

ညဦးပိုင်းအချိန်ကျော်သောအခါ နောက်ဆုံးမှာတော့ တောင်ပို့အတွင်းမှ တောကြီးမြွေဟောက်ကို ဖမ်းဆီးကာ ပခြုပ်အတွင်းသို့ ထည့်နိုင်ခဲ့ကြလေသည်။

ထို့နောက်မှာတော့ သုံးယောက်သား ထိုနေရာမှ ပြန်ခဲ့ကြလေသည်။

တပည့်နှစ်ယောက်က မြွေပခြုပ်ကြီးကို တုတ်ဖြင့် လျှိုပြီး ရှေ့နောက် ထမ်းကြကာ သံပချိုင်က ရှေ့မှ သွားလေသည်။

ရွာနှင့် မနီးမဝေးနေရာ ရောက်သောအခါ လမ်းကွေ့တစ်ခု၌ မည်းမည်းသဏ္ဌာန်နှစ်ယောက်နှင့် မျက်နှာချင်းဆိုင် တွေ့ကြလေသည်။

တစ်ယောက်က လူရွယ်တစ်ဦးဖြစ်ပြီး နောက်တစ်ယောက်က မိန်းမပျိုတစ်ဦးဖြစ်သည်။ ပထမတော့ အချိန်မတော်ကြီး မိန်းမခိုးပြေးလာသည်ဟု ထင်သောကြောင့် ကိုယ့်လမ်းကိုယ်သွားရန် စိတ်ကူးလိုက်သေးသည်။

သို့သော်လည်း သူတို့အနားမှ ဖြတ်သွားသော မိန်းကလေးအမူအယာကို ကြည့်ပြီး သံပချိုင်စိတ်ထဲမှာ ဇဝေဇဝါ ဖြစ်သွားလေသည်။

"ဟေ့. . . နေကြဦး"



www.burmeseclassic.com

www.burmeseclassic.com



အနည်းငယ် လွန်သွားတော့မှ သံပချိုင်က လှမ်းတားလိုက်တော့ ခြေလှမ်းတုန့်သွားကြသည်။

သံပချိုင်က သူတို့နှစ်ယောက်အနီးသို့ လျှောက်သွားသည်။

"မင်းတို့ ဘယ်ရွာကလဲ"

"စာဖြူစုရွာကပါ"

ဟု ယောကျ်ားလေးက လေသံဝဲဝဲဖြင့် ပြောသည်။

"အခု ဘာလုပ်လာကြတာလဲ"

"မိန်း . . မိန်းမခိုးလာတာပါ"

သံပချိုင်က မိန်းကလေးကို တစ်ချက်ကြည့်လိုက်သည်။

"မင်း သူ့ကို ဘယ်လိုနည်းနဲ့ ခေါ်လာတာလဲ"

ထိုသို့မေးလိုက်ရာ လူရွယ်မှာ များစွာတုန်လှုပ်သွားလေသည်။

"ငါ ဆေးဆရာတစ်ယောက်ပဲ၊ သူ့ကို ကြည့်ရုံနဲ့ သွေးရိုးသားရိုး မဟုတ်ဘူးဆိုတာ သိတယ်၊ ကဲ . . . မှန်မှန်ပြောပေတော့"

"ကျွန်တော် လုပ်တာ မဟုတ်ဘူးဗျ"

"မင်းလုပ်တာ မဟုတ်ရင် ဘယ်သူ့လက်ချက်လဲ ပြောစမ်း"

ထိုအခါမှ လူရွယ်က အကြောင်းစုံ ပြောပြလေသည်။

"လက်စသတ်တော့ ဆေးဆရာ အမည်ခံထားပြီး ယုတ်မာတဲ့ အကြံအစည်တွေ ကြံနေတဲ့ လူယုတ်မာလက်ချက်ပဲ၊ မင်း သူ့ကို တကယ်မေတ္တာရှိတယ်၊ တကယ်လိုချင်တယ်ဆိုရင် ဒီလို မရိုးမသား မလုပ်ရဘူးကွ၊ ဒီလိုလုပ်ပြီးတော့ကော မင်း သူ့ကိုသာ ရပြီး သူ့မေတ္တာကို တစ်သက်လုံး ရမှာမဟုတ်ဘူး"

လူရွယ်က သံပချိုင်ကို မျက်လုံးအဝိုင်းသားဖြင့် ကြည့်နေသည်။

"ကိုယ်နဲ့ တစ်သက်လုံး ပေါင်းသင်းမယ့် မိန်းကလေးတစ်



ယောက်ကို ဒီလိုနည်းနဲ့ မယူရဘူးကွ၊ ယူရင် မင်းမှားမှာပေါ့၊ နောက်ပြီး မင်းအားကိုးတဲ့လူကလည်း လူလိမ်လူညာ၊ လူယုတ်မာတစ်ယောက်ပဲကွ၊ သူ့အကြောင်းကို ငါပြောပြမယ်"

သံပချိုင်က ထိုလူရွယ်ကို ထိုနယ်တစ်ဝိုက်မှာ မိန်းမပျိုလေးများ အရှက်တကွဲ အကျိုးနည်း ဖြစ်ကြရသောအကြောင်းများကို အကျဉ်းချုပ်ပြီး ပြောပြလိုက်လေသည်။

ထိုအခါမှ လူရွယ်မှာ များစွာထိတ်လန့်ကြောက်ရွံ့သွားဟန် ရှိလေသည်။

"ကျွန်တော် မှားပါပြီဗျ၊ ကျွန်တော့်ချစ်သူသာ သူ့လက်ထဲ ရောက်သွားရင်တော့ ရေတိမ်နစ်မှာ အသေအချာပါပဲ၊ ဒီတော့ ဘယ်လို လုပ်ရမလဲ ဆရာကြီး"

"သူ့ကို အိမ်ပြန်ပို့ပေးလိုက်ပါကွာ"

"သူက အစီအရင်နဲ့ ခေါ်ခိုင်းတာဆိုတော့ ဒီအတိုင်း ပြန်ပို့လို့ လိုက်ပါ့မလား"

"မပူပါနဲ့ . . . ငါလုပ်ပေးပါ့မယ်"

ဟု ပြောပြီး သံပချိုင်က လွယ်အိတ်ထဲမှာ ပါလာသော ချည် မန်းကွင်းတစ်ခုကို စွပ်ပေးလိုက်ရာ မိန်းကလေးမှာ အိပ်ပျော်နေရာမှ ပြန်နိုးလာလေသည်။

ထိုသို့နိုးလာသောအခါမှ လူရွယ်နဲ့သံပချိုင်တို့ကို မြင်သော အခါ များစွာကြောက်ရွံ့တုန်လှုပ်သွားလေသည်။

"ဟင် . . . ဖိုးအောင်၊ သူတို့က ဘယ်သူတွေလဲ၊ ငါ့ကို ဘာ လုပ်ကြမလို့ ဒီနေရာ ခေါ်လာကြတာလဲ"

ထိုအခါမှ ကြားထဲမှ သံပချိုင်က ဝင်ရောက်ရှင်းပြပေးရသည်။

"အထင်မလွဲပါနဲ့ မိန်းကလေးရယ်၊ နင့်ကို ဘာမှ မလုပ်ပါဘူး၊

www.burmeseclassic.com

www.burmeseclassic.com



မကြောက်ပါနဲ့၊ နင့်ကို ဟိုဘက်ရွာက လူယုတ်မာတစ်ယောက်က အိပ်မွေ့ချပြီး ခေါ်သွားတာကို ဒီသူငယ်က လိုက်ကယ်ပေးထားတာပါ"

"ဟုတ်လားဟင် ဖိုးအောင်"

"ဟုတ်. . ဟုတ်ပါတယ်"

"အခု နင်လည်း သတိရလာပြီဆိုတော့ ဒီသူငယ်ကပဲ အိမ်ပြန်ပို့ပေးပါလိမ့်မယ်"

"ဟုတ်တယ် မေခင်၊ နင့်ကို ငါလိုက်ပို့ပေးပါ့မယ်"

မိန်းကလေးက ဇဝေဇဝါနှင့် အတန်ကြာအောင် စဉ်းစားနေသည်။

"အိမ်က ထွက်လာပြီး ဒီအချိန်ကျမှ အိမ်ပြန်လို့ ဖြစ်ပါတော့မလား၊ တော်ကြာ အဖေနိုးနေတာနဲ့ တိုးရင် သတ်လိမ့်မယ်"

"ဒီလိုဆိုရင်လည်း မထူးတော့ပါဘူး၊ ငါနဲ့ပဲ ရွာကို လိုက်ခဲ့ပါလား"

ဖိုးအောင်ဆိုသော လူရွယ်က အားတက်သရော ဝင်ပြောသည်။ ထိုအခါ သံပချိုင်ကပင် ဝင်ပြောလိုက်သည်။

"မိန်းကလေးအနေနဲ့ သူ့ကို သဘောကျတယ်ဆိုရင် တစ်ခါတည်းသာ လိုက်သွားတာ ကောင်းတယ်၊ ဒီလိုအခွင့်အရေးဆိုတာ နောက်တစ်ကြိမ် ရဖို့ မလွယ်လှဘူး"

မိန်းကလေးက ဆုံးဖြတ်ချက်ချပြီး ခေါင်းညိတ်ပြလိုက်လေသည်။

"ဆရာကြီး. . . ကျွန်တော် သူ့ကို ခေါ်သွားရင် ဖြစ်ပါ့မလား။ ဟိုဆရာကများ နောက်ကနေ မကောင်းဆိုးဝါးတွေ လွှတ်ပြီး နှောင့်ယှက်နေဦးမှာလား"

"ဒီလောက်လည်း စိတ်မပူပါနဲ့ကွာ၊ သူက ယုတ်မာတဲ့ အကြံ





အစည်မျိုးသာ လုပ်တတ်တာပါ၊ ဒီလောက်အစွမ်းမထက်လှပါဘူး၊ တကယ်လို့ သူ့ရဲ့တပည့်လက်သားတွေ မကောင်းဆိုးဝါးတွေ နောက်က လိုက်လာရင်လည်း မနှောင့်ယှက်နိုင်အောင်လို့ ငါ ချည်မန်းကွင်း တစ်ခုစီ စွပ်ပေးလိုက်ပါတယ်၊ ဒီချည်မန်းကွင်းနှစ်ခုက မင်းတို့နှစ်ယောက်ရဲ့ မင်္ဂလာဦးအတွက် ငါပေးလိုက်တဲ့ လက်ဆောင်လို့သာ သဘောထားကြပေါ့ကွာ"

ဟု ပြောပြီး အိတ်ထဲမှ ချည်မန်းကွင်းနှစ်ခုကို ထုတ်ပြီး ဖိုးအောင်နှင့် မယ်ခင်တို့ကို တစ်ခုစီ စွပ်ပေးလိုက်လေသည်။

"ကိုင်း. . . အချိန်မရှိဘူး၊ သွားကြပေတော့"

ထိုသို့ပြောသည်နှင့် နှစ်ယောက်သား သံပချိုင်ကို ကန်တော့ကြသည်။

ပြီးမှ တစ်ယောက်လက် တစ်ယောက်ဆွဲကာ ထိုနေရာမှ ထွက်သွားကြလေတော့သည်။

သူတို့ထွက်သွားတော့မှ သံပချိုင်တို့သုံးယောက်လည်း ထိုနေရာမှ ထွက်ခဲ့ကြသည်။

လမ်းရောက်တော့မှ ဖိုးထင်က ပြောသည်။

"ဆရာကြီးအဖြစ်ကလည်း မြွေဖမ်းထွက်လာတယ်ဆိုကာမှ ညအချိန်မတော်ကြီး တောထဲမှာ မမျှော်လင့်ဘဲ မင်္ဂလာဆောင်ပေးရတယ်လို့ဗျာ"

"ဘာပဲဖြစ်ဖြစ်ပေါ့ကွာ. . . မမျှော်လင့်ဘဲ သူတို့နှစ်ယောက် ငါတို့နဲ့ တွေ့ကြရတာ အတော်ကလေး ကံကောင်းကြတယ်မှတ်ပါ၊ မဟုတ်ဘဲနဲ့ ဟိုလူယုတ်မာ လက်ထဲ ရောက်သွားလို့ကတော့ မိန်းကလေးခမျာလည်း ဘဝပျက်၊ နှစ်ယောက်စလုံးလည်း တစ်သက်လုံးစိတ်ဆင်းရဲ ကိုယ်ဆင်းရဲနဲ့ နေသွားကြရမှာကွ၊ ဘာပဲဖြစ်ဖြစ် ငါတို့ကုသိုလ်ရ



www.burmeseclassic.com

www.burmeseclassic.com



ပါတယ်ကွာ"

"ဒါထက် ဒီလူယုတ်မာကြီးကို ဒီအတိုင်းပဲ ကြည့်နေကြမှာလား၊ ဖွတ်မိကျောင်းရှိရင် မြစ်နား နေတဲ့သူတွေ မချမ်းသာသလို သူရှိနေသမျှ တော့ ဒီနယ်မှာ ရှိကြတဲ့ မိန်းကလေးတွေ စိတ်အေးကြရမယ် မထင်ဘူး"

ဟု စိန်မှုတ်က ပြောသည်။

"စိတ်မပူပါနဲ့ကွာ. . . မကောင်းတာ လုပ်တဲ့သူဟာ ကြာရှည် မခံပါဘူး၊ မကြာခင် သူ့အကုသိုလ်ကံတွေက သူ့ကို ပြန်ပြီးအကျိုးပေး လာပါလိမ့်မယ်"

ဟု ပြောဆိုကာ သုံးယောက်သား ရွာဘက်သို့ ထွက်ခဲ့ကြလေ တော့သည်။







# အခန်း(၁၂)

# ကျောင်းကွင်းထဲသို့ ဝင်လာသောသိမ်ဖြာ

တစ်နေ့တွင် နီမောင် တစ်ယောက်တည်း ရွာထဲမှ ဖြတ် လျှောက်လာစဉ် မြဝင်းသူတို့အိမ်ရှေ့ ရောက်တော့ မြဝင်းသူက လှမ်း မြင်သဖြင့် ခေါ်လေသည်။

"နီမောင် ဘယ်က ပြန်လာတာလဲ. . . ဝင်ခဲ့ပါဦးဟ"

ထိုသို့ခေါ်သဖြင့် ဝင်သွားလေသည်။

နှစ်ယောက်သား ကွပ်ပျစ်ပေါ်မှာ ထိုင်မိသောအခါ မြဝင်းသူ က မေးလေသည်။

"ငါ နင့်ကို မေးစရာရှိလို့ပါ"

"ဘာမေးမှာလဲ. . . မေးလေ"



www.burmeseclassic.com

www.burmeseclassic.com



"တခြားမဟုတ်ပါဘူး. . နင် ရင်မောင်နဲ့ရင်မေတို့နှစ်ယောက် သတင်းကို ကြားပြီးပြီလား"

နီမောင်က ခေါင်းညိတ်ပြလိုက်သည်။

"အဲဒါ ဘယ်လိုဖြစ်ကြတာလဲဟင်၊ ရွာထဲမှာ ကြားနေရတဲ့ သတင်းတွေကရော အမှန်ပဲလား"

ခေါင်းညိတ်ပြသည်။

"ဒီလိုဆိုရင် ရင်မေခမျာ သနားစရာပေါ့နော်၊ တကယ်သာ မှန်မယ်ဆိုရင် သူ ရင်မောင်ကို ဘယ်လိုမျက်နှာပြပြီး ဆက်ပေါင်းမှာလဲ ဟင်"

"ရင်မောင်က ဒီလောက်သဘောထားမသေးပါဘူး၊ ရင်မေက ကွာခိုင်းနေတာတောင် သူက ကွာရှင်းမပေးပါဘူး"

"နင် ရင်မောင်နဲ့ တွေ့သေးတယ်ဆို၊ သူက ဘာတွေ ပြောသွား သေးလဲဟင်"

"သူကတော့ ဘယ်ကျေနပ်ပါ့မလဲ၊ သူ့ကြောင့် ဖြစ်ရတယ် ဆိုပြီး တမြေ့မြေ့ ဖြစ်နေတာပေါ့"

"ငါ့ကို နင် လာပြီးသတိပေးတုန်းက ဒီလောက်ကြောက်စရာ ကောင်းလိမ့်မယ် မထင်ဘူး၊ အခုလို သတင်းတွေ ကြားမှပဲ နင့်ကို ကျေးဇူးတင်နေမိတယ်၊

ဆေးဆရာကြီး ဦးဗန်ကောင်းနဲ့သာ ကြိုပြီး အကာအကွယ် လုပ်မထားရင် ငါလည်း အဲဒီလိုအဖြစ်မျိုးနဲ့ ကြုံရမလား မသိဘူးနော်"

"ငါတို့ ရင်မောင်နဲ့ တွေ့ပြီးပါပြီ၊ သူပြောပြလို့လည်း အကြောင်းစုံ သိကြရပြီ၊ ရွာသားတွေက ပထမတော့ မြွေဆရာ သံပချိုင် လက်ချက် လို့ ထင်နေကြတာ၊ အခုမှပဲ ဒီဆရာလက်ချက်မှန်း သိရပေတော့တယ်"

"သူက ဘယ်လိုနည်းနဲ့ လုပ်တာလဲဟင်"





"သူ သဘောကျတဲ့ မိန်းကလေးကို လိပ်ပြာချုပ် အိပ်မွေ့ချပြီး သူနေတဲ့ဆီ ခေါ်သွားတယ်၊ ဒါမှမဟုတ် သူ့ဆီမှာ လာပြီး အကူအညီ တောင်းတဲ့ ကာလသားတွေ လိုချင်တဲ့ ကောင်မလေးတွေကို လိပ်ပြာ ချုပ် အိမ်မွေ့ချပြီး ခေါ်ပေးတယ်"

"အဲဒါ ဘယ်လိုခေါ်တာလဲဟင်"

"သူက မိန်းကလေးတစ်ယောက်ကို ခေါ်ယူတော့မယ်ဆိုရင် အဲဒီမိန်းကလေး ရှိတဲ့အိမ်ကို အစီအရင် လုပ်ထားတဲ့ လိပ်ပြာနက်ကြီး တစ်ကောင် လွှတ်လိုက်တယ်"

"အဲဒီလိပ်ပြာကြီးကို ငါတွေ့ဖူးတယ်"

"လိပ်ပြာနက်ကြီး ရောက်လာတဲ့အခါ သူ့ကိုယ်က ထွက်တဲ့ အငွေ့တွေကို ရှူမိတဲ့ အိမ်သူအိမ်သားတွေဟာ အိပ်မွေ့ချသလို ဖြစ်ပြီး အိပ်ပျော်သွားကြတယ်၊ အဲဒီတော့မှ ခေါ်ချင်တဲ့ မိန်းကလေးရဲ့လိပ်ပြာ ကို ချုပ်ပြီး ခေါ်သွားတာ၊ ဟိုရောက်တော့မှ သူ့ဆီမှာ သုံးလေးရက် ထားပြီး သက်ဆိုင်ရာ ယောကျ်ားလေး ရှိရင်လည်း အဲဒီယောကျ်ားလေး အိမ်ကို ပို့ပေးလိုက်တယ်၊ မရှိရင်လည်း အိမ်ကို ပြန်ပို့ပေးလိုက်တယ်"

"ယုတ်မာလိုက်တာ"

"မိန်းကလေးတွေဟာ သူတို့ ဘာဖြစ်လို့ ဘယ်လိုဖြစ်ခဲ့တယ် ဆိုတာ လုံးလုံးမမှတ်မိကြဘူး၊ ယောကျ်ားလေးတွေအိမ် ရောက်သွားတဲ့ မိန်းကလေးတွေလည်း အခု ရင်မောင်နဲ့ရင်မေတို့ ဖြစ်သလို ဖြစ်ကြရ တာပေါ့"

"ကာယကံရှင် ယောကျ်ားလေးတွေက သူတို့နဲ့ ပတ်သက်တဲ့ မိန်းကလေးတွေ ဒီလိုဖြစ်တာကို ဘာကြောင့် ငြိမ်ခံနေကြရတာလဲ"

"ဘယ်ပြောဝံ့မှာလဲ. . . ပြောလိုက်ရင် ဒီလိုဖြစ်ရတဲ့ တရားခံ တွေထဲမှာ သူတို့လည်း ပါနေတာကိုး၊ ပြောလိုက်တော့မှ ပိုဆိုးမှာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



စိုး၊ ရှက်လည်းရှက်တာကြောင့် ဒီလိုပဲ အောင့်အည်းကြိတ်မှိတ်ပြီး နေကြရတာပေါ့"

ဟု ပြောပြလိုက်သည်။

"ငါလည်း ကံကောင်းလို့ အဲဒီလိုအဖြစ်မျိုးနဲ့ မကြုံခဲ့ရတယ်၊ တကယ်လို့ ငါသာ ဒီလိုအဖြစ်မျိုးနဲ့ ကြုံရရင် ဘယ်လိုနေမလဲ မသိဘူး နော်"

"မဖြစ်နိုင်တာ အကောင်းဆုံးပေါ့ မြဝင်းသူရယ်၊ အခုတော့ ဆရာကြီး ဦးဇန်ကောင်းနဲ့ တိုင်ပင်ပြီး အဲဒီလူယုတ်မာကို လက်ပူးလက်ကြပ် ဖမ်းဖို့ ကြိုးစားနေကြတယ်"

"ကောင်းတယ်. . . နင်တို့ ဘာတွေလုပ်နေကြသလဲ၊ ငါလည်း အကူအညီပေးလို့ရရင် ပေးချင်တယ်"

နီမောင်က မြဝင်းသူကို မယုံကြည်သလို ကြည့်လိုက်သည်။

"နင် တကယ်ပြောတာလား မြဝင်းသူ"

"တကယ်ပြောတာပေါ့"

"ငါတို့လုပ်ရမယ့်အလုပ်မှာ ရုပ်ရည်ချောမောလှပတဲ့ မိန်းကလေးတစ်ယောက်ရဲ့အကူအညီ လိုနေတယ်၊ ဘယ်သူ့ကို အကူအညီတောင်းရမှန်း မသိလို့ ရှာနေကြတာ"

"အဲဒီလိုဆိုရင် တခြားမရှာနဲ့တော့. . . ငါကူညီပေးမယ်၊ ကံဆိုးခဲ့ရတဲ့ မိန်းကလေးအတွက် ကလဲ့စားချေရမယ့်အလုပ်မျိုး လုပ်ရတာ ဂုဏ်ရှိပါတယ်"

"နင် တစ်ခုခုဖြစ်သွားမှာ စိုးရိမ်လို့ပါ"

"ဟင်. . . နင်က ငါ့အတွက် စိုးရိမ်နေတယ် ဟုတ်လား"

နီမောင် ခေါင်းညိတ်ပြသည်။

"စိုးရိမ်တာပေါ့"





"ဘာဖြစ်လို့ စိုးရိမ်ရတာလဲ ပြောပါဦး"

"အဲဒါတော့ သေသေချာချာ မသိဘူး၊ တစ်ခုခုဖြစ်မှာတော့ စိုးရိမ်နေတာ အမှန်ပဲ"

"ငါမေးပါရစေဦး. . . နင်တို့ယောကျ်ားလေးတွေက မိန်းကလေးတွေကို အပျိုစင်ဘဝနဲ့ပဲ လိုချင်ကြတာလား၊ ရင်မေတို့လို ဘာမှမသိဘဲ တစ်ခုခုဖြစ်သွားခဲ့ရင်ကော ခွင့်မလွှတ်ကြတော့ဘူးလား"

"တခြားလူတွေတော့ မသိဘူး၊ ငါကတော့ အဲဒီလိုမျိုး မဟုတ်ပါဘူး၊ ဖြူစင်တဲ့ ချစ်ခြင်းမေတ္တာဆိုတာ အရှုံးအမြတ် တွက်တာမျိုး မရှိပါဘူး"

သူ့စကားကြောင့် မြဝင်းသူက ပြုံးနေလေသည်။

"နင်က ရိုးတယ်ဆိုပေမယ့် ဒီစကားမျိုးတော့ ချက်ကျလက်ကျ ပြောတတ်သားပဲ"

"တမင်ပြောနေတာ မဟုတ်ပါဘူး၊ ငါ့ရင်ထဲမှာ ရှိတာကိုပဲ ပြောတာပေါ့"

"ကဲ. . . တော်ပါတော့၊ ငါပြောသလို နင်တို့ လုပ်မယ့်အလုပ်မှာ ငါ ဝင်ပြီးအကူအညီပေးလို့ရမလား"

"ဦးလေးနဲ့အဒေါ်တို့က စိတ်ပူနေကြလိမ့်မယ်. . . သူတို့က သဘောတူပါ့မလား"

"အဖေနဲ့အမေတို့ကို သဘောပေါက်အောင် ပြောရင် ရပါတယ်၊ သူတို့က ဆရာကြီးဦးဇန်ကောင်းဆိုရင် ယုံကြည်ကြပါတယ်"

"ဒီလို နင်လုပ်ပေးမယ်ဆိုရင်တော့ ဝမ်းသာစရာပေါ့၊ ဒါဖြင့်ရင်တော့ ငါ ဆရာကြီး ဦးဇန်ကောင်းကို ပြောပြလိုက်မယ်"

ဟု ပြောပြီး နေရာမှ ထရပ်လေသည်။

"ပြန်တော့မလို့လား. . . တကယ်လို့ ငါ တစ်ခုခုဖြစ်သွားရင်



www.burmeseclassic.com

www.burmeseclassic.com

ဘယ်လိုလုပ်မလဲ"

ဟု မြဝင်းသူက ပြုံးစေ့စေ့ဖြင့် မေးသည်။ ထိုအခါ နီမောင်က သူမမျက်နှာကို စေ့စေ့ စိုက်ကြည့်လိုက်ပြီးမှ. . .

"နင် တစ်ခုခုဖြစ်သွားခဲ့ရင် နင်ကသာ လက်ခံမယ်ဆိုရင် ငါ နင့်ကို တစ်သက်လုံး စောင့်ရှောက်သွားဖို့ တာဝန်ယူပါတယ်၊ အဲဒါ ငါ့ရင်ထဲမှာ ရှိနေတဲ့ ကတိစကားပါ"

ဟု ပြောလိုက်သည်။

"တကယ်ရော ယုံရမှာလား၊ သူများက လမ်းဖွင့်ပေးတော့မှ မလွှဲသာလို့ ပြောရတဲ့စကားလား"

"မဟုတ်ပါဘူး. . . ငါ နင့်အပေါ်မှာ တကယ်ချစ်နေတာပါ။ ဒါပေမယ့် ငါ့ဘဝအခြေအနေက မပြည့်စုံသေးတော့. . ."

"တော်ပါ. . . အဲဒါတွေက လိုလို့လား၊ ငါကကော ပကာသန မက်မောတဲ့သူမျိုးမှ မဟုတ်တာ"

"ဒါဖြင့် ငါ့မေတ္တာကို လက်ခံပေးမှာပေါ့နော်"

"အခုမှ အဖြစ်သည်းမနေပါနဲ့၊ သူများက လမ်းဖွင့်ပေးတော့မှ ပြောတာများ"

"အရင်ကတည်းက ပြောချင်နေတာပါ၊ အခုလို သိရတော့လည်း ပျော်စရာကောင်းလိုက်တာ၊ ဟိုတလောက နင့်အိမ်ကို လိပ်ပြာ နက်ကြီး ရောက်လာတယ်ဆိုတုန်းက ငါ ဘယ်လောက်စိတ်ပူရတယ် ဆိုတာ သိရဲ့လား"

"မပြောဘဲနဲ့ ဘယ်လိုသိမှာလဲ"

"တကယ်ပြောတာပါ. . . အခုလဲ နင် မှဲ့တစ်ပေါက် မစွန်းရ အောင် ငါစောင့်ရှောက်ပေးမှာပါ၊ နင် ဘာမှမဖြစ်စေရပါဘူး"

"ကိုယ်ပန်မယ်လို့ ရည်စူးထားတဲ့ပန်းကို မညှိုးနွမ်းရအောင်





စောင့်ရှောက်ပေးရမှာ ပန်မယ့်သူတာဝန်ပဲ မဟုတ်လား"

"ဟုတ်ပါတယ်ဗျာ. . . ဟုတ်ပါတယ်"

ဟု ပြောကာ မြဝင်းသူ လက်ကလေးတစ်ဖက်ကို ဆွဲယူပြီး နမ်းကာ ခြံဝန်းထဲမှ ပြန်ထွက်လာခဲ့လေသည်။

ယခုတော့လည်း သူ့ရင်ထဲမှာ မျှော်လင့်ချက်တွေ ပြည့်ဝခဲ့ရပြီမို့ ပျော်ရွှင်နေလေပြီ။

ဤသို့ဖြင့် နောက်ထပ်သုံးရက်ခန့်ကြာသောအခါ သူသတ်ကုန်းနှင့် မနီးမဝေးမှာ ရှိသော ဦးသူတော်နေအိမ်သို့ မြဝင်းသူနှင့် အဖော်မိန်းကလေးတစ်ယောက်တို့ ရောက်လာလေသည်။

မြဝင်းသူကို မြင်သောအခါ တပည့်နှစ်ယောက်ဖြစ်သော မောင်တုတ်နှင့် မဲကြီးတို့က မေးသည်။

"ဘာကိစ္စရှိလို့လဲ"

"ဆရာကြီးနဲ့ တွေ့ချင်လို့ပါရှင်"

"ဆရာကြီး အဓိဋ္ဌာန် ဝင်နေတယ်၊ ခဏတော့ စောင့်ရမယ်"

"စောင့်ဆိုလည်း စောင့်ပါ့မယ်ရှင်၊ ဆရာကြီးနဲ့ တွေ့မှာမို့ပါ"

"မင်းက ဘယ်ရွာကလဲ"

"တောင်ညိုရွာကပါပဲ"

ထိုသို့ပြောဆိုနေစဉ် နောက်ဘက်အခန်းထဲမှ ဦးသူတော် ထွက်လာသည်။ သူသည် လက်ထဲမှာ ပုတီးတစ်ကုံးကို ကိုင်ထားပြီး အဓိဋ္ဌာန်ဝင်ရာမှ ထွက်လာခဲ့ဟန်ရှိသည်။

"ဘာကိစ္စရှိလို့လဲ မိန်းကလေး"

"ဆရာကြီးဆီမှာ အကူအညီတောင်းချင်လို့ပါရှင်"

"ဘာဖြစ်နေလို့လဲ. . . ပြောပါဦး"

"ကျွန်မ ဟိုတလောတုန်းက အနှောင့်အယှက်တစ်ခုနဲ့ ကြုံရ


www.burmeseclassic.com

www.burmeseclassic.com

ပါတယ်၊ အဲဒါ အဖေတို့က ရွာထဲက ဆေးဆရာနဲ့ ပြတော့ သူက လက်ဖွဲ့ကြိုးတစ်ချောင်း လည်ပင်းမှာ ဆွဲထားပေးပါတယ်”

ထိုစကားကြားတော့ ဦးသူတော်က စိတ်ဝင်စားသွားဟန် ရှိသည်။

“မင်းလည်ပင်းမှာ ဆွဲထားတာ ပြပါဦး”

ဟု အနီးကပ် ကြည့်ပြီးမှ ထိုလက်ဖွဲ့ကို လက်ဖြင့် မထိဝံ့ဘဲ နောက်ပြန်ဆုတ်သွားသည်။

“ဒီလက်ဖွဲ့က အန္တရာယ် ရှိတယ်ကွယ့်၊ မင်းကို အနှောင်အဖွဲ့ လုပ်ထားတာပဲ၊ ဒီတော့ ဖြုတ်ပစ်လိုက်တာ အကောင်းဆုံးပဲ”

“ကျွန်မ မဖြုတ်ဝံ့လို့ ဆရာကြီးကို လာဖြုတ်ခိုင်းတာပါရှင်”

“ဆရာတစ်ယောက်က လုပ်ပေးထားတာကို နောက်ဆရာတစ်ယောက်က မဖြုတ်ရဘူး၊ ကာယကံရှင်က မနှစ်သက်ရင်တော့ ဖြုတ်ပစ်နိုင်ပါတယ်၊

ကဲ. . ကဲ. . ဆရာ့ရှေ့မှာတင် ဖြုတ်ပါ၊ ဘာအန္တရာယ်မှ မရှိစေရပါဘူး”

ဟု မြဝင်းသူက ဦးဇန်ကောင်း ဆွဲပေးထားသော လည်ပင်းမှ လက်ဖွဲ့ကြိုးကလေးကို ဖြုတ်ပစ်လိုက်သည်။ ဦးသူတော်ကတော့ သဘောကျသောအမူအယာဖြင့် ပြုံးနေလေသည်။

“ဒါထက် ဟိုတလောက ဘယ်လို အနှောင့်အယှက်မျိုးတွေနဲ့ ကြုံခဲ့ရသလဲ ပြောပါဦး”

“ကျွန်မ အိပ်ပျော်နေတုန်း လိပ်ပြာနက်ကြီးတစ်ကောင်ရောက်လာတယ်၊ ဘာကြောင့်လဲ မသိပါဘူး၊ အဲဒီလိပ်ပြာနက်ကြီးက ကျွန်မ အနားကို မကပ်နိုင်ဘူး၊ အဲဒါ ဘာဖြစ်တာလဲ ဆရာကြီး”

“မင်းက လိပ်ပြာလှတော့ သူတော်ကောင်းတွေက အကူအညီ





ပေးဖို့ ရောက်လာတာပဲ၊ ဒါပေမယ့် ဟိုဆရာလုပ်ပေးထားတဲ့ အစီအရင်ကြောင့် အနားမကပ်နိုင်တာပဲ ဖြစ်မှာပေါ့၊ အခုလို အနှောင့်အယှက်တွေကို ဖယ်ပစ်လိုက်တော့ မကြာခင် ပြန်ရောက်လာရင်လည်း ရောက်လာဦးမှာပေါ့”

“ကျေးဇူးတင်လိုက်တာ ဆရာကြီးရယ်၊ ကျွန်မလည်း စိတ်ထဲမှာ စနိုးစနောင့် ဖြစ်နေတာ အခုမှပဲ ရှင်းသွားပေတော့တယ်”

“စိတ်မပူပါနဲ့ကွယ်. . . ဆရာကြီးဆီ ရောက်မှတော့ ဘယ်လို အန္တရာယ် အနှောင့်အယှက်တွေမှ မကပ်ရောက်နိုင်တော့ပါဘူး၊ တစ်ခုတော့ မှာလိုက်ပါရစေ”

“ဘာများလဲ ဆရာကြီး”

“ဟိုဆရာ ဆွဲပေးထားတဲ့လက်ဖွဲ့ကို လမ်းရောက်တာနဲ့ မြေကျင်းနက်နက် တူးပြီးတော့သာ မြှုပ်ထားခဲ့ပေတော့. . . ကြားလား”

“စိတ်ချပါ ဆရာကြီး”

ထို့နောက် မြဝင်းသူတို့နှစ်ယောက်လည်း ဦးသူတော်ကို နှုတ်ဆက်ပြီး ပြန်ထွက်လာကြသည်။

သူတို့ ထွက်လာသော ဦးသူတော်၏တပည့်နှစ်ယောက် စားမတတ် ဝါးမတတ် စူးစူးဝါးဝါး ကြည့်နေကြသည်။

သူတို့နှစ်ယောက် ပြန်သွားတော့မှ တပည့်နှစ်ယောက်က ဦးသူတော်အနား ရောက်လာပြီး ဝမ်းသာအားရ အမူအယာဖြင့် မေးကြသည်။

“မြဝင်းသူ ဆိုတဲ့ကောင်မလေးက အရင်တလောက ဆရာကြီး အစီအရင်လုပ်တာ မအောင်မြင်တဲ့ ကောင်မလေး မဟုတ်လား”

ဦးသူတော်က ခေါင်းညိတ်ပြသည်။

“အခုတော့လည်း ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာပါလား၊


www.burmeseclassic.com

ဆရာကြီးတော့ ဟန်ကျဦးတော့မှာပဲ"

"ကောင်မလေးက အတော်လေး လှတယ်၊ ဒီတစ်ခါတော့ ဆရာကြီး ပန်တော်ကျလေးဘာလေး ကျွန်တော်တို့ကို စွန့်ပေးပါဦး"

"ငါ ကြည့်ပြီးစီစဉ်ပေးပါ့မယ်၊ ဒါပေမယ့် ဒီကိစ္စမျိုးဆိုတာ အလောတကြီး စီစဉ်လို့မရဘူးကွ၊ မတော်လို့ အတိမ်းအစောင်း ဖြစ်သွားတာနဲ့ အရင်က ကိစ္စတွေပါ ပေါ်ပြီး ဒုက္ခများသွားမှာလည်း စိုးရိမ်ရသေးတယ်"

"ဆရာကြီးရဲ့ပညာကို ကျွန်တော်တို့က ယုံကြည်ပြီးသားပါ၊ ဒီလိုပညာမျိုးကိုလည်း ဒီနယ်တစ်ဝိုက်မှာ ရှိတဲ့ဆရာတွေ ဘယ်သူမှ မတတ်နိုင်ကြဘူး၊ ဒါကြောင့် ဘယ်သူမှလည်း ရိပ်မိကြမယ် မထင်ပါဘူး"

"ဒါတော့ ဒါပေါ့ကွာ. . . ဒါပေမယ့် မိန်းကလေးတစ်ယောက်ကို အိပ်မွေ့ချပြီး ခေါ်တယ်ဆိုတာ ဒီအတိုင်း ခေါ်ရတာ စိတ်မချဘူး၊ ကြားထဲက တစ်ယောက်ခံပေးမှ ပိုကောင်းတယ်"

"ဘယ်လို ကြားထဲက ခံပေးရတာလဲ ဆရာကြီး"

"သူ့ကို ခိုးမယ့်ကောင်လေးတစ်ယောက် ရှိနေရင် ပိုပြီး အဆင်ပြေတယ်၊ ဒါမှ မတော်တဆ တစ်ယောက်ယောက်နဲ့ တွေ့သွားရင် သူတို့ချင်း ရှင်းကြရုံပဲ၊ ကိုယ်ပါစရာ မလိုတော့ဘူး မဟုတ်လားကွ"

"မှန်ပါတယ် ဆရာကြီး၊ ဆရာကြီးက ပညာတော်သလောက် အကြံအစည်လည်း ကောင်းပါပေတယ်"

ဟု မြှောက်ပင့်ပြောဆိုလိုက်ရာ ဦးသူတော်လည်း သဘော အကျကြီး ကျသွားလေတော့သည်။





## အခန်း(၁၃)

# တစ်ကျော့ပြန်လာသော မီးစွာကျော့ကွင်း

နောက်တစ်နေ့တွင် ဦးသူတော် မျှော်လင့်နေသလို. . . ကြားမှ မားစာခံပေးမည့်သူတစ်ယောက် ရောက်လာလေတော့သည်။

အခြားသူတော့ မဟုတ်ပေ။

တောင်ညိုရွာမှ နီမောင်ပင်ဖြစ်သည်။

"ဘာကိစ္စရှိလို့လဲကွယ့်"

"ဆရာကြီးဆီက အကူအညီတောင်းချင်လို့ လာတာပါ"

"ဘယ်လိုအကူအညီမျိုးလဲ"

"တခြားတော့ မဟုတ်ပါဘူး၊ ကျွန်တော် ကြိုက်နေတဲ့ကောင်မ



www.burmeseclassic.com

www.burmeseclassic.com



လေးက မာနကြီးတယ် ဆရာကြီး၊ သူ့ကို ဒီအတိုင်း ပိုးပန်းနေရင်တော့ ဒီတစ်သက် နီးစပ်မှာ မဟုတ်တော့ပါဘူး၊ ဒါကြောင့် ကျွန်တော်တို့နှစ်ယောက် နီးစပ်အောင် ဆရာကြီး လုပ်ပေးပါ"

"ဒီလိုကိစ္စမျိုးက စီရင်ရတာ မလွယ်လှဘူးကွယ့်"

"လုပ်ပေးပါ ဆရာကြီးရယ်၊ ဒီလိုသာ လုပ်ပေးရင် ကျွန်တော် စုဆောင်းထားတဲ့ ငွေငါးရာနဲ့ ကန်တော့ပါ့မယ်"

ငွေငါးရာဆိုတော့ ဦးသူတော်က စိတ်ဝင်စားသွားသည်။ စပါးဆယ်တင်းမှ ငွေတစ်ရာကျော်သာ ရှိသဖြင့် ငွေငါးရာဆိုသည်မှာ မနည်းလှပေ။

"ဒါထက် မင်းကောင်မလေးနာမည်က ဘယ်သူတဲ့လဲ"

"တောင်ညိုရွာက မြဝင်းသူပါ"

ထိုနာမည်ကြားတော့ ပိုပြီးစိတ်ဝင်စားသွားလေသည်။ အဆင်ပြေချင်တော့လည်း ရေကန်အသင့် ကြာအသင့်ပါလားဟု တွေးလိုက်မိသည်။

"ဒီလိုအစီအစဉ်မျိုးဆိုတာ အထက်ဆိုင်ရာပိုင်ရာတွေဆီမှာ ခွင့်တောင်းပြီး လုပ်ရတာဆိုတော့ မလွယ်လှဘူး၊ ဒါပေမယ့် ဆရာဆိုတာက ကိုယ့်ဆီမှာ လာပြီးအကူအညီတောင်းရင် တတ်နိုင်သမျှ ဆောင်ရွက်ပေးရမှာဆိုတော့ မင်းကိစ္စကို ငါဆောင်ရွက်ပေးပါ့မယ်"

"ဝမ်းသာလိုက်တာ ဆရာကြီးရယ်၊ ကျေးဇူးလည်း တင်ပါတယ်"

"အေး. . . ဒါပေမယ့် တစ်ခုတော့ရှိတယ် ဒီလိုအစီအရင်မျိုးဆိုတာ အနှောင့်အယှက် အန္တရာယ်တွေလည်း များတယ်၊ ဘယ်သူမှ မသိဖို့တော့ အရေးကြီးတယ်နော်"

"စိတ်ချပါ ဆရာကြီး. . . မသိစေရပါဘူး"





"ကောင်းပြီ. . . ဒီလိုဆိုရင် ညကျရင် မင်းရုပ်ဖျက်ပြီးတော့ တစ်ယောက်တည်း လာခဲ့ပေတော့"

"ဟုတ်ကဲ့. . . ဟုတ်ကဲ့"

"ဟေ့. . . မင်းလာရင် ငွေကို တပါတည်း ယူလာခဲ့ဖို့ မမေ့နဲ့ဦးနော်"

"ယူခဲ့ပါမယ် ဆရာကြီး"

ဟု ပြောဆိုကာ ပြန်သွားလေသည်။

ညဦးပိုင်းအချိန်ရောက်တော့ ပြန်ရောက်လာသည်။ နီမောင်က သူယူလာသော ငွေငါးရာကို ဦးသူတော်လက်ထဲသို့ ထည့်ပေးလိုက်သည်။

"ကောင်းပြီ. . . မင်း ကောင်မလေးအိမ်နားက သွားစောင့်နေပေတော့၊ သူထွက်လာရင် ဒီကို ခေါ်လာခဲ့၊ အရေးကြီးတာက လမ်းမှာ သူ့ကို စကားလည်း မပြောနဲ့၊ သူ့အသားကိုလည်း မထိမိစေနဲ့နော်"

"ဟုတ်ကဲ့. . . ဟုတ်ကဲ့"

"ဘာကြောင့်လဲဆိုတော့ သူ့ကို ထိလိုက် စကားပြောလိုက်တာနဲ့ အိပ်မွေ့ချထားတာ ပြယ်ပြီး သူ့အိမ်ကို ပြန်ပြေးသွားလိမ့်မယ်"

"မထိပါဘူး ဆရာကြီး"

"ကဲ. . . ဒါဖြင့် သွားပေတော့"

နီမောင်လည်း ထွက်သွားလေတော့သည်။

ထိုအချိန်တွင် မြဝင်းသူတို့အိမ်မှာ မီးရောင်မရှိဘဲ မှောင်နေလေသည်။

ညဥ့်နက်ပိုင်းအချိန်ရောက်သောအခါ သူတို့အိမ်ထဲသို့ လိပ်ပြာနက်ကြီးတစ်ကောင် ဝင်လာလေသည်။

ထိုလိပ်ပြာနက်ကြီး ဝင်လာသည်ကို မြဝင်းသူရော သူ့မိဘများ



www.burmeseclassic.com

www.burmeseclassic.com



ကပါ မြင်နေရသည်။

လိပ်ပြာနက်ကြီးက တစ်အိမ်လုံး လှည့်ပတ်ပျံနေရာမှာ သူ့ကိုယ်မှ ထွက်နေသော အခိုးအငွေ့များက ပျံ့နှံ့နေတော့သည်။

ထိုအခိုးအငွေ့များကို ရှူမိသည်နှင့် အိပ်မွေ့ချသကဲ့သို့ အိပ်ပျော်သွားရမည်ဖြစ်သော်လည်း သူတို့သုံးယောက်ကတော့ ဘာမှမထူးခြားပေ။

အဘယ့်ကြောင့်ဆိုသော် . . .

ဦးဗန်ကောင်းက ဆေးများ ကြိုတင်တိုက်ထားသောကြောင့် ဖြစ်သည်။

အတန်ကြာတော့ လိပ်ပြာနက်ကြီးက အပြင်သို့ ပျံထွက်သွားရာ မြဝင်းသူလည်း နောက်မှ ထလိုက်သွားလေတော့သည်။

အပြင်သို့ ရောက်သောအခါ အဆင်သင့် စောင့်နေသော နီမောင်က သူမကို ခေါ်သွားလေသည်။

"မြဝင်းသူ . . . ဘာမှမစိုးရိမ်နဲ့နော်၊ ကြောက်လည်း မကြောက်နဲ့"

ဟု လေသံတိုးတိုးဖြင့် ပြောသည်။

မြဝင်းသူက ခေါင်းညိတ်ပြလေသည်။

ဦးသူတော်အိမ်သို့ ရောက်သောအခါ မြဝင်းသူက သတိမရဘဲ ကြောင်တောင်တောင် ဖြစ်နေသကဲ့သို့ ဟန်ဆောင်နေရသည်။

"ကောင်မလေး ပါလာပြီလား"

"ပါလာပြီ ဆရာကြီး"

"ဒါဖြင့် သူ့ကို ဒီမှာထားခဲ့ပြီး မင်းပြန်ပေတော့"

"ဗျာ . . . သူ့ကို ဒီမှာ ထားခဲ့ရမယ်၊ တစ်ခါတည်း ခေါ်သွားလို့ မရဘူးလား ဆရာကြီး"





"မရဘူး . . . သူ့လိပ်ပြာက အပြင်ရောက်နေတယ်၊ လိပ်ပြာပြန်သွင်းပြီးမှ ခေါ်လို့ရမယ်"

"ဘယ်နှစ်ရက်လောက် ဒီမှာ ထားရမှာလဲဟင်"

"သုံးလေးရက် အများဆုံးပါပဲ"

နီမောင်က စိတ်ပျက်လက်ပျက်အမူအယာဖြင့် နေရာမှ ထရပ်လိုက်သည်။

"တစ်ခုတော့ ရှိတယ်နော်၊ မင်း ဒီအကြောင်းတွေကို ဘယ်သူမှ မသိဖို့တော့ အရေးကြီးတယ်နော်၊ ဘာကြောင့်လဲဆိုတော့ ကောင်မလေးကို မင်းခေါ်လာတာဆိုတော့ ပြဿနာ ပေါ်လာရင် မင်းအပေါ်မှာပဲ အပြစ်ကျမှာဆိုတာလည်း မမေ့နဲ့ဦး"

ဟု မှာလိုက်လေသည်။

နီမောင်လည်း ဘာမှ မတတ်နိုင်တော့ဘဲ အိမ်ထဲမှ ပြန်ထွက်သွားရလေတော့သည်။

ထိုအခါ တပည့်နှစ်ယောက်က တံခါးပိတ်လိုက်ပြီး အပြင်ဘက်မှ စောင့်နေကြလေသည်။

အိမ်ထဲမှာတော့ ဦးသူတော်နှင့် မြဝင်းသူတို့နှစ်ယောက်သာ ကျန်ခဲ့တော့သည်။

ဦးသူတော်က မြဝင်းသူလက်ကို ဆွဲပြီး အခန်းထဲ ခေါ်သွားလေသည်။

"မင်းက လှလည်းလှ၊ မာနလည်း အတော်ကြီးတဲ့ မိန်းကလေးပဲကိုး၊ အရင်တစ်ခါ ကြံစည်တုန်းက ဟိုဆရာရဲ့လက်ဖွဲ့ကြိုးက ကာကွယ်ထားလို့ မအောင်မြင်ခဲ့ဘူး၊ ဒီတစ်ခါမှပဲ ရတော့တယ်"

ဟု ပြောပြီး မြဝင်းသူကို မွေ့ဖက်လိုက်သည်။

ထိုသို့ဖက်လိုက်သည်နှင့် မြဝင်းသူ လက်နှစ်ဖက်က လှုပ်ရှား



www.burmeseclassic.com

www.burmeseclassic.com



လာပြီး ဦးသူတော်၏ပါးနှစ်ဖက်ကို ရိုက်ချလိုက်သည်။

"ဖြန်း. . . ဖြန်း"

မမျှော်လင့်သောအခြေအနေကြောင့် ဦးသူတော်မှာ နောက်သို့ ခြေတစ်လှမ်း ဆုတ်သွားသည်။

"လူယုတ်မာ. . . သူတော်ကောင်းအယောင်ဆောင်ထားတဲ့ ကြောင်ဖားကြီး၊ နင် ဒီလို ယုတ်မာတဲ့အကြံအစည်တွေနဲ့ အပြစ်မရှိတဲ့ မိန်းကလေးတွေကို ဖျက်ဆီးခဲ့တာ ဘယ်လောက်များပြီလဲ၊

ဒီတစ်ခါတော့ နင့်ရဲ့ယုတ်မာမှုတွေ အဆုံးသတ်ဖို့သာ ပြင်ပေတော့"

ဟု မီးဝင်းဝင်းတောက်နေသော မျက်လုံးဖြင့် ကြည့်ကာ ပြောလိုက်သည်။

"နင်က ငါ့အိပ်မွေ့ချ ခေါ်တာကို ဘာမှမဖြစ်ဘဲနဲ့ တမင် လိုက်လာခဲ့တာပေါ့ ဟုတ်လား"

"ဟုတ်တယ်. . . နင့်ရဲ့အောက်လမ်းဆေးပညာတွေနဲ့ ငါတို့ကို ဘာမှလုပ်လို့မရဘူး"

"ဒါပေမယ့် နင်တစ်ယောက်ထဲ ဒီရောက်နေတာ ဘာများ တတ်နိုင်မှာလဲ၊ ငါလက်ခုပ်ထဲကရေ ဖြစ်နေတာကိုရော သိရဲ့လား"

"ဒါက နင်ထင်နေတာကိုး၊ နင့်ရဲ့ယုတ်မာမှုတွေကို ကလဲ့စားချေမယ့်သူတွေ အပြင်မှာ ရောက်နေကြပြီလေ"

"ဟင်. . ."

ထိုစကားကြောင့် ဦးသူတော်မှာ အကြီးအကျယ် မျက်လုံးပြူးသွားလေသည်။

ထိုအခိုက်မှာပင် အမှောင်ထဲမှ လူတစ်ယောက် ထွက်လာသည်။





စောစောက ပြန်သွားသော နီမောင်ပင်ဖြစ်သည်။

သူပြန်လာတာ မြင်တော့ မောင်တုတ်နှင့်မဲကြီးက ဒေါသဖြစ်သွားကြသည်။

"မင်း ဘာကြောင့် ပြန်လာတာလဲ"

ထိုသို့မေးနေစဉ် နောက်မှ လူနှစ်ယောက် ထွက်လာလေသည်။

စောထီးနှင့်ငမဲအောင်ဖြစ်ပြီး သူတို့လက်ထဲမှာလည်း ဓားလှံများ ကိုင်ထားကြသည်။

သုံးယောက်သား အတင်းဝင်လာသော မောင်တုတ်နှင့် မဲကြီးတို့က တားဆီးရန် ကြိုးစားကြသေးသည်။

သုံးယောက်သား တက်ညီလက်ညီနှင့် တိုက်ခိုက်ရာ ဒဏ်ရာများဖြင့် လဲကျသွားလေတော့သည်။

ထိုနှစ်ယောက်ကို နောက်မှ ဝင်လာသောလူများက ကြိုးဖြင့် တုပ်ကာ ဖမ်းဆီးလိုက်ကြသည်။

အပြင်ဘက်မှ အခြေအနေကို ရိပ်မိသော ဦးသူတော်မှာ နောက်ဖက်အပေါက်မှ ခုန်ချလေသည်။

ထိုအခါ အောက်မှာ စောင့်နေသည့် ရင်မောင်က လှံဖြင့် ဆီးထိုးလိုက်သည်။

"ငါ့ချစ်သူကို ဖျက်ဆီးခဲ့တဲ့ လူယုတ်မာ. . . သေပေတော့"

သို့သော် အရှောင်မြန်သောကြောင့် ဘေးသို့ ရှပ်ထိသွားသောကြောင့် ထိုနေရာမှ ထွက်ပြေးသွားသည်။

သို့သော် ဝေးဝေးမပြေးနိုင်ပေ။

ချုံကွယ်တစ်ခု ရောက်သောအခါ ခလုတ်တိုက်မိပြီး လဲကျသွားလေသည်။

ပြန်ထတော့ မြွေတစ်ကောင်ကို လက်ထဲမှာ ကိုင်ထားသော



www.burmeseclassic.com

www.burmeseclassic.com



သံပချိုင်နှင့် ပက်ပင်းတိုးလေတော့သည်။

"မင်းက ဆရာတစ်ယောက်ဆိုတော့ မြွေဆိပ်လောက်တော့ နိုင်မှာပါ၊ ငါဖမ်းလာတဲ့မြွေက ထိမိတာနဲ့ ဆေးမမီလောက်အောင် အဆိပ်ပြင်းတယ်. . . စမ်းကြည့်ပါဦး"

ဟု ပြောပြီး ဦးသူတော်လည်ပင်းကို ပတ်ပေးလိုက်ရာ မြွေက လည်ပင်းကို ခဲလိုက်တော့သည်။

"အား. . ."

စူးစူးဝါးဝါး တစ်ချက်သာ အော်နိုင်ပြီး ပုံရက်သား လဲကျသွားလေတော့သည်။

နီမောင်အပါအဝင် ရွာသားများ ရောက်လာတော့ ဦးသူတော်မှာ အဆိပ်တက်ပြီး သေဆုံးနေလေပြီ။

"ဓားတွေ လှံတွေနဲ့ သတ်ရင် သက်ဆိုင်ရာတွေက စစ်လားဆေးလား လုပ်ကြဦးမယ်၊ အခုလို မြွေနဲ့ တိုက်သတ်တော့ မြွေကိုက်ခံရတယ်ဆိုပြီး ဘယ်သူကမှ မစစ်တော့ဘူး"

ထိုအခါ နီမောင်က ပြောလိုက်သည်။

"ကျွန်တော်တို့ရွာအပါအဝင် ဒီနယ်တစ်ဝိုက်မှာ မိန်းကလေးတွေ တစ်ယောက်ပြီးတစ်ယောက် ဒုက္ခရောက်နေတော့ အောက်လမ်းပညာတွေနဲ့ ဆရာသံပချိုင် ပြုစားနေတယ် ထင်ပြီး အထင်မှားနေကြတာ၊ အခုမှပဲ အဖြေပေါ်သွားတော့တယ်၊ ဆရာ့အပေါ်မှာ အထင်လွဲခဲ့မိတာတွေကို တောင်းပန်ပါတယ်ဗျာ"

"ရပါတယ်ကွာ. . . တောင်းပန်စရာ မလိုပါဘူး၊ ငါက မြွေတွေကို ဖမ်းပြီး ဒုက္ခပေးတာပါ၊ လူတွေကို ဒုက္ခမပေးတတ်ပါဘူး"

ဟု ရယ်ရယ်မောမော ပြောဆိုကာ ထိုနေရာမှ ထွက်သွားလေတော့သည်။





ထိုအခါ အရာအားလုံးလည်း ပြီးဆုံးသွားပြီဟု ဆိုနိုင်သော်လည်း မပြီးသေးသော ကိစ္စတစ်ချို့တော့ ကျန်နေသေးသည်။

ကိစ္စများ ပြီးသောအခါ ရင်မောင်က အိမ်ပြန်သွားပြီး ရင်မေကို ဝမ်းသာအားရ ပြောပြသည်။

"ရင်မေ. . . နင့်ကို ဖျက်ဆီးတဲ့လူယုတ်မာတွေတော့ သေကြပြီ၊ နင် ဝမ်းမသာဘူးလား"

"သူတို့သေတာတော့ ဝမ်းသာတာပေါ့၊ ဒါပေမယ့်. . ."

"ဒါပေမယ့် ဘာဖြစ်သလဲ"

"ငါ့ဗိုက်ထဲက ကလေးက ဘယ်လိုလုပ်မှာလဲ၊ ငါတော့ လူယုတ်မာရဲ့သွေးကို မလွယ်ထားချင်တော့ဘူး၊ ဖျက်ချပစ်လိုက်ရင် ကောင်းမယ် ထင်တယ်"

"မလုပ်ပါနဲ့ ရင်မေရယ်၊ အခုမှ လူ့ဘဝထဲ ရောက်လာတဲ့ကလေးမှာ ဘာအပြစ်မှ မရှိပါဘူး"

"ဒါပေမယ့် ဒီကလေးရှိနေရင် အရင်ကလို နင် ငါ့ကို မချစ်နိုင်တော့ဘူး မဟုတ်လား"

"မဟုတ်ပါဘူး ရင်မေရယ်"

"ဘာမဟုတ်ရမှာလဲ. . . မင်္ဂလာဆောင်ပြီးတာလဲ အတော်ကြာပြီ၊ ငါ့ကို အခုထိ လက်ဖျားနဲ့တောင် မထိသေးတာ စိတ်ထဲမှာ နှစ်နှစ်ကာကာ မရှိတော့လို့ မဟုတ်လား"

"မဟုတ်ပါဘူး ရင်မေရယ်၊ ငါ ဒီလိုနေတာ နင့်အတွက် စိတ်မကောင်းဖြစ်နေမိလို့ပါ၊ နင် အခုလိုအဖြစ်မျိုး ကြုံရတာ နင့်ကို ချစ်လွန်းလို့ မဆင်မခြင် လုပ်ခဲ့မိတဲ့ ငါ့ရဲ့အပြစ်လည်း ပါ,ပါတယ်၊ တကယ်တော့ နင့်မှာ ဘာအပြစ်မှ မရှိပါဘူး"

ရင်မောင်က ထိုသို့ပြောသောအခါ ရင်မေက မျက်ရည်အဝိုင်း



www.burmeseclassic.com

www.burmeseclassic.com



သားဖြင့် မော့ကြည့်နေသည်။

ရင်မောင်က သူမကိုယ်လေးကို ကြင်နာစွာ ထွေးဖက်ထားလိုက်သည်။

ထိုအခါမှ ရင်မေ ခမျာ တင်းထားသမျှ ဖြေလျှော့လိုက်သကဲ့သို့ဖြစ်ကာ ရင်မောင့်ရင်ခွင်မှာ မျက်နှာအပ်ပြီး ငိုလေတော့သည်။

"နင် ငါ့ကို ခွင့်လွှတ်ပေးနိုင်တယ်ဆိုတာ တကယ်ပြောတာလားဟင်"

"တကယ်ပြောတာပါ. . . နင့်အပေါ်မှာ ငါ ကြင်ကြင်နာနာနဲ့ တစ်သက်လုံး ရိုးမြေကျ ပေါင်းသင်းသွားပါမယ်လို့ ကတိပေးပါတယ်"

"ငါ ဝမ်းသာလိုက်တာ ရင်မောင်ရယ်၊ အခုမှပဲ ငါ့ရင်ထဲက အလုံးကြီး ကျသွားပြီး စိတ်အေးသွားရတော့တယ်"

ဟု ပြောကာ တစ်ယောက်နှင့်တစ်ယောက် တင်းတင်းဖက်ထားလိုက်ကြလေသည်။

သံသယမျှမှုန်များ ကင်းစင်သွားပြီဖြစ်သော သူတို့နှစ်ယောက်၏ဘဝခရီးလမ်းမှာ သာယာချမ်းမြေ့မှုများနှင့် လှပနေခဲ့ပြီဖြစ်တော့သည်။







## အခန်း(၁၄)

# သူသတ်ကုန်းမှ သိင်္ဂါရအလှ

သူသတ်ကုန်း. . .

ထိုအမည်ကတော့. . . နာမည်ကြားရရုံနှင့်ပင် ကြောက်စရာကောင်းလှသည်။ သူသတ်ကုန်းပဲခေါ်ခေါ်၊ လူသတ်ကုန်းလို့ပဲခေါ်ခေါ်၊ ဒါမှမဟုတ် အပြစ်ရှိသူတို့ကို သတ်ဖြတ်ရန် ကားစင်တင်ထားသော ကားစင်ကုန်းဟုပဲခေါ်ခေါ် ထိုအမည်မျိုးကတော့ မနှစ်မြို့စရာအမည်တစ်ခုပင် ဖြစ်ပေသည်။

ယခင်ကတော့ သောင်းကျန်းသူများက အပြစ်မရှိသော ရွာသူရွာသားများကို ထိုကုန်းပေါ် ခေါ်လာပြီး ရက်ရက်စက်စက် သတ်ဖြတ်ခဲ့သောကြောင့် နာမည်ကြီးခဲ့သည်။

နောက်ပိုင်းရောက်တော့ ထိုနေရာမှ သရဲခြောက်သည်ဟု

www.burmeseclassic.com

"သိပါပြီဗျာ. . . သိပါပြီ၊ အခုမှတော့ သိလည်း သိပါပြီ၊ ယုံလည်း ယုံကြည်ပါပြီ"

ဟု ပြောကာ ချစ်သူကိုယ်လေးကို ဖက်ထားလိုက်သည်။

မြဝင်းသူကလည်း မရုန်းဖယ်ချေ။

"နင်နဲ့တွေ့ဖို့ ချိန်းတာ တခြားကြောင့် မဟုတ်ပါဘူး၊ ငါတို့နှစ်ယောက် လက်ထပ်ဖို့ကိစ္စ တိုင်ပင်ဆွေးနွေးချင်လို့ပါ၊ ဒီနေရာကို ချိန်းရတာကတော့ ဒီအချိန်မျိုးဆိုရင် ဒီနေရာကို ဘယ်သူမှ မလာဝံ့ကြတော့ဘူး၊ ဒါကြောင့် ငါတို့နှစ်ယောက် လွတ်လွတ်လပ်လပ် တွေ့ကြရအောင်လို့ပါ"

"နီမောင်. . . နင်ဉာဏ်မများနဲ့နော်. . . ငါ. . ."

မြဝင်းသူခမျာ စကားမဆက်နိုင်တော့ပါချေ။ နီမောင်က တင်းတင်း ဖက်ပြီး ချစ်သူ့ပါးပြင်ကို နမ်းလိုက်သောကြောင့်ဖြစ်သည်။

ယခုတော့လည်း နာမည်ဆိုးများဖြင့် ကြောက်လန့်စရာကောင်းသော သူသတ်ကုန်းပေါ်မှာ ဆည်းဆာရောင်များဖြင့် တင့်တယ်နေသလို ချစ်သူတို့၏သိင်္ဂါရအလှများဖြင့် လှပနေချေတော့သည်။

ဤနေရာတွင် ကျွန်ုပ်ရေးသားသော(သူသတ်ကုန်း)အမည်ရှိ ဂမ္ဘီရဆန်းကြယ်ဝတ္ထုရှည်မှာလည်း နိဂုံးကမ္ပတ် အဆုံးသတ်ပြီ ဖြစ်ပေတော့သတည်း။

အနီယာဟောတု သုခိအတ္တာနံ ပရိဟရန္တု။

ရေးပြီးချိန်။ ။(၂၀၁၁)ခုနှစ်၊ အောက်တိုဘာ(၂၇)ရက်(ကြာသပတေးနေ့) နေ့လည်(၂)နာရီ(၃၀)။

www.burmeseclassic.com